# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**မကောင်းမှုကို ရှောင်ကြဉ်**

အဖော်နည်းသော များသောဥစ္စာရှိသော ကုန်သည်ကြီး သည် ဘေးအန္တရာယ်များသော ခရီးကိုရှောင်ကြဉ် သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လတ်တလော သေစေတတ်သော အဆိပ်ကိုရှောင်ကြဉ် သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါဠိ(ဓမ္မပဒ-၁၂၃)


၁၃၈၀ ပြည့်နှစ် နယုန်လဆန်း ၅ ရက်၊ စနေနေ့။ Saturday 19 May 2018 ၄၂၉၁


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပန်ကူးဟားမြို့ အခြေစိုက် မြန်မာ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်နှင့် နိုင်ငံတကာအဖွဲ့ အစည်းများမှ ကိုယ်စားလှယ်အဖွဲ့ အား သီးခြားစီ လက်ခံတွေ့ဆုံ


စာမျက်နှာ - ၃


## နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်းတို့ကို လွှတ်တော်ကအတည်ပြု


စာမျက်နှာ - ၅


## ဝေါအဆင့်မြင့်ဈေးသစ်ကြီးနှင့် ယာဉ်ရပ်နားစခန်း တည်ဆောက်ပြီးစီး ဆိုင်ခန်းပေါင်း ၃၉၀ နှင့် ယာဉ်အစီးရေ ၁၀၀ ခန့် ရပ်နားနိုင်သည့် ကားပါကင်ပါဝင်


စာမျက်နှာ - ၆




အကြိမ်(၇၀) ပြည့် တိပိဋကဓရ၊ တိပိဋက ကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်များအား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်းပွဲ ကျင်းပစဉ်။

# တိပိဋကဓရ၊ တိပိဋကကောဝိဒ စာမေးပွဲအောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ် ၈၈ ပါးတို့အား အောင်လက်မှတ်ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း

ရန်ကုန် မေ ၁၈

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပခဲ့သော အကြိမ်(၇၀)ပြည့် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ် ၈၈ ပါးတို့အား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ် ဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ ဆရာတော်များ၊ စာထောက်စာမ ဆရာတော်များ၊ ပုစ္ဆာထုတ်ဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ ပင့်သံဃာတော်များ၊ အကြိမ် (၇၀) ပြည့် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များ၊ ပင့်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များတက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ လှိုင်သာယာမြို့နယ် သာသနာ့ဂုဏ်ရည်ကျောင်းတိုက် ပဓာနနာယက အဘိဓေ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ပညိဿရာဘိဝံသထံမှ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ အမျှုးပြုသော ဧည့်ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။


**စာမျက်နှာ ၈ ကော်လံ ၁ သို့**





# ကြေးမုံ

## တောင်သူဦးကြီးများအတွက် အချိန်အခါကောင်း

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် မေ ၁၅ ရက်က မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်အပ်နှံသည့် စိုက်ပျိုးမြေများအား မူလတောင်သူများထံ ယာယီလုပ်ပိုင်ခွင့်ပြု လက်မှတ်(ပုံစံ-၃) ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်မှာကြားပြီး တွေ့ဆုံအားပေးခဲ့သည်။ အခမ်းအနားတွင် တောင်သူများက ယာယီလယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များ ရယူခဲ့ကြသည့်မြင်ကွင်းမှာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။

တောင်သူဦးကြီးများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများဖြစ်ပြီး လယ်ယာမြေသည် တောင်သူများအတွက် တန်ဖိုးကြီးမားသော အရင်းအနှီးဖြစ်သည်။ တစ်ချိန်သောကာလက သက်ဆိုင်ရာဌာနများက အကြောင်းအမျိုးမျိုးဖြင့် တောင်သူဦးကြီးများ စိုက်ပျိုးလုပ်ကိုင်သော လယ်ယာမြေများကို သိမ်းဆည်းခဲ့ကြသောကြောင့် တောင်သူဦးကြီးများအတွက် ထိခိုက်နစ်နာမှု များစွာဖြစ်ခဲ့ကြသည်။

ယခုအခါ တောင်သူဦးကြီးများ၏ အခွင့်အရေးကို အလေးထားသောအားဖြင့် နိုင်ငံတော်အစိုးရက တောင်သူဦးကြီးများ ပိုင်ဆိုင်သည့် လယ်ယာမြေများကို မူလပိုင်ရှင်များအား လွှဲပြောင်းပေးလျက်ရှိသည်။ မန္တလေးတိုင်းဒေသကြီးအတွင်း စွန့်လွှတ်အပ်နှံမြေများကို မူလတောင်သူများထံ လွှဲပြောင်းပေးခဲ့ရာ ယခုစွန့်လွှတ်အပ်နှံပွဲအပါအဝင် ငါးကြိမ် ပြုလုပ်နိုင်ခဲ့ပြီး တောင်သူ ၆၅၁ ဦးသို့ စိုက်ပျိုးမြေ ၂၁၅၆ ဧက လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ တောင်သူများလက်ဝယ်သို့ စိုက်ပျိုးမြေများ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ပေးခြင်းသည် ပြည်သူများ အကျိုးစီးပွားကို ရှေးရှုသည့် နိုင်ငံတော်အစိုးရ၏ စေတနာပင်ဖြစ်သည်။ စိုက်ပျိုးရေးကို အခြေခံသည့် မြန်မာနိုင်ငံတွင် ၇၀ ရာခိုင်နှုန်းရှိသော ကျေးလက်နေပြည်သူများ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သော လယ်ယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေး၊ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် ပံ့ပိုးကူညီပေးခြင်းလည်းဖြစ်သည်။ လက်လွှတ်ဆုံးရှုံးထားသော ကျန်ရှိသောတောင်သူများ၏ လယ်ယာမြေများ ပြန်လည်ရရှိရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများက စွန့်လွှတ်နိုင်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဟု သိရသည်။

စွန့်လွှတ်မြေများ ပြန်လည်လွှဲပြောင်းပေးအပ်ရေး ဆောင်ရွက်ရာတွင် အခြားသူများထံသို့ ပေးအပ်ထားခြင်းများ၊ အငြင်းပွားနေမှုများ၊ ကျူးကျော်နေထိုင်မှုများ စသည့် အကြောင်းအမျိုးမျိုးသော ပြဿနာများကို နိုင်ငံတော်က ဖြေရှင်းဆောင်ရွက်ပေးနေသောကြောင့် မူလတောင်သူများအား ပြန်လည်လွှဲပြောင်းပေးရန် ကြန့်ကြာမှုများရှိနေသည်ကိုလည်း နားလည်ပေးရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက တောင်သူဦးကြီးများ အကျိုးစီးပွားအတွက် အလေးထားဆောင်ရွက်ပေးနေသော အချိန်အခါကောင်းတွင် တောင်သူဦးကြီးများအနေဖြင့် မိမိတို့ပိုင်ဆိုင်လုပ်ကိုင်ခွင့်ရရှိသော လယ်ယာမြေများကို ဈေးကောင်းပေးဝယ်သူများရှိလျှင် ပြန်လည်ရောင်းချခြင်းမပြုဘဲ မိမိတို့သားစဉ်မြေးဆက် လယ်ယာမြေကို ချစ်ခင်နှစ်သက်လုပ်ကိုင်ခြင်းဖြင့် တောင်သူများဘဝ မြင့်မားတိုးတက်မည့် အချိန်အခါအခွင့်ကောင်း ရရှိနေပြီကို အလေးထားရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by MPE
www.mdn.gov.mm

## သုံးနှစ်အတွင်း မဂ္ဂါဝပ် ၃၀၀၀ ရရှိရေး စီမံကိန်းသုံးခုဖြင့် ဆောင်ရွက်သွားမည်



**နေပြည်တော် မေ ၁၈**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စွမ်းအင်ကဏ္ဍဆိုင်ရာ လုပ်ငန်းဆောင်ရွက်မည့်အခြေအနေများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က လျှပ်စစ်ဓာတ်အားလိုအပ်ချက် ကို ဖြည့်ဆည်းနိုင်ရေး ကာလလတ်အနေဖြင့် နောင်သုံးနှစ်အတွင်း မဂ္ဂါဝပ် ၃၀၀၀ ရရှိရေးကို LNG စီမံကိန်းသုံးခုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ကဏ္ဍတွင် Geological Forum ကို ပြည်တွင်း၊ ပြည်ပပညာရှင်များ ဖိတ်ကြားကျင်းပခဲ့ကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့မြေအသစ်များ ရှာဖွေနိုင်ရန် အတွေးအမြင်သစ်၊ နည်းပညာသစ်များဖြင့် ရှာဖွေတွေ့ရှိမှုအသစ်ရရှိရေး၊ စွန့်ဦးတီထွင်မှုနည်းပညာ၊ ဆန်းသစ်ဖန်တီးမှုနည်းလမ်းနှင့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း။

ဓာတ်အားပေးစက်ရုံများ၊ ဓာတ်မြေသြဇာစက်ရုံများနှင့် အခြားစက်ရုံများအတွက် ပြည်တွင်း သုံးသဘာဝဓာတ်ငွေ့ဖူလုံစေရေး နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်တွင်းဈေးကွက် တစ်ခုတည်းကို မကြည့်ဘဲ နိုင်ငံတကာသို့ တင်ပို့နိုင်ရေးအထိ အမြင်ကျယ်ကျယ်ဖြင့် စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ ကျေးရွာများအရောက် တစ်နိုင်ငံလုံး LPG ကို ဈေးနှုန်းသက်သာစွာဖြင့် အသုံးပြုနိုင်ရေး ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ LPG ကို သယ်ယူပို့ဆောင်ရေးကဏ္ဍတွင်လည်း အသုံးပြုနိုင်ရေး မြှင့်တင်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မိမိနိုင်ငံ၏ ပထဝီဝင်အနေအထားအရေးပါမှုကို ထိထိရောက်ရောက် အသုံးချ၍ အိမ်နီးချင်းနိုင်ငံများသို့ ရေနံထွက်ပစ္စည်းများ တင်ပို့နိုင်ရေး စီမံဆောင်ရွက်သွားရန်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှု စုပေါင်းအားတို့ဖြင့် ညီညွတ်စွာ ဆောင်ရွက်သွားရန်၊ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရာတွင် Public Private Partnership (PPP)၊ Joint Venture (JV)၊ Build Operate Transfer (BOT) စနစ်များဖြင့် တိုင်းပြည်အကျိုးရှိစေရေး ဆောင်ရွက်သွားရန်၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မျှော်မှန်းရလဒ်များကို အချိန်ကိုက် ရရှိရန်လိုအပ်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး နည်းလမ်းပေါင်းစုံ ဖြင့် ပူးပေါင်း ဆောင်ရွက်သွားရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍသည် မပါမဖြစ် အခြေခံကျသည့်အတွက် တစ်ဦးချင်း၊ ဌာနအလိုက် တာဝန်ကိုယ်စီ ကျေပွန်ခြင်းအားဖြင့် ဌာန၊ နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးအောင် စုပေါင်းအားဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းနှင့် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပြန်လည်ဆွေးနွေးမှာကြားသည်။

ထို့နောက် တင်ပြမှုများအပေါ် ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ဆွေးနွေးတင်ပြရာ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က သုံးသပ်ဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်အောင်ရေနံမြေ တွင်းအမှတ် (၁၇၂) ကို တစ်နေ့လျှင် ရေနံစိမ်း ၁၀၁ စည်ရရှိအောင် အောင်မြင်စွာ တူးဖော် ထုတ်လုပ်နိုင်ခြင်းအတွက် တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအဆင့်မှ လွတ်မြောက်ရန် သတ်မှတ်စံနှုန်း ပထမဆုံးပြည့်မီလာကြောင်း CDP အစီရင်ခံစာ၌ ဖော်ပြ

**နေပြည်တော် မေ ၁၈**

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ (LDC)အဆင့်မှ လွတ်မြောက်ရန် သတ်မှတ်ထားသည့် စံနှုန်း သုံးခုစလုံးနှင့် ပထမဆုံးအကြိမ် ပြည့်မီလာပြီဖြစ်ကြောင်း ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်မှု မူဝါဒဆိုင်ရာကော်မတီ(CDP) ၏ အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

အဆိုပါကိစ္စကို နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ဧပြီ ၁၉ ရက်တွင် ထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီ(UN ECOSOC)၊ ဖွံ့ဖြိုးတိုးတက်မှု မူဝါဒဆိုင်ရာကော်မတီ (CDP)၏ ၂၀၁၈ ခုနှစ် မတ်လ အစည်းအဝေး အစီရင်ခံစာတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

အဆိုပါ အစီရင်ခံစာအရ ၂၀၁၈ ခုနှစ် သုံးနှစ်တစ်ကြိမ် လေ့လာသုံးသပ်မှု (Triennial Review) တွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ(LDC) အဆင့်မှ လွတ်မြောက်ရေးစံနှုန်းများအဖြစ် တစ်ဦးချင်းဝင်ငွေ (Gross National Income-GNI) အမေရိကန်ဒေါ်လာ ၁၂၃၀ ထက် ကျော်လွန်ရန်၊ လူသားအရင်းအနှီးညွှန်းကိန်း (Human Access Index - HAI) ၆၆ နှင့်အထက်ရှိရန်နှင့် စီးပွားရေး ထိခိုက်နစ်နာလွယ်မှုဆိုင်ရာ ညွှန်းကိန်း (Economic Vulnerability Index -EVI) ၃၂နှင့်အောက်ရှိရန် လိုအပ်ကြောင်း သတ်မှတ်ထားသည်။

၂၀၁၈ ခုနှစ်အတွက် ပြုလုပ်ခဲ့သည့် သုံးနှစ်တစ်ကြိမ် လေ့လာသုံးသပ်မှုတွင် မြန်မာနိုင်ငံသည် GNI အမေရိကန် ဒေါ်လာ ၁၂၅၅၊ HAI ၆၈ ဒသမ ၅ နှင့် EVI ၃၁ ဒသမ ၇ ရရှိခဲ့သဖြင့် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများအဆင့်မှ လွတ်မြောက်ရေးဆိုင်ရာ သတ်မှတ်စံနှုန်း သုံးခုလုံးနှင့် ပြည့်မီသွားပြီဖြစ်ကြောင်း ထောက်ခံတင်ပြခဲ့သည်။ မြန်မာနိုင်ငံသည် ၁၉၈၇ ခုနှစ်တွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ စာရင်းဝင်ဖြစ်သွားခဲ့ပြီး နောက်ပိုင်း လွတ်မြောက်ရေးဆိုင်ရာစံနှုန်း သုံးခုလုံးနှင့် ပထမဆုံးအကြိမ် ပြည့်မီခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် လက်ရှိတိုးတက်မှုအရှိန်ကို ဆက်လက်ထိန်းသိမ်း၍ လာမည့် ၂၀၂၁ ခုနှစ် Triennial Review တွင် စံနှုန်း သုံးခုအနက် အနည်းဆုံးနှစ်ခုနှင့် ဆက်လက်ပြည့်မီပါက ယင်းနှစ်များ နောက်ပိုင်းတွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ စာရင်းမှ လွတ်မြောက်မည့် လမ်းစပွင့်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၁၈**

ရန်ကုန်(ရွှေဈေး) ၉၃၁၀၀၀ - ၉၃၁၀၀၀  မန္တလေး(ရွှေဈေး) ၉၃၁၀၀၀ - ၉၃၁၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၇၀/၈၈၀ ကျပ်၊ | ၉၂၀/၉၄၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၈၅/၈၉၅ ကျပ်၊ | ၉၇၅/၉၉၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၃၅/၈၄၅ ကျပ်၊ | ၉၂၀/၉၃၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၈၅/၈၉၅ ကျပ်၊ | ၉၃၀/၉၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၉၀/၈၉၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၀၂/၉၁၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၅၂/၈၅၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၄၈.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၉၁.၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၁.၇၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂.၀၀၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၃၉.၆၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉.၈၉၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၁၇.၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄.၅၂ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၂.၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၄.၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

## ခေတ်ပြောင်းစနစ်ပြောင်းကာလ

ဒီနေ့ ဒီအချိန်အခါဟာ ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ခေတ်ပြောင်းစနစ်ပြောင်းကာလဖြစ်ပါတယ်။ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလရဲ့အစပဲရှိပါသေးတယ်။ ဒီပြောင်းလဲမှုဖြစ်စဉ်ကြီး အောင်မြင်ချောမွေ့စေရန် ပြည်သူ၊ ပြည်သားများနဲ့ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများ အားလုံးရဲ့ ပုံစံကျနေတဲ့ အတွေးအမြင်တွေ၊ ပုံသေကားကျ အလေ့အထတွေအားလုံးကို ပြုပြင်ပြောင်းလဲပေးကြရန် အထူးလိုအပ်လှပါတယ်။ ပြုပြင်ပြောင်းလဲမှု နှောင့်နှေးနေတဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းများကို ကြပ်မတ်ရပါလိမ့်မယ်။ ယိမ်းယိုင်နေတဲ့တရားစီရင်ရေးကို တည့်မတ်ရပါလိမ့်မယ်။ အဂတိလိုက်စားမှုကို ပိုမိုတိုက်ဖျက်ရပါလိမ့်မယ်။ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများကို မြှင့်တင်ကာကွယ်ရပါလိမ့်မယ်။ မူးယစ်ဆေးဝါးကို ပိုမိုနှိမ်နင်းရပါလိမ့်မယ်။ ပြည်သူ့ဘဏ္ဍာငွေများ အလေအလွင့်ဆုံးရှုံးမှုမရှိစေရန် စီမံခန့်ခွဲရပါလိမ့်မယ်။ ဥပဒေမဲ့ သိမ်းဆည်းခံခဲ့ရတဲ့ လယ်ယာမြေများ ပြန်လည်ရရှိရေး၊ လျော်ကြေး၊ နစ်နာကြေးရရှိရေးတို့ကို ဥပဒေနဲ့အညီ ဆောင်ရွက်ရပါလိမ့်မယ်။ တောင်သူလယ်သမားများရဲ့ လူနေမှုဘဝမြင့်မားတိုးတက်ရေး၊ အလုပ်သမားများရဲ့ဘဝ သာယာစိုပြည်ရေး၊ ကျောင်းသားလူငယ်များ အဆင့်မြင့်ပညာရပ်များ ဆည်းပူးခွင့်ရရှိရေး စသည်တို့ကို ဖော်ဆောင်ရပါလိမ့်မယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်)

## ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်

ကျွန်မတို့ အစိုးရရဲ့ နိုင်ငံ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်စေဖို့ ပူးပေါင်းပြီး ကူညီပေးခဲ့၊ ပေးနေဆဲဖြစ်တဲ့ ပြည်တွင်း၊ ပြည်ပ မိတ်ဆွေများ၊ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ အားလုံးနဲ့၊ အထူးသဖြင့် နားလည်မှု၊ စာနာမှုနဲ့ ထောက်ခံအားပေးကြတဲ့ ပြည်သူ ပြည်သားများအားလုံးကို ကျေးဇူးတင်ကြောင်း အလေးအနက်ပြောပါရစေ။ တစ်ခါပြုဖူး၊ သူ့ကျေးဇူး။ အခေါက်ခေါက် အခါခါ ကျေးဇူးပြုသူများဟာ ဘဝကို ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်တွေဖြစ်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄ -၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှကောက်နုတ်ချက်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗန်ကူးဗားမြို့အခြေစိုက် မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန်နှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်အဖွဲ့အား သီးခြားစီ လက်ခံတွေ့ဆုံ



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ် ဗန်ကူးဗားမြို့အခြေစိုက် မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန် Mr. Peter Chung အား လက်ခံတွေ့ဆုံစဉ်။**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် UNFPA ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Ms. Laura Londenအား တွေ့ဆုံနှုတ်ဆက်စဉ်။**

**နေပြည်တော် မေ ၁၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ် ဗန်ကူးဗားမြို့အခြေစိုက် မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန် Mr. Peter Chung အား ယနေ့နံနက် ၁၀ နာရီတွင် လည်းကောင်း၊ အမေရိကန်နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (United States Agency for International Development -USAID) ၏ အုပ်ချုပ်ရေးမှူး Mr. Mark Andrew Green ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား နံနက် ၁၁ နာရီတွင်လည်းကောင်း၊ ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂလူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအဖွဲ့ (United Nations Population Fund-UNFPA) ၏ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Ms. Laura Londen ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မွန်းလွဲ ၂ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန်နှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ပညာရေးကဏ္ဍရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံတကာအဆင့်မီ စာသင်ကျောင်းများ လာရောက်ဖွင့်လှစ်မှု၊ ကနေဒါစီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံ၌ ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံရေးနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

### အမြင်ချင်းဖလှယ်

အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ အုပ်ချုပ်ရေးမှူး ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံစဉ် USAID မှ မြန်မာနိုင်ငံအတွင်း လက်ရှိဆောင်ရွက်နေသော စားနပ်ရိက္ခာလုံခြုံရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ လူသားချင်းစာနာမှု အကူအညီပေးရေး ကိစ္စရပ်များအပါအဝင် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အထောက်အကူပြုရေးအစီအစဉ်များနှင့် အနာဂတ်ဦးစားပေးလုပ်ငန်းများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

ထို့အပြင် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးနှင့် ပတ်သက်၍ မြန်မာအစိုးရ၏ အသင့်ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများ၊ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ ရခိုင်ပြည်နယ်ရှိ လူမှုအသိုက်အဝန်းနှစ်ရပ်လုံး သဟဇာတဖြစ်ရေး၊ လုံခြုံစိတ်ချစွာနေထိုင်နိုင်ရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးတို့အတွက် USAID မှ ပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်မည့် အစီအမံများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

### UNFPA နှင့် ပူးပေါင်းဆောင်ရွက်မှု

ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂလူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအဖွဲ့ (United Nations Population Fund-UNFPA) ၏ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူးနှင့် တွေ့ဆုံစဉ် ၂၀၁၄ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အချက်အလက်များ ဆန်းစစ်ခြင်း၊ မိသားစုစီမံကိန်း၊ ဘဝအရည်အသွေးရှိစေရေးနှင့် မိခင်သေဆုံးမှုနှုန်း လျော့ကျရေးတို့အပါအဝင် UNFPA နှင့် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

**သတင်းစဉ်**

## အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဖွင့်

**ဘီးလင်း မေ ၁၈။** ။ မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ် သာယာကုန်းကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဖွင့်ပွဲကို မေ ၁၆ ရက်က ပြုလုပ်ရာ ခရိုင်ဦးစီးမှူး ဦးမိုးဝင်း တက်ရောက်ဖွင့်လှစ်ပေးကြောင်း သိရသည်။ သင်တန်းတွင် ရေချိုးဆပ်ပြာရည်၊ မျက်နှာသစ်ဆပ်ပြာ၊ ပန်းကန်ဆေးဆပ်ပြာ၊ လက်ဆေးဆပ်ပြာ၊ အဝတ်လျှော်ဆပ်ပြာ အရည်၊ အခဲ၊ ခေါင်းလျှော်ရည်ပြုလုပ်နည်းများနှင့် မော်တော်ဆိုင်ကယ်ပြုပြင်ခြင်းများ သင်ကြားပို့ချမည်ဖြစ်ကာ သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်ပြီး သင်တန်းကို မေ ၁၆ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

### ○ လေးနိုင်ငံဖိတ်ခေါ်မှု

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယခုနောက်ပိုင်းနှစ်များတွင် ဖိတ်ခေါ်ပြိုင်ပွဲများအား ကျင်းပပေးလျက်ရှိပြီး ယခုနှစ်တွင် မြန်မာ ယူ-၂၃ အသင်းအတွက် ကျင်းပပေးမည်ဖြစ်သည်။ မြန်မာဘောလုံးအသင်းသည် အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုများစွာရရှိဖူးပြီး တစ်ကျော့ပြန်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

**ရှိုင်းထက်ဇော်**

# ရခိုင်ပြည်နယ်၏ သာယာလှပမှု၊ ဒေသခံတိုင်းရင်းသားများ၏ ရိုးသားဖြူစင်မှုတို့ကို ပေါ်လွင်စေမည့် ရုပ်ရှင်ဇာတ်ကားနှင့် မှတ်တမ်းရုပ်ရှင်များ ရိုက်ကူးနိုင်ရေး တတိယအကြိမ်စည်းဝေး

**ရန်ကုန် မေ ၁၈**

ရခိုင်ပြည်နယ်၏ သာယာလှပမှု၊ ဒေသခံတိုင်းရင်းသားများ၏ ရိုးသားဖြူစင်မှုတို့ကို ပေါ်လွင်စေမည့် ရုပ်ရှင်ဇာတ်ကားနှင့် မှတ်တမ်းရုပ်ရှင်များရိုက်ကူးနိုင်ရေး တတိယအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**



အစည်းအဝေးတွင် ရခိုင်ပြည်နယ်ဆိုင်ရာ ရုပ်ရှင်ဇာတ်ကားနှင့် မှတ်တမ်းရုပ်ရှင်များ ရိုက်ကူးနိုင်ရေးဦးစီးကော်မတီနာယက ပြန်ကြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရခိုင်ပြည်နယ်၏ပုံရိပ်ကို မြှင့်တင်ပေးမည့် ရုပ်ရှင်ဇာတ်ကား တစ်ကား၊ အတူတကွ ယှဉ်တွဲနေထိုင်မှုကို ဖော်ကျူးမည့် ရုပ်ရှင်ဇာတ်ကား တစ်ကား၊ ရခိုင်ပြည်နယ်၏ ပထဝီအနေအထားကို ဖော်ကျူးမည့် မှတ်တမ်းရုပ်ရှင်(Documentary)နှင့် ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးစုများ၏ မှတ်တမ်းရုပ်ရှင်များ ရိုက်ကူးထုတ်လုပ်ရေး၊ ယင်းဇာတ်ကားများနှင့် မှတ်တမ်းရုပ်ရှင်များကို ပြည်တွင်း၌ ပြသရန်အပြင် နိုင်ငံတကာအထိ ထိုးဖောက်ပြသနိုင်ရန် ရည်ရွယ်ရိုက်ကူးရေး၊ ရုပ်ရှင်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရုပ်ရှင်စတူဒီယိုနှင့် သင်တန်းကျောင်းများ တည်ဆောက်ရေးနှင့် ရုံတင်ပြသမည့် မြန်မာရုပ်ရှင်ဇာတ်ကားများနှင့် ဗီဒီယိုဇာတ်လမ်းများ၊ ယင်း Press Show ဆိုင်ရာ သတင်းအကျဉ်းနှင့် အင်တာဗျူးများကို နိုင်ငံပိုင်မီဒီယာများဖြစ်သည့် မြန်မာ့ရုပ်မြင်သံကြားနှင့် သတင်းစာများတွင် အပတ်စဉ် ထုတ်လွှင့်ဖော်ပြပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်ဆိုင်ရာ ရုပ်ရှင်ဇာတ်ကားနှင့် မှတ်တမ်းရုပ်ရှင်များ ရိုက်ကူးနိုင်ရေးဦးစီးကော်မတီဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ရခိုင်ပြည်နယ်ဆိုင်ရာ မှတ်တမ်းရုပ်ရှင်များရိုက်ကူးရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး၊ ရခိုင်ပြည်နယ်ဆိုင်ရာ ရုပ်ရှင်ဇာတ်ကားများရိုက်ကူးရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယကများဖြစ်ကြသည့် ဒါရိုက်တာ ပန်းချီ ဦးစိုးမိုးနှင့် ဦးအောင်လွင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာ ရုပ်ရှင်ဇာတ်ကားများရိုက်ကူးရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ရွှေသံလွင် မီဒီယာကုမ္ပဏီလီမိတက်မှ ဦးကျော်ဝင်းကိုယ်စား ရွှေသံလွင် မီဒီယာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ဝင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာ မှတ်တမ်းရုပ်ရှင်များ ရိုက်ကူးရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် Forever Group ကုမ္ပဏီလီမိတက်မှ ဦးဝင်းမော်၊ ရခိုင်ပြည်နယ်ဆိုင်ရာ ရုပ်ရှင်ဇာတ်ကားများရိုက်ကူးရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင် ဒါရိုက်တာဦးစင်ရော်မောင်မောင်နှင့် တက်ရောက်လာကြသူများက ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် သရုပ်ဆောင် ရွေးချယ်နိုင်ရေးအပါအဝင် ရခိုင်ပြည်နယ်ဆိုင်ရာ ရုပ်ရှင်ဇာတ်ကားနှင့် မှတ်တမ်းရုပ်ရှင်များ ရိုက်ကူးနိုင်ရေး၊ မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေး၊ စတူဒီယိုနှင့် ရုပ်ရှင်သင်တန်းကျောင်းဖွင့်လှစ်နိုင်ရေးဆိုင်ရာများကို ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြည်လမ်းနှင့် ကျွန်းတောလမ်းကြား Junction Square Shopping Mall ရှိ Myanmar Media Development Center – MMDC သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုကြသည်။ **သတင်းစဉ်**

# ပြတိုက်များဖွံ့ဖြိုးတိုးတက်မှုကို အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်ကြရန် အချိန်တန်ပြီဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ပြောကြား

**ရန်ကုန် မေ ၁၈**

အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်(ရန်ကုန်)၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို တက်ရောက်အမှာစကားပြောကြားသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပြတိုက်များ၏အခန်းကဏ္ဍသည် နိုင်ငံတကာတွင် အရေးပါသည့်နေရာတွင်ရှိကြောင်း၊ အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီ၏ ပြတိုက်နှင့်ပတ်သက်၍ အဓိပ္ပာယ် ဖွင့်ဆိုချက်များကိုကြည့်လျှင် လူ့ဘောင်လောကကြီးအတွက် ပြတိုက်၏တန်ဖိုးကို သိရှိနားလည်နိုင်မည်ဖြစ်ကြောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ပြတိုက်များနှင့် အခြားသောဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၏ ပြတိုက်များ၊ ပုဂ္ဂလိကပြတိုက်များသည် ပြတိုက်များဖွံ့ဖြိုးတိုးတက်မှုကို အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်ကြရန် အချိန်တန်ပြီဖြစ်ကြောင်း၊ သို့မှသာ အချင်းချင်း အသိပညာဖလှယ်နိုင်ခြင်း၊ အပြန်အလှန် အကျိုးပြုနိုင်ခြင်းနှင့် လူသားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍတစ်ရပ်မှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယနေ့ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်ဆက်သွယ်ဆောင်ရွက်မှုသည် တစ်နေ့ထက်တစ်နေ့ ပိုမိုကျယ်ပြန့် တိုးတက်လာပြီး ပြတိုက်များသည်လည်း အဆိုပါ ဆက်သွယ်မှုများကို အကျိုးရှိစွာ အသုံးချဆောင်ရွက်စေလိုပါကြောင်း၊ သို့မှသာ ယခုနှစ် ပြတိုက်များနေ့၏ ဆောင်ပုဒ်ဖြစ်သည့် “ခေတ်သစ်လူထုဆက်သွယ်ရေး၊ ပြတိုက်အချင်းချင်း ဆက်သွယ်ပေး” ဆိုသည့်အတိုင်း ပြတိုက်အချင်းချင်း ကွန်ရက်ဆက်သွယ်ပြီး ပြတိုက်ဆိုင်ရာလှုပ်ရှားမှုများကို ပူးပေါင်းဆောင်ရွက်ခြင်း၊ လေ့လာခြင်းအပြင် ပြသပစ္စည်းများအား ကွန်ရက်ဆက်သွယ်မှုနည်းစနစ်အသုံးပြုကာ လေ့လာကြစေလိုပါကြောင်း ပြောကြားခဲ့သည်။

နှစ်စဉ် မေလ ၁၈ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့အဖြစ် အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီ(ICOM)က သတ်မှတ်ကျင်းပခဲ့ခြင်းဖြစ်ပြီး အဆိုပါကောင်စီတွင် ကမ္ဘာ့နိုင်ငံပေါင်း ၁၄၁ နိုင်ငံမှ ပြတိုက်ပေါင်း ၃၇၀၀၀ ပါဝင်ဖွဲ့စည်းထားကြောင်း သိရသည်။ ထို့ပြင် ၂၀၁၇ ခုနှစ်ကပြုလုပ်ခဲ့သည့် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ အခမ်းအနားတွင်လည်း ကမ္ဘာ့နိုင်ငံပေါင်း ၁၅၀ ကျော်မှ ပြတိုက်ပေါင်း သုံးသောင်းကျော် ပါဝင်ဆင်နွှဲခဲ့ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

ယနေ့ ကျင်းပသည့် အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း တက်ရောက်အမှာစကားပြောကြားပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကာ အခမ်းအနားသို့ သံတမန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံရှိ ပြတိုက်များမှ ပြတိုက်မှူးများ၊ ပြတိုက်တာဝန်ခံများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့အထိမ်းအမှတ် ပြတိုက်ပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပခဲ့ပြီး စာတမ်းဖတ်ပွဲ ဒုတိယနေ့ဖြစ်သည့် မေ ၁၉ ရက်တွင် နံနက် ၉ နာရီခွဲမှ စတင်ကာ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သီသီမင်း**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ



**ရန်ကုန် မေ ၁၈**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ H.E. Mr. Wang Zhengwei ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ် ယနေ့ ညနေ ၅ နာရီခွဲက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ဦးမောင်မောင်လတ်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းဆင်းပွဲ ကျင်းပ

**ပေါင်းတည် မေ ၁၈**

ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သံဂဟေ၊ သံပန်းသင်တန်းကို မေ ၂ ရက်မှ ၁၈ ရက်အထိ ဘုရားငါးဆူအုပ်စု အုန်းသုံးပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ဖွင့်လှစ်ခဲ့ပြီး မေ ၁၈ ရက်တွင် သင်တန်းဆင်းပွဲကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြဆရာ ဦးသက်လွင်က သင်တန်းသားများအား သံဂဟေ၊ သံပန်းသင်တန်း အခြေခံပညာများကို စာတွေ့၊ လက်တွေ့ရှင်းလင်းပြသခဲ့ပြီး သင်တန်းသားများက ဘုရားစင်၊ စားပွဲ၊ ထိုင်ခုံ၊ တန်းလျား၊ ဖိုင်တင်စင်၊ ခုတင်နှင့် လှေကား စသည့်ပစ္စည်းများကို ပြုလုပ်သင်ကြားခဲ့သည်။ သင်တန်းဆင်းပွဲတွင် ပေါင်းတည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

# နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းတို့ကို လွှတ်တော်ကအတည်ပြု

**နေပြည်တော် မေ ၁၈**
ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းတို့ကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးတွင် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးရန် တင်ပြထားသော ဦးတင်မောင်မြင့်အား လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီတွင် ဒုတိယဥက္ကဋ္ဌ(၂) ပြင်ဆင်ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏သဘောထားရယူရာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ငြိမ်းချမ်းရေးနှင့် အလိုက်သင့် တွန်းလှန်လွန်မြောက်နိုင်စွမ်းရှိမှုတို့အတွက် အလုပ်အကိုင်နှင့် သင့်လျော်ကောင်းမွန်သော အလုပ်ဆိုင်ရာတိုက်တွန်းချက် အမှတ်(၂၀၅)ကို မှတ်တမ်းတင်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး မြင့်ဟန်က Recommendation 205 တွင် လူ့အခွင့်အရေး၊ Social Justice၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ပဋိပက္ခနှင့် သဘာဝဘေးမှပေါ်ပေါက်လာသည့် အကျပ်အတည်းများ၊ ကြိုတင်ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့ကို ခြုံငုံကာ ခံနိုင်ရည်ရှိပြီး သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်အရေးကြီးမှုတို့ကို ခေတ်ကာလနှင့်အညီ ရည်ရွယ်၍ ပြုစုဆောင်ရွက်ထားသည်ကို တွေ့ရှိရပါကြောင်း၊ လက်ရှိနိုင်ငံတော်တွင် ဆောင်ရွက်နေသည့် ထာဝရငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မထိခိုက်ရန်၊ Social Justice ဆိုသည့် wording အောက်တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကို မထိခိုက်စေရန် အထူးသတိပြု ဆင်ခြင်ဆောင်ရွက်နိုင်ရန် ဆွေးနွေးလိုပါကြောင်း။

မိမိတို့မြန်မာနိုင်ငံ၏ Social Justice ဖြစ်သည့် လောကပါလတရားနှင့်အညီ လက်ရှိနိုင်ငံတော်၏ မျက်မှောက်ပြုထားရသည့် လုံခြုံရေးအခြေအနေကို မှန်ကန်စွာ တွက်ဆမြော်မြင်ပြီး နိုင်ငံတကာစံနှုန်းများကို မိမိတို့၏ အမျိုးသားရေးစံနှုန်းများနှင့် အပ်စပ်စွာ ပုံဖော်၍ ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြမှသာ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ယှဉ်တွဲဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ILO ညီလာခံ၏ Recommendation 205 ပါအချက်များကို မိမိတို့၏ အမျိုးသားစံနှုန်းနှင့် လုံလောက်သည့် အမြင်ဖြင့် ရှုကြည့်ဆင်ခြင်မှသာ လောကပါလတရားနှင့်ညီသည့် ပြည်သူလူထု၏ ကျေနပ်သောလူမှုဘဝကို ဖော်ဆောင်နိုင်ရေးကို ဦးတည်နိုင်မည်ဖြစ်ပါကြောင်း အကြံပြု ဆွေးနွေးသည်။


ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း။

ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင်(ခေါ်)ဦးပြုံးချိုက ငြိမ်းချမ်းရေးနှင့် အလိုက်သင့် တွန်းလှန်လွန်မြောက်နိုင်စွမ်းရှိမှုတို့အတွက် အလုပ်အကိုင်နှင့် သင့်လျော်ကောင်းမွန်သော အလုပ်ဆိုင်ရာ တိုက်တွန်းချက် အမှတ်(၂၀၅)သည် မြန်မာနိုင်ငံ ILO အဖွဲ့ဝင်အဖြစ် မဝင်ရောက်မီ ၁၉၄၄ ခုနှစ် တိုက်တွန်းချက်အမှတ် (၇၁)ကို ကျယ်ပြန့်လာစေရေးနှင့် ပဋိပက္ခနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်လာသော အကျပ်အတည်းအခြေအနေများ ပြန်လည်တည်ဆောက်ခြင်းနှင့် အလိုက်သင့် တွန်းလှန်လွန်မြောက်နိုင်စွမ်းရှိမှုတို့အတွက် လူမှုကာကွယ်ရေးဆိုင်ရာ အစီအမံများ ပေါ်ပေါက်အားကောင်းလာစေရန်၊ ဖွံ့ဖြိုးတိုးတက်ရန်တို့ကို အလေးထားပြီး ပြင်ဆင်ရန် လိုအပ်ချက်အရ ခေတ်နှင့်အညီဖြစ်သော လမ်းညွှန်ချက်ဖြင့် အသုံးပြုရန် ၂၀၁၇ ခုနှစ် ဇွန်လတွင် အတည်ပြုခဲ့ခြင်းဖြစ်ပါကြောင်း။

ယခု တိုက်တွန်းချက် အမှတ်(၂၀၅)သည် ငြိမ်းချမ်းရေးဖော်ဆောင်မှုအတွက် အထောက်အကူပြုမည့် တိုက်တွန်းချက်ဖြစ်လာနိုင်သည့်အတွက် ယခုတိုက်တွန်းချက်ကို မှတ်တမ်းတင်ပြီး အလေးထား ဂရုပြုသင့်ပါကြောင်း ဆွေးနွေးသည်။

အလားတူ နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ထွန်းနှင့် ဒုတိယဗိုလ်မှူးကြီးလှနိုင်တို့က ဆွေးနွေးကြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ အရေးပေါ်ရန်ပုံငွေမှ နိုင်ငံခြားရေးဝန်ကြီးဌာနအတွက် ကျပ် ၃၁၉ ဒသမ ၆၆၇၆၆ သန်း ခွဲဝေသုံးစွဲခဲ့သည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က အဆိုပါ ၃၁၉ ဒသမ ၆၆၇၆၆ သန်းမှာ အစ္စလာမ္မာဘတ်မြို့ မြန်မာသံရုံး၏ လုံခြုံရေးဆိုင်ရာလုပ်ငန်းများ မဖြစ်မနေ အကောင်အထည်ဖော်နိုင်ရေးအတွက် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခွင့် လျှောက်ထားခဲ့ရာ ၂၀၁၈ ခုနှစ် မတ် ၂၆ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့မှ ကြိုတင်ခွင့်ပြုခဲ့ပြီး ၂၀၁၈ ခုနှစ် ဧပြီ ၆ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၆/၂၀၁၈) တွင်လည်း ခွင့်ပြုပြီးဖြစ်ပါကြောင်း၊ အဆိုပါခွင့်ပြုချက်မှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ကုန်ခါနီးတွင် ရရှိသဖြင့် ၂၀၁၈ ခုနှစ် ခြောက်လစီမံကိန်းတွင် ၎င်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုတင်ပြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ်ဖြစ်သည့် ငွေကျပ် ၃၁၉ ဒသမ ၆၆၇၆၆ သန်းအား အစ္စလာမ္မာဘတ်မြို့ မြန်မာသံရုံး၏ လုံခြုံရေးအရ အရေးတကြီးလိုအပ်လျက်ရှိသည့် လုပ်ငန်းများအတွက် အရေးပေါ် ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရေး ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုနိုင်ရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့ထားသော အမျိုးသားပညာရေးမူဝါဒကော်မရှင်ကို ပြင်ဆင်ဖွဲ့စည်းရေးကိစ္စနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရှင်းလင်းတင်ပြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က အတည်ပြုသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၁၇ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများကို တစ်နှစ်ထက်တစ်နှစ် တိုးတက်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှု အထူးလိုအပ်ပါကြောင်း။

အချို့တိုင်ကြားချက်များကို စိစစ်ဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားခဲ့ရာတွင် စနစ်တကျစိစစ်ခြင်း၊ ဖြေရှင်းဆောင်ရွက်ပေးခြင်းနှင့် ကော်မရှင်ထံသို့ အလေးထားပြန်ကြားခြင်းများ ပြုလုပ်ခဲ့ကြသည်ကို တွေ့ရပါကြောင်း၊ ထို့အတူ နိုင်ငံပိုင်နှင့်ပုဂ္ဂလိကမီဒီယာများအနေဖြင့်လည်း လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စဉ်များကို ကြိုးပမ်းလေ့လာဖော်ပြခဲ့ခြင်းကြောင့် ကော်မရှင်အနေဖြင့် လွယ်ကူလျင်မြန်စွာသိရှိပြီး အချိန်မီဖြေရှင်းမှုများ ပြုလုပ်နိုင်ခဲ့သည့်အပြင် ကော်မရှင်၏ လုပ်ဆောင်မှုများကို အချိန်နှင့်တစ်ပြေးညီ မီဒီယာများက ထုတ်ပြန်ပေးခြင်းများကြောင့် ပိုမိုထိရောက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၁၈ ခုနှစ်တွင်လည်း မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေး အသိပညာပိုမိုမြင့်မားပြီး လူ့အခွင့်အရေးဖောက်ဖျက်မှုများ လျော့ပါးစေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးစိုးသိန်း (ခေါ်)ဦးမောင်စိုးက ဆွေးနွေးပြီး တစ်ပိုဒ်ချင်းစီအလိုက် ဥပဒေကြမ်းကော်မတီက အဆိုတင်သွင်းပြီး လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် တတိယအခြေပြုစာချုပ်ကို မြန်မာနိုင်ငံမှ အတည်ပြုရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာ ကန့်ကွက်သူမရှိသည့်အတွက် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို မေ ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်၊ မျိုးသူဟိန်း (သတင်းစဉ်)**

# အထူးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဂျပန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၁၈**
ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr.Ichiro Maruyama အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် ဥပဒေဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**

# မင်းသုဝဏ်နှင့် သူ့မှာတမ်း

> တာဝန်ကို ခိုကပ်ရှောင်လွှဲလို၍မဟုတ်၊ တာဝန်မထမ်းနိုင်တော့မည့် သေဆုံးရခြင်း၊ တာဝန်မကျေပွန်နိုင်သေးမီ သေဆုံးရခြင်းကိုပင် "ကိုယ်လွတ်ရှောင်ခွာခြင်း"ဟု မိမိကိုယ်မိမိ အပြစ်တင်လိုက်သေးသည်။ မည်မျှ တာဝန်ကျေပွန်လိုသော စိတ်ပေနည်း။

■ မောင်ဆွေတိုင်း

တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန တည်ထောင်ခြင်း နှစ်(၇၀)ပြည့်အခမ်းအနားကို ကျင်းပမည်ဟု သတင်းကြားခဲ့သည်။ ထိုဌာနကို ၁၉၄၈ ခုနှစ် ဇွန် ၁ ရက်တွင် တည်ထောင်ခဲ့ပြီး စတင်တည်ထောင်သူမှာ ဆရာမင်းသုဝဏ် ဖြစ်သည်။ ထို့ကြောင့် ဆရာမင်းသုဝဏ်အကြောင်း တွေးမိသည်။ စိတ်အတွေး၌လည်း "အားနာခဲ့ကြောင်း ပြောခဲ့သူ"ဟု ဆိုမိခဲ့ပါသေးသည်။ ထို့အပြင်လည်း ဆရာမင်းသုဝဏ်၏ "သူ့မှာတမ်း" ကဗျာကို လေ့လာဖတ်ရှုမိသောအချိန်တို့ကိုလည်း ပြန်၍ သတိရမိပါသည်။

"သူ့မှာတမ်း"ကဗျာသည် ၁၉၆၃ ခုနှစ် မတ်လထုတ် မြဝတီမဂ္ဂဇင်းတွင် ဖော်ပြခဲ့သောကဗျာဖြစ်သည်။ တက္ကသိုလ်ပထမနှစ် ပင်ရင်းမြန်မာစာ၌ လေ့လာရသော ကဗျာတစ်ပုဒ်လည်း ဖြစ်ပါသည်။ ထို့ကြောင့် အလုပ်တာဝန်များကို ထမ်းဆောင်ရင်း "သူ့မှာတမ်း"ကဗျာကို စူးစိုက်လေ့လာဖြစ်ခဲ့ပါသည်။ ကဗျာအကြောင်းအရာမှာ တော်လှန်ရေးပြောက်ကျား ရဲဘော်တစ်ဦးသည် ရန်သူတို့ မြှုပ်ခဲ့သောဗုံးကို တိုက်မိ၍ သေအံ့မူးမူးအချိန်ဖြစ်သည်။ အနားရှိ ရွာသူရွာသားတို့ကား ထိုပြောက်ကျားစစ်သည်လေး၏ နောက်ဆုံးဆန္ဒနှင့် ပြောလိုသောစကားကို ဝိုင်းဝန်းမေးမြန်းကြသည်။ ချစ်သူကို မည်သို့မှာကြားခဲ့လိုသည်ကို မေးပုံ၊ ပြောက်ကျားစစ်သည်လေးက ပြန်ဖြေပုံ၊ မိဘနှစ်ပါးကို မှာလိုသည်ကို မေးပုံ၊ ပြောက်ကျားစစ်သည်က ပြန်ဖြေပုံ၊ နောက်ဆုံး တိုင်းပြည်အတွက် မှာကြားလိုသည့်စကားကို မေးပုံ၊ ပြောက်ကျားစစ်သည်လေး၏ ပြန်လည်ဖြေကြားခဲ့ပုံနှင့် သေဆုံးသွားပုံတို့ကို ရေးဖွဲ့ထားခြင်းဖြစ်ပြီး ဇာတ်လမ်း ကဗျာတစ်ပုဒ်လည်း ဖြစ်ပါသည်။

ထိုကဗျာ၌ သိလိုက်ရသည်မှာ နိုင်ငံ့သားကောင်းစိတ်၊ မိမိတိုင်းပြည်ကို ချစ်မြတ်နိုးသူ၊ မိမိ၏တာဝန်ကို ကျေပွန်လိုသူတစ်ဦး၏ စိတ်စေတနာ စသည်တို့ကို စိတ်ခံစားမှုနှင့်အတူ သိလိုက်ရခြင်းဖြစ်သည်။ တိုင်းပြည်အတွက် မှာကြားလိုသည်တို့ကို ရွာသူရွာသားတို့က မေးမြန်းရာ၌ သေဆုံးတော့မည့် ပြောက်ကျားစစ်သည်က ဖြေကြားပုံကို

"အမောင်ပြောက်ကျား၊ တိုင်းပြည်အားကို၊
ဘာများမှာခဲ့လိုသနည်း။"
"ခရီးမတ်တတ်၊ လမ်းခုလတ်တွင်၊
ကိုယ်လွတ်ရှောင်ခွာ၊ ခွဲရပါ၍၊
အားနာခဲ့ကြောင်း ပြောပါလေ။" ဟု ကဗျာ၌ ရေးဖွဲ့ထားသည်။ ထိုအဖွဲ့၌ ပြောက်ကျားစစ်သည်လေး၏ စေတနာ၊ သဘောထားကို အထင်အရှားတွေ့နိုင်သည်။ နိုင်ငံ့သားကောင်းတစ်ယောက်၏ တာဝန်ယူလိုမှု စိတ်ဓာတ်ကို အလေးအနက် သိမြင်ရသည်။ တာဝန်ထမ်းဆောင်ရင်း အန္တရာယ်ကြောင့် သေဆုံးရတော့မည့်အချိန်တိုင်အောင် တာဝန်မကျေပွန်မည်ကိုတွေး၍ စိုးရိမ်မိသေးသည်။

တာဝန်ကို ခိုကပ်ရှောင်လွှဲလို၍မဟုတ်၊ တာဝန်မထမ်းနိုင်တော့မည့် သေဆုံးရခြင်း၊ တာဝန်မကျေပွန်နိုင်သေးမီ သေဆုံးရခြင်းကိုပင် "ကိုယ်လွတ်ရှောင်ခွာခြင်း" ဟု မိမိကိုယ်မိမိ အပြစ်တင်လိုက်သေးသည်။ မည်မျှ တာဝန်ကျေပွန်လိုသောစိတ်ပေနည်း။ မိမိတာဝန်မကျေမည်ကိုသာတွေး၍ ပူပန်ခံစားနေခြင်းမဟုတ်၊ မိမိတာဝန်ကို အခြားသူတို့ ခွဲယူထမ်းဆောင်ရမည်ကိုတွေး၍ အားနာလိုက်သေးသည်။ မည်မျှ ညာတာမြင့်မြတ်သောစိတ်ပေနည်း။ ရှင်လမ်း၌ လျှောက်လှမ်းကြရဦးမည့် သူတို့ကိုပင် သေလမ်းသို့ သွားရမည့်သူက တာဝန်အတွက် တောင်းပန်စကား ဆိုသွားသေးသည်။ မည်မျှ တာဝန်ကို အလေးထားသူ ဖြစ်ပါသနည်း။ လေးစားထိုက်သော စိတ်ထားပိုင်ရှင်ပါပေ။

ကဗျာပါ ထိုအဖြစ်အပျက်၊ ထိုစကားသံတို့ကို မြင်ယောင်၊ ကြားယောင်မိပြီး တာဝန်ကျေပွန်လိုသော နိုင်ငံ့သားကောင်းတစ်ဦး၏ စရိုက်ကို ခံစားသိမြင်လိုက်ရပေသည်။ ထိုအသိစိတ်သည် ထိုကဗျာဖတ်မိသူ၏ စိတ်တွင် ခိုအောင်းနေမည်သာ ဖြစ်ပါသည်။

ဤကား "သူ့မှာတမ်း"ကဗျာကို ဖတ်ရှုမိခြင်းကြောင့် တွေးမိရင်း သိလိုက်ရသော ခံစားမှုအသိပင် ဖြစ်ပါသည်။ ထိုသို့ဖြင့် အလုပ်တာဝန်များကို လုပ်ရင်းကိုင်ရင်း လုပ်ဖော်ကိုင်ဖက်များနှင့်လည်း ထိုကဗျာအကြောင်းကို ပြောဆိုဆွေးနွေးဖြစ်ခဲ့ပါသည်။ တာဝန်ကျရာ အလုပ်များကို လုပ်ကိုင်ရင်း ထိုအကြောင်းကို မေ့ပျောက်နေခဲ့သည်။

တစ်ခါ၌ တာဝန်ကျရာ အလုပ်တစ်ခုကို စုပေါင်းလုပ်ကိုင်ကြရင်း မိမိမှာ အကြောင်းကိစ္စတစ်ခုကြောင့် မိမိအလုပ်တာဝန်ကို ထား၍သွားရမည့် အခြေအနေမျိုးနှင့် ကြုံခဲ့ရသည်။ ထိုသို့ တာဝန်မှ လစ်ထွက်ရမည်ကိုလည်း မဝံ့မရဲဖြစ်မိသည်။ အခြားလုပ်ဖော်ကိုင်ဖက်များကိုလည်း အားတုံ့အားနာဖြစ်မိသည်။ ထိုအချိန်တွင် ဆရာမင်းသုဝဏ်၏ "သူ့မှာတမ်း"ကဗျာလေးကို သတိရကာ ကဗျာပါ ပြောက်ကျားစစ်သည်လေး၏ စကားကို ကြားယောင်မိပြီး လုပ်ဖော်ကိုင်ဖက်တို့အား "ကိုယ်လွတ်ရှောင်ခွာ၊ ခွဲရပါ၍၊ အားနာခဲ့ကြောင်း ပြောပါလေ။"ဟု ပြုံးဖြဲဖြဲနှင့် ပြောဆိုမိသည်။ ကဗျာပါ အကြောင်းအရာ ဖြစ်ရပ်တို့ကို သိနှင့်ပြီးသော လုပ်ဖော်ကိုင်ဖက်တို့က နောက်ပြောင်ကြသေးသည်။ မည်သို့ပင်ဖြစ်စေ စာပေကဗျာပါ အကြောင်းအရာ ဖြစ်ရပ်တို့သည် အကြောင်းတိုက်ဆိုင်လာတိုင်း ပွဲတင်ထပ်ကာ ကြားယောင်၊ မြင်ယောင်လာတတ်ကြောင်း သတိပြုမိခဲ့ပါသည်။

"သူ့မှာတမ်း"ကဗျာကို ဖတ်ရှုခံစားခဲ့သည်မှာ အချိန်ကာလအားဖြင့် ကြာညောင်းခဲ့ပြီး ထိုအကြောင်းကိုပြန်၍ မတွေးဖြစ်သည်မှာလည်း ကြာမြင့်ခဲ့ပါသည်။ ဤသို့ဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့သို့ ခရီးစဉ်ရှိကြောင်း ကြားရသည်။ ထိုမြောင်းမြမြို့၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒေသခံပြည်သူတို့၏စကားဝိုင်း ကျင်းပမည်ဟူ၍လည်း သိရသည်။ ထို့ကြောင့် ၂၀၁၈ ခုနှစ် ဧပြီ ၁၀ ရက်တွင် ကျင်းပသော ထိုစကားဝိုင်းကို စောင့်ကြည့်မိသည်။ ထိုစကားဝိုင်းမှ အမေးအဖြေခန်းတွင် ဆက်သွယ်မှုကွန်ရက်(အင်တာနက်)မှ အမေးတို့ကို ဖြေကြား သည့် အစီအစဉ်လည်း ပါဝင်သည်။ ထိုအထဲမှ "ကိုမင်းသူ"ဟူသော သူက အမေးစကားဆိုသည်မှာ-

"အမေစုခင်ဗျာ၊ အမေစုရဲ့ အခုအချိန်မှာ အဖြစ်ချင်ဆုံး ဆန္ဒရှိခဲ့ရင် သိခွင့်ရချင်ပါတယ်။ အမေစု အမြဲပြုံးပျော်ရွှင်နိုင်ပါစေ"ဟူ၍ ဖြစ်သည်။ ထိုအမေးနှင့် ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်က ဖြေကြားရာတွင်

"ကျွန်မတို့ နိုင်ငံသူ နိုင်ငံသားတိုင်းအားလုံးဟာ တစ်ယောက်ချင်း တစ်ယောက်ချင်း တာဝန်သိစိတ်နဲ့ ပြည့်ဝစေချင်တယ်. . .

ကျွန်မဘဝမှာ ဘာအလိုချင်ဆုံးလဲဆိုတော့ ဘဝဆုံးတဲ့တိုင်မှာ တာဝန်ကျေခဲ့တယ်ဆိုတဲ့

ဟို. . ကျေနပ်မှုနဲ့ပဲ ဆုံးသွားစေချင်တယ်။"

ထိုသို့ကြားမိသောအခါ "သူ့မှာတမ်း"ကဗျာ၊ ထိုကဗျာမှ ပြောက်ကျားစစ်သည်လေး၏ ပြောစကား၊ ထိုပြောက်ကျားစစ်သည်လေး၏ တာဝန်ကျေပွန်လိုသော စိတ်ဓာတ်နှင့် သဘောထား စသည်တို့ကို အတွေးစိတ်၌ ကြားယောင်၊ မြင်ယောင် ဖြစ်မိပြန်ပေသည်။

"ကိုယ်လွတ်ရှောင်ခွာ၊ ခွဲရပါ၍၊
အားနာခဲ့ကြောင်း ပြောပါလေ။" ဟူသော စကားသံတို့ကို ထပ်ကာထပ်ကာ ကြားယောင်မိပေသည်။

ထို့အပြင်လည်း ကဗျာကိုကျော်၍ ကဗျာစာဆို၏ စိတ်ကို မှန်း၍ ကြည့်မိလိုက်ပါသေးသည်။ ထိုကဗျာပါ ပြောက်ကျားစစ်သည်၏ စိတ်ဓာတ်နှင့် ခံစားမှုမျိုးသည် စာရေးသူ၌လည်း ရှိလိမ့်မည်။ ပြောက်ကျားစစ်သည်လေး၏ တာဝန်ကျေပွန်လိုသောစိတ်အတိုင်း ထိုကဗျာကို ရေးဖွဲ့သူ ဆရာမင်းသုဝဏ်၌ တာဝန်ကျေပွန်လိုသောစိတ် အပြည့်ရှိလိမ့်မည်ဟု လှမ်းမြော်တွေးမိလိုက်ပါသေးသည်။

"အားနာတတ်သောသူပါလေ"

# ဝေါအဆင့်မြင့်ဈေးသစ်ကြီးနှင့် ယာဉ်ရပ်နားစခန်း တည်ဆောက်ပြီးစီး ဆိုင်ခန်းပေါင်း ၃၉၀နှင့် ယာဉ်အစီးရေ ၁၀၀ ခန့် ရပ်နားနိုင်သည့် ကားပါကင်ပါဝင်

**ဝေါ မေ ၁၈**

ပဲခူးတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝေါမြို့နယ် ရန်ကုန်-မော်လမြိုင်-မြဝတီ-မဲဆောက် အဝေးပြေးလမ်းမကြီးပေါ်၌ ဆောက်လုပ်နေသည့် ၃ ဒသမ ၃၄ ဧကအကျယ်အဝန်းရှိသော ဝေါအဆင့်မြင့် ဈေးသစ်ကြီးမှာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်၍ ဇွန်လအတွင်း ဈေးဆိုင်ခန်းများ ခင်းကျင်း ရောင်းချနိုင်တော့မည်ဖြစ်ကြောင်း၊ ဆိုင်ခန်းပေါင်း ၃၉၀ နှင့် ယာဉ်အစီးရေ ၁၀၀ ခန့် ရပ်နားနိုင်သည့် ကားပါကင်ပါဝင်ကြောင်း သိရသည်။




ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုချက်နှင့် ဝေါမြို့နယ် စည်ပင်သာယာရေးကော်မတီ၏ကြီးကြပ်မှုဖြင့် Pa Hta Wi Soe ကုမ္ပဏီလီမိတက်နှင့် Amanda Trading ကုမ္ပဏီလီမိတက်တို့ တာဝန်ယူဆောက်လုပ်နေသည့် ငွေကျပ်သိန်းပေါင်း ၂၇၀၀၀ ကျော် အကုန်အကျခံ တည်ဆောက်နေသော ဝေါမြို့ အရှေ့ဘက်ကမ်းရပ်ကွက်ရှိ ဝေါအဆင့်မြင့် ဈေးသစ်ကြီးမှာ ရန်ကုန်- မော်လမြိုင်- မြဝတီအာရှလမ်းမကြီးပေါ်တည်ရှိခြင်း၊ ထိုင်းလူသုံးကုန်ပစ္စည်းများနှင့် ဒေသထွက်စားသောက်ကုန်ပစ္စည်းများကို ခဏတာ ယာဉ်ရပ်နားပြီး ဈေးဝယ်ယူနိုင်ခြင်း၊ ဝေါမြို့နယ်အတွင်းရှိ ရွာပေါင်း ၆၀ ၏ အဓိက အဝင်၊ အထွက်လမ်းပေါ်တွင် တည်ရှိနေခြင်း၊ ရေလမ်းကြောင်း ကုန်သွယ်ရေးဖြစ်သည့် လှေဆိပ်အနီးတွင် တည်ရှိခြင်း၊ ကုန်ပစ္စည်းများကို ဈေးနှုန်း သက်သာစွာ သယ်ဆောင်နိုင်သည့် ရထားဘူတာရုံရှိခြင်း၊ မိုးဒဏ်၊ လေဒဏ်ခံနိုင်ပြီး ခေတ်မီစိတ်ချရသော နည်းပညာဖြင့် တည်ဆောက်ထားခြင်း၊ မြို့လယ်တွင်တည်ရှိသော လက်ရှိ ဈေးဟောင်းနေရာနှင့် ကိုက် ၆၀၀ အကွာတွင် တည်ရှိခြင်းနှင့် ဈေးနှုန်းချိုသာသော ရင်းနှီးမြှုပ်နှံမှုဖြင့် သင့်လျော်ပြီး ဆိုင်ခန်းဝယ်ယူရာတွင် အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ခြင်းများရှိကြောင်း ဝေါမြို့နယ် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ဝေါအဆင့်မြင့်ဈေးသစ်ကြီးအတွင်း၌ စားသောက်ဆိုင်ခန်းများ၊ စိုက်ပျိုးသီးနှံနှင့် ရေထွက်ပစ္စည်းများ၊ ကမ္ဘာလှည့်ခရီးသွားများပါ လာရောက်လေ့လာ လည်ပတ်နိုင်မည့် ဒေသထွက် ပဲအမျိုးမျိုး၊ ဆန်စပါး၊ လယ်ယာထွက်ကုန်နှင့် အော်ဂဲနစ် အရောင်းပြခန်းများနှင့် သန့်ရှင်းမှုဖြင့် အထူးပြုလုပ်ထားသော လတ်ဆတ်သည့် သားငါးအရောင်းဆိုင်ခန်းများ ပါဝင်ပြီး အခြေခံလူတန်းစားများသာမက ခရီးသွားလုပ်ငန်း ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် စီမံဆောင်ရွက်ထားသော ဈေးသစ်ကြီးတစ်ခုဖြစ်သည်။ ထိုင်း-မြန်မာ နှစ်နိုင်ငံ ဆက်သွယ်ရေးလမ်းမပေါ်တွင် တည်ရှိပြီး အောက်မြန်မာပြည်ကို ဆက်သွယ်ထားသော အဝေးပြေးလမ်းမကြီးပေါ်တွင်တည်ရှိကာ စီးပွားရေးမြို့တော် ရန်ကုန်နှင့် မိုင် ၅၀ သာ ကွာဝေးသောကြောင့် ဒေသခံပြည်သူများ နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိအောင် ရည်မှန်းချက်ထား၍ စီမံကိန်းများရေးဆွဲ ဆောင်ရွက်ထားသော စီမံကိန်းဖြစ်ကြောင်း ဝေါအဆင့်မြင့်ဈေးသစ်ကြီး တည်ဆောက်ရေးအဖွဲ့မှ တာဝန်ခံ ဦးနေလွင်က ပြောသည်။

ဝေါအဆင့်မြင့်ဈေးသစ်ကြီး အတွင်း၌ ယာဉ်ရပ်နားရန်အတွက် ယာဉ်အစီးရေ ၁၀၀ ခန့် ရပ်နားနိုင်သည့် ကားပါကင်ပါဝင်မည်ဖြစ်ပြီး သန့်ရှင်းသပ်ရပ်သော စားသောက်ဆိုင်ခန်းများအား ၂၄ နာရီ ဖွင့်လှစ်ထားရှိမည်ဖြစ်ကာ တစ်နာရီလျှင် ယာဉ်အစီးရေ ၂၀၀၀ ကျော် ဖြတ်သန်းသွားလာနေသော ရန်ကုန်- မော်လမြိုင် အမြန်လမ်းမကြီးပေါ်မှ ဖြတ်သန်းသွားလာကြမည့် ယာဉ်များနှင့် ရန်ကုန်မြို့မှ ကျိုက်ထီးရိုးဘုရားသို့သွားရောက်ကြမည့် ဘုရားဖူးဧည့်သည်များမှာ ခရီးတစ်ထောက် အနားယူနိုင်ကြမည်ဖြစ်သည်။ ဒေသထွက်ကုန်များအား တစ်နေရာတည်းတွင် စုံလင်စွာ ဝယ်ယူနိုင်ကြမည်ဖြစ်ပြီး ထိုင်းနိုင်ငံထွက် ကုန်ပစ္စည်းများကိုလည်း မြဝတီမြို့အထိ သွားရောက်ဝယ်ယူစရာမလိုတော့ဘဲ ဝေါအဆင့်မြင့်ဈေးသစ်ကြီးအတွင်း၌ ဝယ်ယူနိုင်မည်ဖြစ်ကာ ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအနေအထားအရ ၁၀ ပေပတ်လည် အကျယ်ရှိ ဆိုင်ခန်းပေါင်း ၃၉၀ ဖြင့် ဆောက်လုပ်နေသော ဝေါအဆင့်မြင့်ဈေးသစ်ကြီး၌ ဈေးပတ်လမ်းနှင့် အတွင်း လူလျှောက်ပတ်လမ်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။ ရုံ(A)၊ ရုံ(B)နှင့် ရုံ(C) တို့အား ကွန်ပိုးစစ်တပ်ဆင်ခြင်းနှင့် အခန်းများ ဖွဲ့စည်းပြင်ဆင်ပြီးဖြစ်ကာ လျှပ်စစ်မီးသွယ်တန်းနေမှုမှာလည်း အနည်းငယ်သာ ကျန်ရှိတော့ကြောင်း သိရသည်။ ဆိုင်ခန်းပေါင်း ၃၉၀ ပါဝင်သော ဈေးသစ်ကြီးအတွင်းရှိ ရုံ(A)နှင့် ရုံ(B)၌ အနံ့အသက်ကင်းမည့် ရွှေဆိုင်၊ ဖုန်းဆိုင်၊ အီလက်ထရွန်နစ်ပစ္စည်းများနှင့် အဝတ်အထည်ဆိုင်များ၊ ရုံ(C)၌ အနံ့ထွက်မည့် ဒေသထွက် စားသုံးကုန်ပစ္စည်းများဖြစ်သော ငါးပိ၊ ငါးခြောက်များ ရောင်းချနိုင်အောင် စီစဉ်ထားသည်။ သား၊ ငါးများ ရောင်းချနိုင်ရန်နှင့် အခန်းအကွက်ပေါင်း ၇၀ ကျော်ရှိ ခုနစ်ပေပတ်လည်ရှိ ပျံကျဈေးဆိုင်ခန်းများကိုလည်း သီးသန့်ဆောင်ရွက်ပေးထားပြီး အရေးပေါ်မီးသတ်စနစ်များ၊ ကိုယ်ပိုင်ထရန်စဖော်မာများကို စီမံဆောင်ရွက်ပေးထားကြောင်း သိရသည်။ **ပွင့်သစ္စာ**


# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၂/၂၀၁၈
၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၄ ရက်
(၂၀၁၈ ခုနှစ်၊ မေလ ၁၈ ရက်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၇ နှင့် ပုဒ်မ ၃၃၂ တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးတင်မောင်မြင့်ကို လစ်လပ်လျက်ရှိသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တွန်းဇံ ပိုးစာခြံ၌ ပိုးမွေးမြူရေးရုံကို လှည့်လည်ကြည့်ရှုစဉ်။

**✻ ကျောဖုံးမှ**

အတွက် ထိရောက်အကျိုးရှိသည့် ပုံစံဖြစ်အောင် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့ဝင်များသည် ကျီခါးမြို့သို့ရောက်ရှိရာ ဒေသခံပြည်သူများက ရိုးရာဓလေ့အတိုင်း ဂုဏ်ပြုကြိုဆိုကြသည်။

ယင်းနောက် ကျီခါးမြို့ ခဲင်မန်းကျေးရွာသို့ရောက်ရှိရာ ဒေသခံပြည်သူများက ရိုးရာဓလေ့အတိုင်း ဂုဏ်ပြုကြိုဆိုကြပြီး ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဒေသဖွံ့ဖြိုးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်ဈေးများ ဖွင့်လှစ်နိုင်ရန် လျာထားသည့်နေရာကို ကြည့်ရှုရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က နယ်စပ်ဈေး တည်ဆောက်ဖွင့်လှစ်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

## စုစုပေါင်းလမ်းမိုင် ၉၀

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား ကျီခါးမြို့ လမ်းဦးစီးဌာနရိပ်သာ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး ဦးကျော်မျိုးထွန်းက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ချင်းပြည်နယ် လမ်းဦးစီးဌာနမှ ဆောင်ရွက်မည့်လုပ်ငန်းများ၊ ပြည်နယ်၏ တောင်၊ မြောက် အဓိကဆက်သွယ်သည့် လမ်းများအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပင်မဘတ်ဂျက်ဖြင့် တီးတိန်-တွန်းဇံ-ကျီခါးလမ်း မိုင် ၃၀၊ ဟားခါး-မတူပီလမ်း မိုင် ၃၀ နှင့် မတူပီ-ပလက်ဝလမ်း မိုင် ၃၀ စုစုပေါင်းလမ်းမိုင် ၉၀ ကို ၁၈ ပေအကျယ် ကွန်ကရစ်လမ်းနှင့် ၁၂ ပေအကျယ် ကတ္တရာလမ်းသစ်များအဖြစ် ဆောင်ရွက်သွားမည့်အစီအစဉ်၊ သဘာဝဘေးဒဏ်ကြောင့် ကလေး-ဖလမ်း တောင်ပြိုလမ်းပိတ်ဆို့မှုများကို အချိန်ကြာမြင့်စွာ မဖြစ်ပေါ်ရေးအတွက် ဆောင်ရွက်ခဲ့မှုနှင့် ကြိုတင်ကာကွယ်မှုအနေဖြင့် လမ်းတာချဲ့ခြင်း၊ မြေထိန်း/မြေကာနံရံများ တည်ဆောက်ပြီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

## ရာသီမရွေးအန္တရာယ်ကင်း သွားလာနိုင်ရေး

တင်ပြချက်များအပေါ် ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းပေးပြီး ချင်းပြည်နယ်၏ အဓိကဆက်သွယ်ရေးလမ်းဖြစ်သည့် မော်တော်ကားလမ်းများကို ပြည်သူများအနေဖြင့် ရာသီမရွေးဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ယခုထက် ပိုမိုကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုသည် ပြည်နယ်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ကျီခါးမြို့ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးဝါးကုသမှု ခံယူနေကြသည့် အမျိုးသား၊ အမျိုးသမီး လူနာများအား တွေ့ဆုံအားပေးစကားပြောကြား၍ ထောက်ပံ့ငွေများ ပေးအပ်ကြပြီး ဆေးရုံဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀ သိန်းကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ကျီခါးတိုက်နယ်ဆေးရုံ တိုးချဲ့ဆောင် တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် တီးတိန်-ကျီခါးလမ်းကို အမာခံကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်နေမှုနှင့် နတ်ဇန်ကျေးရွာအနီးရှိ မဏိပူရမြစ်ကူး အရှည်ပေ ၄၅၀ ရှိ နှစ်လွှာထပ် ဘေလီသံပေါင် နတ်ဇန်တံတား ကြံခိုင်မှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် ဒုတိယသမ္မတက လမ်းအရည်အသွေးဆိုင်ရာ



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကျီခါးမြို့ (၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံတွင် လူနာတစ်ဦးအား ထောက်ပံ့ငွေပေးအပ်စဉ်။

စံသတ်မှတ်ချက်များနှင့်အညီ တည်ဆောက်သွားရန်နှင့် ရေရှည်ကြံ့ခိုင်ကောင်းမွန်ရေးအတွက် အလေးထားဆောင်ရွက်သွားကြရန် မှာကြားသည်။

## တွန်းဇံမြို့ (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံ

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် တွန်းဇံမြို့ (၂၅)ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိရာ ဆေးရုံအုပ်ကြီး ဒေါက်တာထန်ရှုန်းခိုင်နှင့်တာဝန်ရှိသူများက တိုးချဲ့ဆောင်တည်ဆောက်ပြီးစီးမှုနှင့် ပြည်သူများအား ဆေးဝါးစောင့်ရှောက်ပေးနေမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသပြီး ဆေးဝါးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများအား အားပေးစကား ပြောကြား၍ ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် တွန်းဇံပိုးစာခြံသို့ ရောက်ရှိရာ တာဝန်ရှိသူများက ပိုးစာပင်များ စိုက်ပျိုးထားမှုနှင့် ပိုးမွေးမြူရေးရုံများကို လိုက်လံရှင်းလင်းပြသရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပိုးစာပင်စိုက်ပျိုးခြင်းဖြင့် ဒေသခံမိသားစုဝင်များ၏ ဝင်ငွေကို တိုးတက်စေမည့်အပြင် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းကို အစားထိုးလုပ်ကိုင်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပိုးစာခြံအား စနစ်တကျ အဆင့်မြှင့်တင် ဆောင်ရွက်သွားရန်နှင့် သုတေသနတွေ့ရှိချက်များကို ပြည်သူများသို့ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးခြင်းဖြင့် ပိုးစာပင်စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

တွန်းဇံပိုးစာခြံသည် တီးတိန်-တွန်းဇံ ကားလမ်းမကြီးဘေး တွန်းဇံမြို့အဝင် ပင်လယ်ရေ မျက်နှာပြင်အထက် ပေ ၄၈၀၀ တွင် တည်ရှိပြီး ၁၉၆၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ တွန်းဇံမြို့နယ်သည် ပိုးစာပင်စိုက်ပျိုးရေးနှင့် ပိုးမွေးမြူရေးလုပ်ငန်းအတွက် ရေ၊ မြေ၊ ရာသီဥတုနှင့် သင့်လျော်၍ ဒေသခံတောင်သူများ ဝင်ငွေတိုးတက်ရရှိရေးအတွက် အထောက်အကူပြုသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ တွန်းဇံမြို့နယ်သည် ၁၉၇၉-၁၉၈၀ ခုနှစ်များတွင် ပိုးအိမ်ပေါင် ရှစ်သောင်းကျော်အထိ ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

## ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ

ညနေပိုင်းတွင် ဒုတိယသမ္မတသည် တီးတိန်မြို့ လွယ်ဘွာလ်းရပ်ကွက်ရှိ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှု၍ ဆေးဝါးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၌ ငွေကျပ်သန်း ၂၀၀ အကုန်အကျခံ၍ ရှစ်ခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုသည်။

**သတင်းစဉ်**

**✻ ဟိုင်းကြီးကျွန်းမှ**

ယခုကဲ့သို့သုံးလအတွင်း ငါးဖမ်းရေယာဉ် ၁၇ စင်းစီကို အဝင်၊ အထွက်ပြုလုပ်၍ အလှည့်ကျ ငါးဖမ်းထွက်ခြင်းသည် ငါးလုပ်ငန်းဦးစီးဌာနက သတ်မှတ်ထားသည့် ၂၀ ရာခိုင်နှုန်း ထွက်ခွင့်ပြုလိုက်သည့် စည်းကမ်းချက်ကို ဖောက်ဖျက်ခြင်းမျိုးမဖြစ်တော့ဘဲ ငါးဖမ်းရေယာဉ် တစ်စင်းလျှင် အနည်းဆုံး ရေလုပ်သား ၂၀ ခန့် လိုက်ပါစီးနင်းကြပြီး ရေလုပ်သား ၃၅၀ ခန့် တစ်လခြားစီ အလုပ်လုပ်ကိုင်ခွင့်ရကြမည်ဖြစ်ကြောင်း ဒေသခံရေလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ကမ်းဝေးငါးဖမ်းရေယာဉ် အစင်းရေမှာ ပုံမှန်အားဖြင့် ၈၆ စင်းရှိပြီး လုပ်ငန်းရှင်အရေအတွက်မှာ ၄၀ ကျော်ရှိရာ လုပ်ငန်းရှင်အားလုံး ယခုနှစ် မိုးရာသီတွင် အလှည့်ကျ ငါးဖမ်းလုပ်ငန်း ဆောင်ရွက်နိုင်သည့် အခြေအနေမျိုးလည်း ဖြစ်သည်။

လက်ရှိအချိန်တွင် ငါးဖမ်းခွင့်ပိတ်ထားသည့်သုံးလအတွင်း အလှည့်ကျ ငါးဖမ်းခွင့် မရရှိကြသည့် ငါးဖမ်းရေယာဉ်များအနေဖြင့် ခွင့်ပြုချက်မဲ့ ပင်လယ်ပြင်သို့ ငါးဖမ်းထွက်ခွာကြမည့် သတင်းများထွက်ပေါ်လျက်ရှိရာ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ခွင့်ပြုချက်မဲ့ ငါးဖမ်းဆီးရန် ပင်လယ်ပြင်သို့ ထွက်ခွာသွားသည့် ငါးဖမ်းရေယာဉ်များကို စိစစ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး မေ ၁၅ ရက် နောက်ဆုံးထား၍ ငါးဖမ်းရေယာဉ်အားလုံး ကမ်းသို့ပြန်ဝင်ကြရန်နှင့် အလှည့်ကျထွက်ခွင့်ရရှိထားသော ရေယာဉ်များသာ ပြန်လည်ထွက်ခွာရန် အသိပေးအကြောင်းကြားထားကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# နှစ်ပေါင်း ၇၀ အတွင်း တိပိဋကဓရ၊ တိပိဋကကောဝိဒ သာသနာ့အာဇာနည် အရှင်သူမြတ် ၁၄ ပါး ပေါ်ထွက်ခဲ့ သက်ရှိထင်ရှားရှိသည့် တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၁၀ ပါးရှိ



အကြိမ် (၇၀)ပြည့် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်များအား ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီးတို့ အမှူးပြုသော အဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူကြစဉ်။

**ရွှေဖုံးမှ**

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သာရဏီယသြဝါဒကထာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသက ဖတ်ကြားချီးမြှင့်တော်မူသည်။

**(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်၏ သြဝါဒကထာကို စာမျက်နှာ ၉ တွင် ဖော်ပြထားပါသည်)**

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးမှာ တိပိဋကလောင်းလျာ အရှင်မြတ်များသည် ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့သော ပါဠိပိဋကတ်တော်ကျမ်းစာများအားလုံးကို အစအဆုံး ကျက်မှတ်ပြီး အာဂုံအလွတ်ပြန်ဆိုနိုင်ရန်မှာ သာမန်ဉာဏ်၊ လုံ့လ၊ ဝီရိယတို့ဖြင့် ဖြစ်နိုင်သည့်ကိစ္စမဟုတ်ပါကြောင်း၊ စာကျက်အား၊ မှတ်ဉာဏ်အားနှင့် သတိဝီရိယသမာဓိအားကောင်းပြီး ကျန်းမာရေးနှင့် ပြည့်စုံမှသာ ပိဋကသုံးပုံအလုံးစုံကို အာဂုံပြန်ဆို ရေးဖြေနိုင်ကြမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပထမအကြိမ် စတင်ကျင်းပသည်မှ ယခုအချိန်အထိ နှစ်ပေါင်း ၇၀ အတွင်းတွင် တိပိဋကဓရ၊ တိပိဋကကောဝိဒ သာသနာ့အာဇာနည် အရှင်မြတ် ၁၄ ပါးမျှသာ ပေါ်ထွက်နိုင်ခဲ့ပါကြောင်း။

အကြိမ် (၇၀)ပြည့် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် အာဂုံနှင့် သဘောရေးဖြေ နှစ်ရပ်လုံး၌ စာဖြေသံဃာ ၃၀၇ ပါးအနက် ပိဋကသုံးပုံအာဂုံအောင် တိပိဋကဓရဘွဲ့ရ သာသနာ့အာဇာနည် အရှင်မြတ် တစ်ပါး၊ ပိဋကနှစ်ပုံခွဲအာဂုံအောင် မူလအာဘိဓမ္မိကဘွဲ့ရ သာသနာ့အာဇာနည် အရှင်မြတ် နှစ်ပါး၊ ပိဋကနှစ်ပုံအောင် ဒီဃနိကာယကောဝိဒဘွဲ့ရ သာသနာ့အာဇာနည်အရှင်မြတ် တစ်ပါး၊ ပိဋကနှစ်ပုံအာဂုံအောင် ဒီဃဘာဏကဘွဲ့ရ သာသနာ့အာဇာနည် အရှင်မြတ် ခြောက်ပါး၊ ပိဋကတစ်ပုံအောင် ဝိနယကောဝိဒဘွဲ့ရ သာသနာ့အာဇာနည် အရှင်မြတ် လေးပါး၊ ပိဋကတစ်ပုံအာဂုံအောင် ဝိနယဓရဘွဲ့ရ သာသနာ့အာဇာနည် အရှင်မြတ် ၁၃ ပါး၊ ဝိနယပိဋက(ပထမပိုင်း) ရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒဘွဲ့ရ သာသနာ့အာဇာနည် အရှင်မြတ် ၁၀ ပါး၊ ဝိနယပိဋက (ပထမပိုင်း) အာဂုံအောင် ဥဘတောဝိဘင်္ဂဓရဘွဲ့ရ သာသနာ့အာဇာနည် အရှင်မြတ် ၅၁ ပါး စုစုပေါင်း သာသနာ့အာဇာနည် အရှင်မြတ် ၈၈ ပါးတို့ အသီးသီးအောင်မြင်တော်မူခဲ့ကြပါကြောင်း။



**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။**

ယခုနှစ် အကြိမ်(၇၀)ပြည့် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် ပိဋကသုံးပုံ အာဂုံဆောင် တိပိဋကဓရ သာသနာ့အာဇာနည် အရှင်မြတ်သည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်မှ **အရှင်သေဋ္ဌညာဏာလင်္ကာရ** အရှင်မြတ်ဖြစ်ပါကြောင်း။

ယခုနှစ်ပေါ်ထွန်းလာသည့် အရှင်မြတ်တစ်ပါးအပါအဝင် ပိဋကသုံးပုံ အာဂုံဆောင် တိပိဋကဓရ သာသနာ့အာဇာနည်အရှင်မြတ် ရှစ်ပါး ပေါ်ထွန်းထားပြီးဖြစ်ရာ ရှေ့လာမည့် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးများတွင် အဘိဓမ္မပိဋက နောက်ပိုင်းရေးဖြေအောင်မြင်ပါက တိပိဋက ကောဝိဒဘွဲ့ရရှိပြီး ပြီးပြည့်စုံသော တိပိဋကဓရ၊ တိပိဋကကောဝိဒ သာသနာ့အာဇာနည် အရှင်မြတ်များ ပေါ်ထွန်းလာကြမည်ကို ကြိုတင်မှန်းဆ၍ ကြည်ညိုသဒ္ဓါ တိုးပွားရပါကြောင်း။

ထိုကဲ့သို့ သာသနာ့အာဇာနည် အရှင်မြတ်များ ပေါ်ထွန်းလာခဲ့သဖြင့် တပည့်တော်တို့၏ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် နိုင်ငံတော်အစိုးရနှင့် နိုင်ငံသူ နိုင်ငံသား ဒါယကာ ဒါယိကာမများမှာ သာသနာတော်၌ အခြေခံကျလှသည့် ဂန္ထဓုရသာသနာ့တာဝန်ကို စွမ်းစွမ်းတမံ အားထုတ်ထမ်းဆောင်နေကြသော သာသနာ့အာဇာနည်ပုဂ္ဂိုလ်ထူး အရှင်မြတ်များအား စဉ်ဆက်မပြတ် လှူဒါန်းခွင့်၊ ချီးမြှောက်ပူဇော်ခွင့်ရရှိနေခြင်း ဖြစ်ပါကြောင်း။

သာသနာ့အာဇာနည်အရှင်မြတ်များအား အစဉ်သဖြင့် လေးမြတ်ကော်ရော် ဖူးမြော်နေရခြင်း၊ ချီးမြှောက်ရည်မှန်းလှူဒါန်းနေရခြင်း၊ အရှင်သူမြတ်တို့ ဟောကြားညွှန်ပြ မြတ်ဓမ္မကို ကြားနာမှတ်သား ကျင့်ပွားနေရခြင်းတို့ကြောင့် တပည့်တော်တို့ နိုင်ငံသူ နိုင်ငံသား ဒါယကာ ဒါယိကာမများမှာ ကုသိုလ်မျိုးစေ့ကောင်းကို စေတနာသဒ္ဓါထပ်လောင်းလျက် သံဃာရတနာတည်းဟူသော လယ်ယာမြေကောင်းတွင် စိုက်ပျိုးရင်းနှီးခွင့်ရကြသည်ဟု ယုံကြည်ပါကြောင်း။

**ပိဋကသုံးပုံအာဂုံအောင် တိပိဋကဓရ ဘွဲ့ရသာသနာ့အာဇာနည် အရှင်မြတ် တစ်ပါး၊ ပိဋကနှစ်ပုံခွဲအာဂုံအောင် မူလအာဘိဓမ္မိကဘွဲ့ရ သာသနာ့အာဇာနည် အရှင်မြတ် နှစ်ပါး၊ ပိဋကနှစ်ပုံအောင် ဒီဃနိကာယကောဝိဒဘွဲ့ရ သာသနာ့အာဇာနည် အရှင်မြတ် တစ်ပါး၊ ပိဋကနှစ်ပုံအာဂုံအောင် ဒီဃဘာဏကဘွဲ့ရ သာသနာ့အာဇာနည် အရှင်မြတ် ခြောက်ပါး၊ ပိဋကတစ်ပုံအောင် ဝိနယကောဝိဒဘွဲ့ရ သာသနာ့အာဇာနည် အရှင်မြတ် လေးပါး၊ ပိဋကတစ်ပုံ အာဂုံအောင် ဝိနယဓရဘွဲ့ရ သာသနာ့အာဇာနည် အရှင်မြတ် ၁၃ ပါး၊ ဝိနယပိဋက(ပထမပိုင်း) ရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒဘွဲ့ရ သာသနာ့အာဇာနည် အရှင်မြတ် ၁၀ ပါး၊ ဝိနယပိဋက (ပထမပိုင်း) အာဂုံအောင် ဥဘတောဝိဘင်္ဂဓရဘွဲ့ရ သာသနာ့အာဇာနည် အရှင်မြတ် ၅၁ ပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်း**

မြတ်စွာဘုရားရှင်၏ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်သော တရားတော်များကို အဓွန့်ရှည်ကြာ ထွန်းလင်းစည်ပင်စေရန် ရည်သန်လျက် ပရိယတ် ပဋိပတ် သာသနာ့ဝန်ဆောင် အရှင်မြတ်တို့က ဓုရနှစ်ဖြာကို ကျေပွန်စွာ ကြိုးစားအားထုတ်တော်မူကြသကဲ့သို့ နိုင်ငံတော်အစိုးရနှင့် နိုင်ငံသူ နိုင်ငံသား ကုသိုလ်ရှင် စေတနာရှင်များက ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှင့်ပူဇော်လျက်ရှိကြပါကြောင်း။

ဤသို့အားဖြင့် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးကို ဆရာ၊ ဒကာ ညီညာစွာဖြင့် ချီးမြှောက်စောင့်ရှောက်လှူဒါန်းသည့် ကုသိုလ်ကံစေတနာအဟုန်တို့ကြောင့် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး အနှစ် ၅၀၀၀ မက တည်တံ့ထွန်းလင်းပါစေကြောင်း၊ တပည့်တော်တို့အားလုံးသည်လည်း နိဗ္ဗာန်တိုင်သည်အထိ သမ္ပတ္တိအကျိုးများ ရရှိနိုင်ကြပါစေကြောင်းနှင့် မြန်မာနိုင်ငံကြီး ထာဝရငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်ပါစေဟု ဆုမွန်ကောင်းများ တောင်းပါကြောင်း လျှောက်ထားသည်။

ထို့နောက် အကြိမ် (၇၀)ပြည့် တိပိဋကဓရ၊ တိပိဋက ကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်များအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်ကြရာ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပိဋကသုံးပုံအာဂုံအောင် တိပိဋကဓရ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် တိပိဋကမဟာဂန္ထဝင် နိကာယ်ကျောင်းတိုက်မှ အရှင်သေဋ္ဌညာဏာလင်္ကာရအား တိပိဋကဓရဘွဲ့တံဆိပ်တော်၊ တိပိဋကဓရ အောင်လက်မှတ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ၊ တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပိဋကနှစ်ပုံခွဲအာဂုံအောင် မူလအာဘိဓမ္မိက နှစ်ပါး၊ ပိဋကနှစ်ပုံ ရေးဖြေအောင် ဒီဃနိကာယကောဝိဒ တစ်ပါး၊ ပိဋကနှစ်ပုံ အာဂုံအောင် ဒီဃဘာဏက ခြောက်ပါး၊ ပိဋကတစ်ပုံရေးဖြေအောင် ဝိနယကောဝိဒ လေးပါး၊ ပိဋကတစ်ပုံ အာဂုံအောင် ဝိနယဓရ ၁၃ ပါး၊ ဝိနည်းပထမပိုင်း ရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ ၁၀ ပါး၊ ဝိနည်းပထမပိုင်းအာဂုံအောင် ဥဘတောဝိဘင်္ဂဓရ ၅၁ ပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံမှ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရား နာယူတော်မူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် အကြိမ် (၇၀) ပြည့် တိပိဋကဓရတိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်များအား ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ အမှူးပြုသော အဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူကြသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိတော့မည့် အကြိုကာလကတည်းက နိုင်ငံတော်အနေဖြင့် လွတ်လပ်ရေးရပြီးပါက ဆဋ္ဌသင်္ဂါယနာတင်ရန် အာသီသပြင်းထန်လျက်ရှိရာ ကျန်ထေရဝါဒနိုင်ငံများက သင်္ဂါယနာတင်ရန်မှာ ပိဋကသုံးပုံ အာဂုံဆောင်ပုဂ္ဂိုလ်များရှိမှသာ သင်္ဂါယနာတင်နိုင်ခွင့်ရှိကြောင်း ဝေဖန်ပြောဆိုချက်ကြောင့် ပိဋကအာဂုံဆောင်ပုဂ္ဂိုလ်များ ပေါ်ထွန်းစေရန်ရည်ရွယ်၍ နိုင်ငံတော်အစိုးရက တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို နှစ်စဉ် ဒီဇင်ဘာလစတုတ္ထပတ်တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ ၃၃ ရက်ကြာ ကျင်းပပေးလျက်ရှိရာ ယခုဆိုလျှင် နှစ်(၇၀)ပြည့် ရှိပြီဖြစ်သည်။

ယမန်နှစ် (၆၉)ကြိမ်မြောက် စာမေးပွဲတွင် အာဂုံနှင့် သဘော ရေးဖြေ နှစ်ရပ်လုံး၌ စာဖြေသံဃာ ၂၉၁ ပါးရှိခဲ့ပြီး ယခုနှစ် အကြိမ်(၇၀)ပြည့်စာမေးပွဲတွင် စာဖြေသံဃာ ၃၀၇ ပါးရှိသဖြင့် စာဖြေသံဃာလျော့သွားခြင်းမရှိဘဲ ပို၍တိုးလာကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

ပထမအကြိမ် စတင်ကျင်းပသည်မှ ယခုအချိန်အထိ နှစ်ပေါင်း ၇၀ အတွင်း တိပိဋကဓရတိပိဋကကောဝိဒ သာသနာ့အာဇာနည်အရှင်မြတ် ၁၄ ပါး ပေါ်ထွက်ခဲ့ပြီး လက်ရှိသက်ရှိထင်ရှား တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၁၀ ပါးရှိကြောင်း သိရသည်။ **သတင်းစဉ်**



# သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဗိုလ် ငါးပါး ဦးစီး၍ သင်၊ အံ၊ ကျက်မှတ် ဝင်ရောက်ဖြေဆိုခဲ့ကြသဖြင့် အကြိမ်(၇၀)မြောက် တိပိဋကဓရ၊ တိပိဋက ကောဝိဒ ရွေးချယ်ရေးစာမေးပွဲ၌ အောင်ပန်းကို ရရှိခဲ့ကြခြင်းဖြစ်

## အကြိမ်(၇၀)မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲအခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ မိန့်ကြားတော်မူအပ်သော သမ္မောဒနီယ ဩဝါဒကထာ

[၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၄ ရက်၊ (၂၀၁၈ ခုနှစ်၊ မေလ ၁၈ ရက်) သောကြာနေ့]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးကို ကြီးမှူးကျင်းပ၍ အောင်မြင်တော်မူကြသည့် သာသနာ့ အာဇာနည် အရှင်မြတ် ၈၈ ပါးတို့အား သဒ္ဓမ္မပူဇာ သာသနာတော် တည်တံ့ပြန့်ပွားရေးကို အားပေးချီးမြှောက်လိုသော ကုသိုလ်စေတနာကြီးစွာ ထားလျက် နိုင်ငံတော်အစိုးရနှင့် ပြည်သူပြည်သား ဒါယကာ ဒါယိကာမ အပေါင်းတို့က လက်တွဲ၍ ပူဇော်ပွဲကြီးကျင်းပခဲ့သည်မှာ အကြိမ်(၇၀)သို့တိုင် ရောက်ရှိလာခဲ့ပြီး သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့အား ချီးကျူးပူဇော်သည့် ပူဇော်ပွဲသဘင်ကြီး ဖြစ်ပါသည်ဘုရား။

အကြိမ်(၇၀)မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်တို့နှင့်တကွ နိုင်ငံတော်အစိုးရအမှူးပြုသော ပြည်သူ ပြည်သား ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့အား ဩဝါဒကထာ မြွက်ကြားလိုသည်မှာ-

ယာဝ တိဋ္ဌန္တိ သုတ္တန္တာ၊ ဝိနယော ယာဝ ဒိပ္ပတိ။
တာဝ ဒက္ခန္တိအာလောကံ၊ သူရိယေ အဗ္ဘုဋ္ဌိတေ ယထာ။
သုတ္တန္တေသု အသန္တေသု၊ ပမုဋ္ဌေ ဝိနယမှိစ။
တမော ဘဝိဿတိ လောကေ၊ သူရိယေ အတ္ထင်္ဂတေ ယထာ။

[အံ၊ ဋ္ဌ၊ ၁၊ ၇၂]

နေမင်းတည်ရှိနေသည့်အခါ အရောင်အလင်းကို တွေ့မြင်ရသကဲ့သို့ ဗုဒ္ဓဘုရား ဟောမြွက်ကြားသည့် တရားဓမ္မက္ခန် သုတ္တန်၊ အဘိဓမ္မာဒေသနာတော်များ ထင်ရှားရှိနေသမျှ၊ ဝိနည်းတရားတော်များ ထွန်းကားနေသမျှ ကာလပတ်လုံး သူတော်ကောင်းတရား ဘုရားသာသနာတော်တည်းဟူသော အရောင်အလင်းကို တွေ့မြင်နေကြရလိမ့်မည်။

နေမင်းဝင်သွားသည်ရှိသော် လောကကြီး၌ အမိုက်မှောင်ဖြစ်သကဲ့သို့ ဗုဒ္ဓဘုရားဟောမြွက်ကြားသည့် တရားဓမ္မက္ခန် သုတ္တန်၊ အဘိဓမ္မာဒေသနာတော်များ ထင်ရှားမရှိခဲ့သော် ဝိနည်းတရားတော်များလည်း ပျောက်ပျက်ခဲ့သည်ရှိသော် လောကကြီး၌(မသူတော်တရားတည်းဟူသော)အမိုက်မှောင်ကြီးသာ ဖြစ်ပေါ်လိမ့်မည်ဟူသော အင်္ဂုတ္တိုရ်အဋ္ဌကထာ ဒေသနာအရ သုတ်၊ အဘိဓမ္မာ ဝိနည်းဟူသော ပိဋကသုံးသွယ် နိကာယ်ငါးရပ်တို့ကို သင်ယူခြင်းသည် သာသနာတော်သုံးရပ်တွင် အရင်းမူလပဓာနဖြစ်ကြောင်း အရှင်မြတ်များ သိရှိကြပြီးဖြစ်ပါသည်ဘုရား။

> “ဆရာ ဒကာ အချင်းချင်း ညီညာဝမ်းမြောက် အပြန်အလှန် ချီးမြှောက်မှုပြုကြ၍ သာသနာတော်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ကြပါက အနှစ်များမြောင် ငါးထောင်မက ရှည်ကြာစွာ တည်တံ့ခိုင်မြဲနေမည် ဖြစ်ပါသည်ဘုရား”

သိရှိပြီးသည့်အားလျော်စွာ အရှင်မြတ်တို့ သန္တာန်၌ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဟူသော ဗိုလ်(၅)ပါး ဦးစီးလျက် သင်၊ အံ၊ ကျက်မှတ်၍ ဝင်ရောက်ပြန်ဆို ဖြေဆိုခဲ့ကြသဖြင့် အကြိမ်(၇၀)မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် တိပိဋကဓရ၊ မူလအာဘိဓမ္မိက၊ ဒီဃနိကာယကောဝိဒ၊ ဒီဃဘာဏက၊ ဝိနယကောဝိဒ အစရှိသော အောင်ပန်းကို ရရှိခဲ့ကြခြင်းဖြစ်ပါသည်။ အရှင်မြတ်များ၏ လေ့လာသင်ကြား ကြိုးစားအားထုတ်မှု၊ အောင်မြင်မှုတို့သည် တပည့်တော်တို့၏ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးတွင် အထက်တန်းကျသည့် အောင်မြင်မှုများဖြစ်သည့်အတွက် သာသနာတော်တိုးတက်မှုအရေးတွေးကာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အနေဖြင့် ဝမ်းသာဂုဏ်ယူလျက်ရှိကြပါသည်ဘုရား။

နိုင်ငံတော်အစိုးရ အမှူးပြုသော ပြည်သူပြည်သား ဒါယကာ ဒါယိကာမများသည်လည်း အရှင်မြတ်တို့၏ ကြိုးစားအားထုတ်မှု၊ အောင်မြင်မှုများကို အားရကြည်ညိုမှုရှိကြသည့် အားလျော်စွာ ယခုအကြိမ်(၇၀)မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲကြီးတွင် လှူဖွယ်ဝတ္ထုတို့ဖြင့် လှူဒါန်းပူဇော်ကြသည်မှာ ပြည့်စုံသလောက်ဖြစ်ပါသည်ဘုရား။

**စာအောင်သာသနာ့အာဇာနည်အရှင်မြတ်တို့ဘုရား-**

“ဒွေမာနိ ဘိက္ခဝေ ပဓာနနိ ဒုရဘိသမ္ဘဝါနိ”အစရှိသော အင်္ဂုတ္တိုရ်၊ ပဓာနသုတ် ဒေသနာတော်အရ လောက၌ ဖြစ်စေနိုင်ခဲသည့် အားထုတ်မှု နှစ်မျိုးတို့တွင် အိမ်နေသူ လူဒါယကာ ဒါယိကာမတို့သည် အရှင်မြတ်တို့အား အကြောင်းပြုကာ ပစ္စည်းလေးပါးတို့ကို ထောက်ပံ့ခြင်းဖြင့် ဖြစ်စေနိုင်ခဲသည့် အားထုတ်မှုမျိုးကို အားထုတ်လျက်ရှိကြပါသည်။ အရှင်မြတ်တို့ကလည်း ဒါယကာ ဒါယိကာမများ၏ လှူဒါန်းချီးမြှောက်မှုကိုခံယူကာ ယခုကဲ့သို့ အောင်မြင်သည်အထိ ပရိယတ္တိစာပေကို ကြိုးစားအားထုတ်တော်မူကြ၍ ပဋိပတ်ကို ဆက်လက်အားထုတ်ကာ ပြည်သူပြည်သား ဒါယကာ ဒါယိကာမ တို့အား ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်တော်မူနိုင်ကြမည် ဖြစ်ပါသည်ဘုရား။ “ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ”ဆိုသကဲ့သို့ ဆရာ ဒကာ အချင်းချင်း ညီညာဝမ်းမြောက် အပြန်အလှန်ချီးမြှောက်မှုပြုကြ၍ သာသနာတော်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ကြပါက အနှစ်များမြောင် ငါးထောင်မက ရှည်ကြာစွာ တည်တံ့ခိုင်မြဲနေမည် ဖြစ်ပါသည်ဘုရား။

သို့ဖြစ်ပါ၍ ပရိယတ္တိဝန်ဆောင် စာအောင်အရှင်မြတ်တို့သည်လည်း မိမိတို့ဆိုင်ရာ ခုရနှစ်ဖြာကို ကျန်းမာချမ်းသာစွာ အားထုတ်တော်မူနိုင်ကြ၍လည်းကောင်း၊ နိုင်ငံတော်အစိုးရအမှူးပြုသော ဒါယကာ ဒါယိကာမတို့သည်လည်း မိမိတို့ဆိုင်ရာ သာသနာနုဂ္ဂဟ အဝဝကို အားထုတ်နိုင်ကြ၍လည်းကောင်း သာသနာတော်၏ အနှစ်ဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက် ပြုနိုင်ကြပါစေဟု ပတ္ထနာပြုလျက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ သမ္မောဒနီယဩဝါဒကထာကို နိဂုံးချုပ်အပ်ပါသည် အရှင်မြတ်တို့ဘုရား။

# တပ်မတော်က ဖာပွန်ခရိုင်အတွင်းရှိ ခေးပူနှင့် လွယ်မူပလောလမ်းကြောင်း ပြုပြင်ဆောင်ရွက်နေမှုကို ရပ်ဆိုင်း ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်သာ ဆွေးနွေးအဖြေရှာသွားမည်

**ရန်ကုန် မေ ၁၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုးတို့ ရန်ကုန်တိုင်းစစ်ဌာနချုပ်တွင် မေ ၁၇ ရက်က တွေ့ဆုံစဉ် တပ်မတော်ဘက်မှ ကရင်ပြည်နယ် ဖာပွန်ခရိုင်အတွင်းရှိ ခေးပူနှင့် လွယ်မူပလောလမ်းကြောင်းအား ပြုပြင်ဆောင်ရွက်နေမှုကို ယာယီ ရပ်ဆိုင်းပေးရန် သဘောတူညီခဲ့ပြီး ဒေသခံများအနေဖြင့် အေးချမ်းစွာဖြင့် နေထိုင်သွားလာလုပ်ကိုင်နိုင်ကြောင်း တပ်မတော်မှ သတင်းထုတ်ပြန်ခဲ့သည်။

ယင်းသို့တပ်မတော်မှ သတင်းထုတ်ပြန်ခဲ့ပြီးနောက် ကရင်အမျိုးသားအစည်းအရုံး (KNU) အနေဖြင့်လည်း သတင်းထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ ထုတ်ပြန်ချက်တွင် KNU ၏ ထိန်းချုပ်နယ်မြေ လွယ်မူပလောဒေသအတွင်း တပ်မတော်မှ ဖောက်လုပ်ဆဲလမ်းအား ဖောက်လုပ်ခြင်းမပြုဘဲ ရပ်ဆိုင်းထားရန်သဘောတူကြောင်း၊ လုံခြုံရေးတာဝန်ယူနေကြသည့် တပ်များအားလည်း ပြန်လည်ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ထိုဒေသမှ နေရပ်စွန့်ခွာတိမ်းရှောင်နေသည့် ပြည်သူများအနေဖြင့် မိမိတို့လုပ်ကိုင်စားသောက်ရာ နေရပ်ရင်း ကျေးရွာများသို့ ပြန်လည်အခြေချ နေထိုင်သွားလာရေး သဘောတူခဲ့ကြောင်း၊ KNU အနေဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဆွေးနွေးအဖြေရှာသွားမည်ဆိုသည့် မူရပ်တည်ချက်အတိုင်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ တည်ဆောက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ယခုမေလ တတိယပတ်တွင် နှစ်ဖက်တပ်မှူးသို့မဟုတ် တာဝန်ရှိသူများ တွေ့ဆုံနိုင်ရန် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) က စီစဉ်ထားသော်လည်း နှစ်ဖက်ခေါင်းဆောင်များ တွေ့ဆုံပြီးဖြစ်၍ တွေ့ဆုံရန် မလိုအပ်တော့ဟု JMC-U အတွင်းရေးမှူး(၁) ဒေါက်တာရွှေခါးရ်က ပြောသည်။

ဒေါက်တာရွှေခါးရ်က “မနေ့ကတော့ ခေါင်းဆောင်ပိုင်းက တွေ့ကြတော့ ညှိနှိုင်းတဲ့အခါမှာ အခြေအနေမှန်ကို နှစ်ဖက်စလုံးကသိပြီး နောက်ဆုံးကျတော့ လမ်းဖောက်လုပ်မှုကို ယာယီရပ်ဆိုင်းမယ်၊ အဲဒီမှာရှိတဲ့ တပ်တွေလည်း နောက်ဆုတ်မယ်၊ နောက် ရွာသူရွာသားတွေ လယ်လုပ်ချိန်လည်းဖြစ်တယ်၊ အေးအေးဆေးဆေးသွားလာပြီး လုပ်ကြပါဆိုပြီး ဆုံးဖြတ်တယ်၊ တကယ့် ထိပ်သီးခေါင်းဆောင်တွေ တွေ့ကြရင်တော့ ပြဿနာဆိုတာက ပြေလည်တာပဲလေ၊ ဒါကြောင့် မေလ တတိယပတ်မှာ နှစ်ဖက်တပ်မှူးတွေ တွေ့မယ့်ကိစ္စကတော့ တွေ့ဖို့မလိုတော့ဘူးထင်ပါတယ်”ဟု ပြောသည်။

ဖာပွန်ခရိုင် ခေးပူနှင့် လွယ်မူပလောတို့ရှိ တပ်မတော်၏ ရှေ့တန်းစခန်းများအား မိုးမကျမီ ရိက္ခာပို့နိုင်ရန်နှင့် လမ်းကြောင်းတစ်လျှောက်ရှိ ကျေးရွာများ လမ်းပန်းဆက်သွယ်မှုကောင်းစေရန် ရည်ရွယ်၍ ဖောက်လုပ်ခြင်းဖြစ်သည်ဟု တပ်မတော်ဘက်မှ ကျိုးကြောင်းဖော်ပြသော်လည်း KNU တပ်မဟာ (၅)၏ စိုးရိမ်မှုများကြောင့် အဆိုပါဒေသတွင် မတ် ၅ ရက်မှစတင်၍ ထိတွေ့မှုများ ဖြစ်ပွားခဲ့သည်။

**ရဲခေါင်ညွန့်**

ကြေးမုံ



# နျူကလီးယားလက်နက်စွန့်လွှတ်လျှင် ပြုံယမ်းအား အမေရိကန် ကာကွယ်ပေးမည်

**ဝါရှင်တန် မေ ၁၈**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်အနေဖြင့် နျူကလီးယားလက်နက် ကင်းစင်ပပျောက်စေရန် သဘောတူညီမည်ဆိုပါက ခေါင်းဆောင်ကင်တောင်းဆိုသည့် လုံခြုံစိတ်ချရသော ကာကွယ်ပေးမှုများကို အမေရိကန်အနေဖြင့် ပေးမည်ဖြစ်သည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အိမ်ဖြူတော်၌ မီဒီယာသို့ ယနေ့ ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်အနေဖြင့် နျူကလီးယားလက်နက် ကင်းစင်ပပျောက်ရေးအတွက် တစ်ဖက်သတ်တောင်းဆိုပါက သမ္မတထရန့်နှင့် တွေ့ဆုံဆွေးနွေးပွဲကို ဖျက်သိမ်းမည်ဟု မြောက်ကိုရီးယားက မကြာသေးမီက ပြောကြားခဲ့သည်။

သို့သော် နှစ်နိုင်ငံအစည်းအဝေးကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်မှုများကို တာဝန်ရှိသူများက လုပ်ဆောင်လျက်ရှိကြောင်း သမ္မတထရန့်က ဆိုသည်။ ထို့ပြင် အစည်းအဝေး ကျင်းပနိုင်ခြင်းမရှိပါက ၎င်းအနေဖြင့် နောက်ထပ်အဆင့်တစ်ခုသို့ တက်လှမ်းကာ ညှိနှိုင်းရမည်ဖြစ်ကြောင်း သမ္မတ ထရန့်က မီဒီယာသို့ ပြောကြားခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးကို ကျင်းပရန် ဆန္ဒပြင်းပြမှုမရှိကြောင်းနှင့် ထိုသို့ ဖြစ်ရခြင်းသည် မကြာသေးမီက တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်သွားရောက်တွေ့ဆုံခဲ့ခြင်းကြောင့် ဖြစ်နိုင်ဖွယ်ရှိသည်ဟု သမ္မတထရန့်က မှတ်ချက်ပြုခဲ့သည်။

ခေါင်းဆောင်ကင်ဂျုံအန်အနေဖြင့် အကောင်းဆုံးလုပ်ဆောင်သင့်သည်မှာ နျူကလီးယားလက်နက် ကင်းစင်ပပျောက်ရေးအတွက် သဘောတူညီမှုစာချုပ်ချုပ်ဆိုခြင်းပင်ဖြစ်ကြောင်းနှင့် ခေါင်းဆောင်ကင်အား ခိုင်မာသည့် ကာကွယ်ပေးမှုများကို အမေရိကန်က ပေးမည်ဖြစ်သည်ဟု သမ္မတထရန့်က ဆိုသည်။ **အင်န်အိတ်ချ်ကေ**





# ဆီးရီးယားတွင် နိုင်ငံရေးဆိုင်ရာ လုပ်ငန်းစဉ်စတင်နိုင်ရေး သမ္မတပူတင် တိုက်တွန်း

**ဆိုချီ(ရုရှား) မေ ၁၈**

ရုရှားသမ္မတဗလာဒီမာပူတင်သည် ဆီးရီးယားခေါင်းဆောင် ဘာရှားအယ်လ်အာဆတ်နှင့် မေ ၁၇ ရက်တွင် ကြိုတင်ကြံ့ခဲ တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း၊ ဆီးရီးယားအစိုးရ၏ စစ်ရေးအရအောင်မြင်မှုသည် နိုင်ငံတွင်းရှိ နိုင်ငံခြားတပ်ဖွဲ့များရုပ်သိမ်းရေးနှင့် နိုင်ငံပြန်လည်တည်ဆောက်ရေးတို့ဆီသို့ ဦးတည်သည့် နိုင်ငံရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ရန် အကြောင်းဖြစ်စေမည်ဟု သမ္မတပူတင်က ပြောကြားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဆီးရီးယားနိုင်ငံတွင်းရှိ သူပုန်များသိမ်းယူထားသည့် အီဒလက်မြို့ကို အစိုးရက တိုက်ခိုက်ချေမှုန်းမှုများပြုလုပ်ပါက ယင်းဒေသတွင်းနေ ပြည်သူဦးရေ ၂ ဒသမ ၃ သန်းတို့အပေါ် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်သည်ဟု ဆီးရီးယားက သတိပေးပြောကြားခဲ့ပြီးနောက် တစ်ရက်အကြာဖြစ်သည့် မေ ၁၇ ရက်တွင် ရုရှားသမ္မတပူတင်က နိုင်ငံတောင်ပိုင်း ဆိုချီမြို့တွင် ဆီးရီးယားသမ္မတအား တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ဆီးရီးယားအစိုးရတပ်ဖွဲ့များက အကြမ်းဖက်သမားများအပေါ် စစ်ရေးအရ တိုက်ခိုက်အောင်မြင်ပြီးနောက် နိုင်ငံရေးဆိုင်ရာလုပ်ငန်းစဉ်များ စတင်ပြုလုပ်နိုင်မည့် အခြေအနေသို့ ရောက်ရှိလာပြီဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားသည်ဟု ကရင်မလင်နန်းတော်မှ ထုတ်ပြန်သည့် ကြေညာချက်တွင်ပါရှိသည်။ ရုရှားသမ္မတနှင့် ဆီးရီးယားသမ္မတတို့ တွေ့ဆုံဆွေးနွေးမှုအပြီးတွင် ကြေညာချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ဆီးရီးယားနိုင်ငံတွင်းမှ နိုင်ငံခြားတပ်ဖွဲ့များ ရုပ်သိမ်းရေးသည် ယင်းနိုင်ငံတွင်း၌ နိုင်ငံရေးဆိုင်ရာ လုပ်ငန်းစဉ်များ စတင်ရေးအတွက် အလွန်အရေးပါသည့်အဆင့်ဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားသော်လည်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ဝင်များဟု တိကျစွာ ထုတ်ဖော်ပြောဆိုခြင်းမရှိပေ။

ဆီးရီးယားသမ္မတနှင့် ရုရှားသမ္မတတို့သည် ဆီးရီးယားအရေးနှင့် ပတ်သက်၍ အသေးစိတ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း ရုရှားအစိုးရ ပြောရေးဆိုခွင့်ရှိသူ ဒီမစ်ထရီ ပက်ကော့ဖ်က သတင်းထောက်များကို ပြောကြားသည်။ ရုရှားသမ္မတနှင့် ဆီးရီးယားသမ္မတတို့သည် ယမန်နှစ် ဒီဇင်ဘာလအတွင်းက ဆီးရီးယားနိုင်ငံ ပင်လယ်ကမ်းရိုးတန်းရှိ လာတာကီရာပြည်နယ်မှ ရုရှားလေတပ်အခြေစိုက်စခန်းတွင် နောက်ဆုံးတွေ့ဆုံခဲ့သည်။

ရုရှားနိုင်ငံသည် ဆီးရီးယားပြည်တွင်းစစ်အတွင်းသို့ ၂၀၁၅ ခုနှစ် စက်တင်ဘာလကတည်းက ဝင်ရောက်လာခဲ့ပြီး ၎င်း၏စစ်ရေးအရ ထောက်ပံ့မှုများသည် သမ္မတအာဆတ် အစိုးရရှင်သန်ရပ်တည်နိုင်ရေးအတွက် အာမခံပေးနိုင်ခဲ့ပြီး စစ်ပွဲ၏အခြေအနေကိုလည်း ပြောင်းလဲစေခဲ့သည်။

**အေအက်ဖ်ပီ**



# အမေရိကန်စီအိုင်အေညွှန်ကြားရေးမှူးအဖြစ် အမျိုးသမီးတစ်ဦးကို ခန့်အပ်ရန် အတည်ပြု

**ဝါရှင်တန် မေ ၁၈**

အမေရိကန် ဗဟိုထောက်လှမ်းရေးအေဂျင်စီ (စီအိုင်အေ)၏ ပထမဆုံးသော အမျိုးသမီး ညွှန်ကြားရေးမှူးအဖြစ် ဂျင်းနားဟာစပဲအား ခန့်အပ်ရန် အထက်လွှတ်တော်က မေ ၁၇ ရက်တွင် အတည်ပြုလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

စီအိုင်အေသမိုင်းတွင် သရုပ်အပျက်ဆုံးဖြစ်စဉ်အဖြစ် ရက်စက်ကြမ်းကြုတ်သော စုံစမ်းစစ်ဆေးမှု နည်းဗျူဟာများကို ချမှတ်ကျင့်သုံးခဲ့မှုတွင် ဟာစပဲ ပါဝင်ပတ်သက်ခဲ့သည်ဆိုမှုဖြင့် စိုးရိမ်ပူပန်မှုများရှိနေသည့်ကြားမှ ၎င်းအားထောက်လှမ်းရေး အဖွဲ့အစည်း၏ အကြီးအကဲအဖြစ် ခန့်အပ်ရန် အထက်လွှတ်တော်က အတည်ပြုခဲ့ခြင်းဖြစ်သည်။

အသက်(၆၁)နှစ်ရှိ ဟာစပဲအား စီအိုင်အေအဖွဲ့၏ ပထမဆုံးသော အမျိုးသမီး ညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်ရန် အထက်လွှတ်တော်၌ မဲခွဲဆုံးဖြတ်ရာတွင် ထောက်ခံမဲ ၅၄ မဲ၊ ကန့်ကွက်မဲ ၄၅ မဲဖြင့် အတည်ပြုနိုင်ခဲ့သည်။ အထက်လွှတ်တော်ရှိ ဒီမိုကရက်အမတ်ခြောက်ဦးက ထောက်ခံမဲပါဝင်ပေးခဲ့ကြသည်။

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုအပြီး အကြမ်းဖက်သမားများအဖြစ် မသင်္ကာသူများကို ပြည်ပရှိ လျှို့ဝှက်နေရာများတွင် ထိန်းသိမ်းကာ စုံစမ်းစစ်ဆေးမှု ပြုလုပ်ခဲ့ရာတွင် ရက်စက်ကြမ်းကြုတ်သည့် နည်းလမ်းများကို စီအိုင်အေ ကျင့်သုံးခဲ့သည်ဟု အပြင်းအထန် ဝေဖန်မှုများ ပေါ်ထွက်ခဲ့ရာ ဟာစပဲအား စီအိုင်အေညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်ရန် သမ္မတ ဒေါ်နယ်ထရန့်၏ အမည်စာရင်းတင်သွင်းမှုတွင် အချေအတင် ဆွေးနွေးငြင်းခုံစရာများ ဖြစ်ပေါ်ခဲ့ရသည်။ ၂၀၀၂ ခုနှစ်က ထိုင်းနိုင်ငံရှိ လျှို့ဝှက်အကျဉ်းစခန်းတစ်ခုကို ဟာစပဲက ကြီးကြပ်ကွပ်ကဲခဲ့ပြီး အကြမ်းဖက်သမားများအဖြစ် မသင်္ကာသူများကို ညှဉ်းပန်းနှိပ်စက်သော နည်းလမ်းအရ စုံစမ်းစစ်ဆေးခဲ့သည်ဟု ဆိုသည်။ **အေအက်ဖ်ပီ**





# ဟာဝိုင်ယီရှိ ကီလူယာမီးတောင် ပြာမှုန်များမှုတ်ထုတ်

**ဟိုနိုလူလူ မေ ၁၈**

အမေရိကန်ပြည်ထောင်စု ဟာဝိုင်ယီပြည်နယ်ရှိ ကီလူယာမီးတောင်သည် မေ ၁၈ ရက် ဒေသစံတော်ချိန် နံနက် ၄ နာရီ ၁၅ မိနစ်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ဝေဟင်အတွင်း အမြင့်ပေ ၃၀၀၀၀ အထိ ပြာမှုန်များကို မှုတ်ထုတ်ခဲ့ကြောင်း အေအက်ဖ်ပီသတင်းဌာနက သတင်းထုတ်ပြန်သည်။

မီးတောင်လှုပ်ရှားမှုမှာ ဆက်လက်ဖြစ်ပေါ်နေပြီး မဝေးသောအနာဂတ်တွင် ပေါက်ကွဲမှုထပ်မံဖြစ်ပေါ်နိုင်ကြောင်း သိပ္ပံပညာရှင်များက သတိပေးပြောကြားကြသည်။ မီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်လေ့လာစောင့်ကြည့်ရေးဌာနနှင့် အမျိုးသားသစ်တောဥယျာဉ်တို့မှ ဝန်ထမ်းများကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။

မီးတောင်ပြာမှုန်များ ပျံ့လွင့်မှုမှ ကာကွယ်နိုင်ရန် ဒေသခံပြည်သူတို့အား မျက်နှာဖုံး ၁၈၀၀၀ ခန့်ကို တာဝန်ရှိသူများက ဝေငှပေးခဲ့သည်။

ကီလူယာမီးတောင်သည် မေ ၃ ရက်က ပထမဆုံး ပေါက်ကွဲခဲ့ပြီးနောက် ဆက်လက်လှုပ်ရှားနေခဲ့သည်။ **အေအက်ဖ်ပီ**



## စစ်တွေမြို့၌ ငှက်ဖျားအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေး

**စစ်တွေ မေ ၁၈**

ငှက်ဖျားအန္တရာယ်ဆိုင်ရာ အသိပညာပေး ဆွေးနွေး သရုပ်ပြလှော့ကျင့်မှုကို ယနေ့ မွန်းလွဲ ၁ နာရီတွင် စစ်တွေမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဓမ္မဇေယျခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဆွေးနွေးသရုပ်ပြလှော့ကျင့်မှုကို ရခိုင်ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဦးစီးကျင်းပခဲ့ခြင်းဖြစ်ပြီး ဆရာ ဆရာမများ၊ မွမ်းမံသင်တန်းတွင် တက်ရောက်လျက်ရှိကြသည့် သင်တန်းသား ဆရာ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

"ကျောင်းသား ကျောင်းသူတွေကို အခြေခံတဲ့ သဘာဝဘေးအသိပညာပေးလုပ်ငန်း ဆောင်ရွက်နိုင်ဖို့အတွက် ဒီမွမ်းမံသင်တန်းက ဆရာ ဆရာမတွေကို ဟောပြောဆွေးနွေး သရုပ်ပြလှော့ကျင့်ပေးခြင်းဖြစ်ပါတယ်၊ ဒီဟောပြောပွဲကရတဲ့ ငှက်ဖျားအန္တရာယ်ဆိုင်ရာ အချက်အလက်တွေကို ဆရာ ဆရာမတွေအနေနဲ့ ကျောင်းသား ကျောင်းသူတွေထံ ထပ်ဆင့်အသိပညာပေးဆွေးနွေးနိုင်ဖို့ဖြစ်ပါတယ်၊ ငှက်ဖျားနဲ့ပတ်သက်လို့ ထိခိုက်ပျက်စီးဆုံးရှုံးမှုနည်းအောင် ကြိုတင်ပြင်ဆင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်" ဟု ရခိုင်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မင်းက ပြောသည်။

အဆိုပါဟောပြောဆွေးနွေးပွဲတွင် ငှက်ရပ်ဝန်းဒေသဆိုင်ရာအချက်အလက်များ၊ ငှက်ဖျားအလေးထားရမည့် ဒေသများ၊ ငှက်ဖျားအတွက် ကြိုတင်ပြင်ဆင်ရမည့် အကြောင်းအရာများ၊ ငလျင်လှုပ်နေစဉ်လိုက်နာရမည့်အချက်အလက်များ၊ ငလျင်လှုပ်ခတ်နေစဉ်နှင့် ငလျင်လှုပ်ခတ်ပြီးချိန် ရှောင်ရှားသင့်သည့်အချက်များ၊ ငလျင်လှုပ်ခတ်ပြီးနောက် လုပ်ဆောင်သင့်သည့်အချက်အလက်များ၊ ငလျင်ဘေးအန္တရာယ်၏ဆိုးကျိုးများ၊ နောက်ဆက်တွဲ ငလျင်ဆိုင်ရာ အကြောင်းအရာများနှင့် မြန်မာနိုင်ငံအတွင်းလှုပ်ခတ်ခဲ့သည့် ငလျင်ဘေးဆိုင်ရာများကို ဆွေးနွေးသရုပ်ပြလှော့ကျင့်ခဲ့ကြကြောင်း သိရသည်။

"ဒီလို ကျောင်းကိုအခြေခံတဲ့ ဟောပြောဆွေးနွေးမှုတွေ များများလုပ်ဆောင်ပေးမယ်ဆိုရင် ငယ်ရွယ်စဉ် ကျောင်းသား ကျောင်းသူ ဘဝကတည်းက ငလျင်ဘေးအန္တရာယ်ဖြစ်ပွားခဲ့ရင် ဘယ်လိုရှောင်တိမ်းရမယ်၊ ဘယ်လိုကြိုတင်ပြင်ဆင်ထားသင့်တယ်၊ ဘာတွေ ဆက်လက်လုပ်ဆောင်ရမယ်ဆိုတာတွေကို သိရှိနားလည်သွားမှာဖြစ်ပါတယ်၊ ငလျင်ဘေးမှမဟုတ်ပါဘူး၊ ဒီလိုဆွေးနွေးသရုပ်ပြပွဲတွေကနေ အခြားသဘာဝဘေးအန္တရာယ်တွေဖြစ်ခဲ့မယ်ဆိုရင်လည်း ထိခိုက်ပျက်စီးဆုံးရှုံးမှုတွေ အနည်းဆုံးဖြစ်အောင် ဘယ်လိုစီမံသွားရမယ်ဆိုတဲ့ အသိပညာတွေ ရရှိသွားမှာဖြစ်ပါတယ်၊ နိုင်ငံအနှံ့အပြားက စာသင်ကျောင်းတွေမှာလည်း ဒီလိုဟောပြောဆွေးနွေးပွဲတွေ များများလုပ်စေချင်ပါတယ်" ဟု ဒေသခံပြည်သူ ဦးတင်ထွန်းက ပြောသည်။

**မင်းမင်းဇော်(ကလေး)၊ဓာတ်ပုံ-ကိုမေတ္တာ**

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးနှင့် ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးများကို ဒုတိယအခွင့်အရေးဖြင့် ထိုးနှံပေးမည့် သတင်းကြေညာချက်

၂၀၁၁ ခုနှစ် ဧပြီလမှ ၂၀၁၂ ခုနှစ် နိုဝင်ဘာလအတွင်း ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေးမထိုးနိုင်ခဲ့သဖြင့် ၎င်းအချိန်အတွင်း မွေးဖွားခဲ့သော ကလေးများသည် အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေး လုံးဝမရရှိခဲ့သော ကလေးများဖြစ်ပါသည်။

၂၀၁၇ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း တစ်နိုင်ငံလုံးတွင် ဆောင်ရွက်ခဲ့သော ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ၉၂ ဒသမ ၅ ရာခိုင်နှုန်း လွှမ်းခြုံနိုင်ခဲ့၍ အကြောင်းကြောင်းကြောင့် မထိုးခဲ့ရသော အသက် ကိုးလမှ ၁၅ နှစ်အတွင်း ကလေး တစ်သန်းကျော်သည် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး လုံးဝမရရှိခဲ့သော ကလေးများဖြစ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ၎င်းကလေးများကို အသည်းရောင်အသားဝါ(ဘီ) နှင့် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးရရှိရန် ဒုတိယအခွင့်အရေးပေးသည့်အနေဖြင့် ပြန်လည်ထိုးနှံပေးမည်ဖြစ်ပါသည်။

ထို့ကြောင့် ၂၀၁၁ ခုနှစ် ဧပြီလမှ ၂၀၁၂ ခုနှစ် နိုဝင်ဘာလအတွင်း မွေးဖွားခဲ့၍ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးမထိုးရသေးသည့် ကလေးများကိုလည်းကောင်း၊ ၂၀၀၂ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့မှ ၂၀၁၇ ခုနှစ် မတ်လ ၁၀ ရက်နေ့အတွင်း မွေးဖွားခဲ့၍ ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ကာကွယ်ဆေးမထိုးခဲ့ရသည့် ကလေးများကိုလည်းကောင်း၊ ၂၀၁၈ ခုနှစ် မေလ၊ ဇွန်လနှင့် ဇူလိုင်လများအတွင်း အောက်ပါကျန်းမာရေးဌာနများတွင် ထိုးနှံပေးသွားမည်ဖြစ်ပါသည်။

(၁) ဗဟိုအဆင့်ဆေးရုံကြီးများရှိ ဆေးရုံအခြေပြုကာကွယ်ဆေးထိုးခန်းများ
(၂) တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်အဆင့် ခုတင် (၁၀၀)နှင့်အထက် ဆေးရုံကြီးများ
(၃) မြို့နယ်ဆေးရုံများအားလုံး
(၄) ဒေသန္တရ၊ မိခင်ကလေးကျန်းမာရေးဌာနများအားလုံး
(၅) အအေးလမ်းကြောင်းရှိသော တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများတွင် မည်သည့်တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်အတွင်း နေထိုင်သည်ဖြစ်စေ လာရောက်ထိုးနှံသော မည်သည့်ကလေးကိုမဆို ထိုးနှံပေးသွားမည်ဖြစ်ပါသည်။

ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးကို (၁)ကြိမ် ထိုးနှံပေးသွားမည်ဖြစ်ပြီး အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးကို တစ်လခြား၍ (၃)ကြိမ် ထိုးနှံပေးသွားမည်ဖြစ်ရာ အကြိမ်ပြည့်ထိုးနှံနိုင်ရန်အတွက် ပထမအကြိမ် အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးကို မေလတွင် နောက်ဆုံးထိုးရန် လိုအပ်ပါသည်။

ထိုသို့ ထိုးနှံပေးရာတွင် သက်ဆိုင်ရာကျန်းမာရေးဌာန၊ ဆေးရုံများတွင် သတ်မှတ်ထားသော ကာကွယ်ဆေးထိုးရက်၊ ဝန်ထမ်းအင်အားဖြင့်သာ ထိုးနှံပေးမည်ဖြစ်ရာ ကျန်းမာရေးဝန်ထမ်းများက ဘေးကင်းသော ကာကွယ်ဆေးထိုးလုပ်ငန်းကို ချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် မိဘပြည်သူများအနေဖြင့် သက်ဆိုင်ရာကျန်းမာရေးဌာနများတွင် အသေးစိတ်မေးမြန်း၍ ချိန်းဆိုသည့်အတိုင်း သတ်မှတ်နေ့ရက်များတွင် လာရောက်ထိုးနှံခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ပေးရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားပါသည်။

## ထယ်ထိုးနေသည့် အမျိုးသားတစ်ဦး မိုးကြိုးထိမှန်သေဆုံး

**လှိုင်းဘွဲ့ မေ ၁၈**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ပေါလောက်ကျေးရွာအုပ်စု တောင်ကလေးကျေးရွာတွင် မေ ၁၅ ရက်က အမျိုးသားတစ်ဦး ထယ်ထိုးနေစဉ် မိုးကြိုးထိမှန်၍ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၅ ရက် ညနေ ၆ နာရီက ပေါလောက်ကျေးရွာအုပ်စု၊ တောင်ကလေးကျေးရွာတွင် အမျိုးသားတစ်ဦး မိုးကြိုးထိမှန်သေဆုံးကြောင်း သတင်းအရ ပိုင်ကျုံနယ်မြေရဲစခန်းမှူး ရဲအုပ်ဟန်နိုင်ဦး ဦးစီးအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ စောသန်းဦး ၂၁ နှစ် ဖြစ်ကြောင်းသိရပြီး ဖြစ်စဉ်အားမေးမြန်းရာ စောသန်းဦးသည် အခင်းဖြစ်နေ့က လယ်ကွင်းထဲ၌ လက်တွန်းထွန်စက်ဖြင့် ထယ်ထိုးနေစဉ် မိုးကြိုးထိမှန်ပြီး မီးလောင်ဒဏ်ရာများဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကာ အလောင်းအား ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ပိုင်ကျုံနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းသူ၊ထွန်းထွန်းထွေး(ဘားအံ)**

## ရထားပေါ် ဆွဲကြိုးဖြတ်ပြေးသူအား ဖမ်းဆီးရမိ

**ရန်ကုန် မေ ၁၈**

အမှတ် (၇၁)အဆန် ရန်ကုန်-ပြည် ရထားပေါ်တွင် စီးနင်းလိုက်ပါလာသည့် ခရီးသည်အမျိုးသမီးတစ်ဦး ဝတ်ဆင်ထားသော ငါးရိုးပုံရွှေဆွဲကြိုး သုံးကျပ်သားခန့် (ကာလတန်ဖိုး ငွေကျပ် ၂၈ သိန်း)ကို အမျိုးသားတစ်ဦးက လုဖြတ်၍ ရထားပေါ်မှ ခုန်ဆင်းထွက်ပြေးသွားသောဖြစ်စဉ်တစ်ခု ဧပြီ ၅ ရက်က ဖြစ်ပွားခဲ့ကြောင်းသိရသည်။

အဆိုပါအမှုအား ပြည်ရထားရဲစခန်းက အမှုဖွင့်လှစ်ပြီး အမှတ်(၄) ရထားရဲတပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီး ဝင်းမြင့်က ပြည်ခရိုင်ရဲတပ်ဖွဲ့မှူး၊ ပြည်မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ပြည်ခရိုင်မှုခင်းနှိမ်နင်းရေးအဖွဲ့၊ အခင်းဖြစ်ပွားသည့် သဲကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူးတို့နှင့် တွေ့ဆုံ၍ တရားခံဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ မေ ၁၆ ရက်က စောငွေးအောင်(ခ) ဇော်ထက်အောင် မီးရထားဝန်ထမ်း (သံလမ်းနေ့စားလုပ်သား) ရပ်ကွက်(၁) မီးရထားဝင်း သဲကုန်းမြို့နေသူအား ဖမ်းဆီးရမိခဲ့သဖြင့် ပြည်ရထားရဲစခန်းက အမှုအားခိုင်မာစွာတည်ဆောက်ပြီး တရားစွဲတင်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကြေးမုံ**

## မောင်တောမြို့နယ် ကျောင်းသားလူငယ်အခြေပြု အခြေခံမီးသတ်သင်တန်းဆင်းပွဲ ကျင်းပ

**မောင်တော မေ ၁၈**

၂၀၁၈ ခုနှစ် ကျောင်းသားလူငယ်အခြေပြု နွေရာသီအကြို အခြေခံမီးသတ်ပညာသင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မောင်တောမြို့နယ် မီးသတ်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မောင်တောမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ကျောင်းသားလူငယ်အခြေပြု နွေရာသီအကြိုအခြေခံမီးသတ်ပညာသင်တန်း စံပြဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်သည်။

ထို့နောက် မီးသတ်ပညာဘာသာရပ်ထူးချွန်ဆု၊ ရှာဖွေကယ်ဆယ်ရေးဘာသာရပ် ထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များကို မောင်တောမြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် မြို့နယ်မီးသတ်ဦးစီးမှူးတို့က ပေးအပ်ချီးမြှင့်ကြသည်။




"ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးရဲ့ လမ်းညွှန်ချက်နဲ့အတူ မောင်တောမြို့နယ်အတွင်းရှိ ကျောင်းသားလူငယ်တွေကို နွေရာသီမှာ ဖြစ်ပေါ်တတ်တဲ့ မီးဘေးအန္တရာယ်ကို ကာကွယ်နိုင်ဖို့ အခြေခံမီးသတ်ပညာသင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ပါတယ်၊ မောင်တောဒေသမှာ သဘာဝဘေးနဲ့ ပတ်သက်ရင် မုန်တိုင်းအန္တရာယ် နှစ်စဉ်ကြုံတွေ့ရတာဖြစ်တဲ့အတွက် မုန်တိုင်းအန္တရာယ်ပဲဖြစ်ဖြစ်၊ မီးဘေးအန္တရာယ်ပဲဖြစ်ဖြစ် ဖြစ်လာခဲ့ရင် မြို့နယ်နဲ့ ခရိုင်ပူးပေါင်းဆောင်ရွက်ဖို့နဲ့ ကိုယ့်ရပ်ရွာနဲ့ စာသင်ကျောင်းတွေမှာ အကျိုးပြုဖို့အတွက် ရည်ရွယ်ဖွင့်လှစ်ရခြင်း ဖြစ်ပါတယ်" ဟု မောင်တောခရိုင် မီးသတ်ဦးစီးမှူး ဦးသန့်စင်က ပြောသည်။

ယခင်နှစ်များက မြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့်သာ သင်တန်းများဖွင့်လှစ်ပေးခဲ့ပြီး ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် သင်တန်းမဖွင့်လှစ်နိုင်ခဲ့ကြောင်းသိရသည်။ ယခုနှစ် သင်တန်းတွင်မူ သင်တန်းသား ၄၀ တက်ရောက်သင်ကြားခဲ့ပြီး မေ ၇ ရက်မှ ၁၈ ရက်အထိ နှစ်ပတ်ကြာ သင်တန်းဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

အလားတူ မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်တွင်လည်း ကျောင်းသားလူငယ်အခြေပြု နွေရာသီအကြို အခြေခံ မီးသတ်ပညာသင်တန်းကို မေ ၇ ရက်မှ ၁၈ ရက်အထိ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**နိုင်လင်းကြည်၊ ဇင်ဦး**
**ဓာတ်ပုံ-သက်လွင်စိုး(ပြန်ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကဆေးရုံ၊ဆေးခန်းများကို ရှောင်တခင် ဝင်ရောက်စစ်ဆေးမည်

**ရန်ကုန် မေ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်မှုကော်မတီအနေဖြင့် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများကို ရှောင်တခင်ဝင်ရောက်စစ်ဆေးမည်ဖြစ်ကြောင်း မေ ၁၇ ရက်က ပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်မှုကော်မတီနှင့် ကိုယ်ပိုင်ဆေးကုဂေဟာများတွေ့ဆုံပွဲတွင် အဆိုပါ ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ပြောသည်။

အဆိုပါ ကြီးကြပ်မှုကော်မတီအနေဖြင့် ပြီးခဲ့သည့် မတ်လနှင့် ဧပြီလတို့တွင် မြို့နယ်အချို့သို့ ရှောင်တခင် ဝင်ရောက်စစ်ဆေးရာ လှိုင်မြို့နယ်ရှိ ရောင်နီဦးဆေးခန်းတွင် တရားမဝင် ခွဲစိတ်ခန်းထားရှိခြင်းနှင့် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများတွေ့ရှိခြင်း၊ ထို့ပြင် လမ်းမတော်မြို့နယ်ရှိ နေဝန်းအထွေထွေရောဂါကုဆေးခန်းတွင်လည်း တရားမဝင်ခွဲစိတ်ခန်းထားရှိခြင်းနှင့် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများတွေ့ရှိသည့်အပြင် တရားမဝင်ဆေးကုသနေသည့် တရုတ်နိုင်ငံသားကို တွေ့ရှိခဲ့သဖြင့် သက်ဆိုင်ရာမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ တရားစွဲဆို အရေးယူထားကြောင်း တိုင်းဒေသကြီးလူမှုရေးဝန်ကြီးက ဆက်လက်ပြောသည်။

"ဒီဆေးခန်းတွေမှာ ကျွန်တော်တို့ ရှောင်တခင်စစ်ဆေးတဲ့အချိန်မှာ တခြားဆေးခန်းတွေပေါ့၊ အရေးမယူထားတဲ့ ဆေးခန်းတွေကလည်း မသက်ာစရာ တွေ့ရှိရပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ လက်ဆုပ်လက်ကိုင်မပြနိုင်ဘူး၊ အဲဒီအတွက်ကြောင့် ကျွန်တော်တို့က ရှောင်တခင် အမြဲတမ်းစစ်ဆေးဖို့လိုအပ်တယ်ဆိုတဲ့အသိ ပိုမိုရရှိတယ်၊ အဲဒီတော့ ဆောင်ရွက်မှာ ဖြစ်ပါတယ်၊ နောက်တစ်ခုက ခုပြောတဲ့ ကိစ္စတွေအားလုံး ခြိမ်းခြောက်တာ လုံးဝမဟုတ်ဘူး၊ ကျွန်တော်တို့ရဲ့ နိုင်ငံသားတွေကို လက်တွဲဆောင်ရွက်လိုတဲ့ဆန္ဒရယ် ဥပဒေနဲ့အညီ နိုင်ငံသားတွေနေထိုင်တတ်ဖို့ ရည်ရွယ်ခြင်းပဲ ဖြစ်ပါတယ်" ဟု ဦးနိုင်ငံလင်းက ပြောသည်။

ကြီးကြပ်မှုကော်မတီအနေဖြင့် ယင်းသို့စစ်ဆေးရာတွင် ရည်ရွယ်ချက်လေးခုထား၍ စစ်ဆေးခြင်းဖြစ်ပြီး ပထမအချက်အနေဖြင့် ပုဂ္ဂလိကလိုင်စင်၊ လုပ်ငန်းလိုင်စင် ရှိ/မရှိ စိစစ်ခြင်း၊ ဒုတိယအချက်အနေဖြင့် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေနှင့်အညီ ဆောင်ရွက်ထားခြင်း ရှိ/မရှိ စိစစ်ခြင်း၊ တတိယအချက်အနေဖြင့် တရားမဝင် နိုင်ငံခြားသားဆေးကုသသူများ တရားမဝင်ဆေးကုသခြင်း ရှိ/မရှိ စစ်ဆေးပေးခြင်း၊ စတုတ္ထအချက်အနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများ လိုက်နာဆောင်ရွက်မှု ရှိ/မရှိ စိစစ်ခြင်းတို့ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း လက်ရှိအချိန်ထိ လိုင်စင်ထုတ်ပေးထားသည့် အထူးကုဆေးရုံ ၁၂ ရုံ၊ အထွေထွေရောဂါကုဆေးရုံ ၄၂ ရုံ၊ အထူးကုဆေးခန်း ၂၈၀ နှင့် အထွေထွေရောဂါကုဆေးခန်း ၂၆၆၆ ခု ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်က ပြောသည်။

**ငြိမ်းငြိမ်း**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် မေ ၁၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မေ ၁၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၂၁ စီး၊ သွင်းကုန် အစီး ၉၇၀၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၆၀၊ သွင်းကုန် ၁၇၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၇ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅ ဒသမ ၇၈၃ သန်းခန့်) သိမ်းဆည်းရမိခဲ့သည်။ ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၁၇ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် နန်းရဂုံစားသောက်ဆိုင်အနီး ရှောင်ကွင်းလမ်းသွယ်၌ ခရီးသည်တင်ယာဉ်တစ်စီးကို တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် TV/Monitor (Used) (Assorted-Size) (62 Units)၊ Refrigerator (Used) (2-Door) (2 Units)၊ Household Goods (Used)(3 Items)၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်တစ်စီးနှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄ ဒသမ ၃၂ သန်းခန့်) ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဥတ္တရသီရိမြို့နယ်တွင် မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းတော်ကြီးကျောင်းများနှင့် လူနေအိမ်များ အမိုးလန်ပျက်စီး

**နေပြည်တော် မေ ၁၈**

နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ်တွင် မေ ၁၇ ရက် ည ၇ နာရီခွဲခန့်က မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ လူနေအိမ်များ၊ စာသင်ကျောင်းများ အမိုးလန်ခြင်းနှင့် သစ်ပင်ပြိုလဲကျခြင်းတို့ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ဥတ္တရသီရိမြို့နယ်အတွင်းရှိ မင်နောင်ကျေးရွာ စိန်ရတနာ ဇောတိကကျောင်းဝင်းအတွင်းရှိ အဆောက်အအုံများ၊ မရမ်းခုံကျေးရွာရှိ ဘုရားလေးဆူ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ အဆောက်အအုံများနှင့် လူနေအိမ် ၈၃ လုံး ၊ မရမ်းခုံကျေးရွာ စာကြည့်တိုက်နှင့် တောင်ညိုကျေးရွာ အထက ကျောင်းဝင်းရှိ စာသင်ဆောင်တစ်ဆောင်တို့ အမိုးလန်ပျက်စီးခဲ့ပြီး တောင်ညိုကျေးရွာ အုပ်ချုပ်ရေးမှူးရုံး အမိုးတစ်ခြမ်း သစ်ပင်ပိခြင်း၊ အမှတ်(၅၂)သစ်စက်ကျေးရွာတွင် ဓာတ်တိုင်များပြိုလဲ၍ ဓာတ်ကြိုးများ ပြတ်တောက်ခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။

ဖြစ်ပွားရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ သက်ဆိုင်ရာရပ်၊ ကျေးအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ လျှပ်စစ်ဝန်ထမ်းများဖြင့် ကူညီဆောင်ရွက်ခဲ့ပြီး လူ၊ တိရစ္ဆာန်များထိခိုက်မှုမရှိကြောင်း သိရသည်။



**ရွှေရဲရင့်(ပြန်/ဆက်)**

# ခိုးမှုကျူးလွန်သူများကို ဖမ်းဆီးစစ်ဆေးရာမှ ခိုးမှုခြောက်မှု ဖော်ထုတ်နိုင်

**ရန်ကုန် မေ ၁၈**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များက ခိုးမှုများကျူးလွန်ထားကြောင်း သတင်းရရှိထားသူများကို ဖမ်းဆီးစစ်ဆေးရာမှ လှိုင်သာယာနှင့် တွံတေးမြို့နယ်များအတွင်းမှ ခိုးမှုခြောက်မှု ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ခိုးမှုများမှ ပြစ်မှုကျူးလွန်သူ လှိုင်သာယာမြို့နယ်နေ အောင်မြင့်အေး(ခ)ဘိုဘို(၃၀)နှစ်နှင့် ဝင်းကိုကိုဦး(ခ) ဗညား(ခ)အထစ်(၂၅)နှစ်တို့အား စစ်ဆေးရာ ၎င်းတို့သည် ဖေဖော်ဝါရီလနှင့် မတ်လ အတွင်း ဝေဖြိုး(ခ) ပြည့်ဖြိုးအောင်(စုံစမ်းဆဲ)နှင့် ကျော်ကျော်(ခ)ကျော်လင်း (စုံစမ်းဆဲ) တို့နှင့်အတူ လှိုင်သာယာမြို့နယ် အမှတ်(၅)ရပ်ကွက်အတွင်းရှိ နေအိမ်များမှ Vivoအမျိုးအစားလက်ကိုင်ဖုန်းနှင့် Flymo 125 ဆိုင်ကယ်တစ်စီး၊ အမှတ်(၆) ရပ်ကွက်အတွင်းရှိ နေအိမ်အတွင်းမှ Kenbo 125 ဆိုင်ကယ်တစ်စီး၊ စက်မှုဇုန်(၄) ဆိပ်ကမ်းသာလမ်းဘေးရှိ နေအိမ်အတွင်းမှ Zhineng 125 ဆိုင်ကယ်တစ်စီး၊ အမှတ်(၇) ရပ်ကွက်အတွင်းရှိ နေအိမ်အတွင်းမှ Karat 125 ဆိုင်ကယ်တစ်စီး၊ တွံတေးမြို့နယ် ရွှေဆံတော်ဘုရားရပ်ကွက်အတွင်းရှိ နေအိမ်အတွင်းမှ Turbostar 125 ဆိုင်ကယ်တစ်စီးတို့ကို ခိုးယူရောင်းချခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ပေါ်ပေါက်ချက်များအရ သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကာ အောင်မြင့်အေး(ခ)ဘိုဘိုနှင့် ဝင်းကိုကိုဦး(ခ) ဗညား(ခ)အထစ်တို့အား လှိုင်သာယာ၊ တွံတေးမြို့မရဲစခန်းတို့တွင် အမှုများအသီးသီး ရေးဖွင့်အရေးယူဆောင်ရွက်လျက်ရှိပြီး ထွက်ပြေးတိမ်းရှောင်နေသူ ဝေဖြိုး(ခ) ပြည့်ဖြိုးအောင်နှင့် ကျော်ကျော် (ခ)ကျော်လင်းတို့ကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပိုင်ရှင်များအနေဖြင့် ဖော်ပြပါရဲစခန်းများတွင် ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ရုပ်မြင်သံကြား

**၁၉-၅-၂၀၁၈ (စနေနေ့)**

**နံနက်ပိုင်း**

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ Breakfast News
၇း၃၅ Weekly Sport Info
၈း၃၅ "ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ" (၅၁)
၈း၄၅ ပန်းပျိုးခင်း (အပိုင်း-၄၁) (ကလေးများနှင့်အပူဒဏ်)
၉း၁၅ "News Watch TV"
၉း၃၀ "ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ" (ရန်ကုန်)
၁၀း၃၀ လုံမမှတ်စု (အပိုင်း-၃၇)
၁၀း၄၅ ကဗျာရိပ်မြုံ "သူ့ကျေးဇူး"
၁၀း၅၅ NHK Program "ရွှေ့လျားမှုကိုလေ့လာခြင်း" (နမူနာပုံစံတစ်ခုမှရွေးချယ်ခြင်း)
၁၁း၂၀ ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး (လက်တွေ့အသုံးချဆေးနည်းတိုများ) (အပိုင်း-၂၄)
၁၁း၃၅ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၃၀ မြန်မာဇာတ်လမ်းတွဲ"ကြမ္မာနွံ" (အပိုင်း-၂၂) (မင်းဦး၊ ဖိုးသောကြာ၊ စုလှိုင်နှင်း၊ စိုးနန္ဒာကျော်၊ ဇော်ဇော်) (ဒါရိုက်တာ-အောင်သြဘာ)
၁၃း၅၀ ရုပ်ရှင်ရိုက်မယ် (အပိုင်း-၁၃) (လေးကြိုး၊ အားလပ်ရက်တစ်ရက်)
၁၄း၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးရာဇဝင်"(အပိုင်း-၃၄)
၁၅း၁၀ "၂၀၁၉ ခုနှစ် မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စတင်အသုံးပြုမည့် မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ (သင်္ချာဘာသာရပ်)

**ညပိုင်း**

၁၅း၄၅ Myanmar National League 2018 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Zwekapin United Fc Vs Hantharwady United Fc)
၁၈း၃၀ Tasty Trip
၁၉း၁၅ အိန္ဒိယဇာတ်လမ်းတွဲ "မြွေပျိုမယ်ရဲ့မာယာလှည့်ကွက်" (အပိုင်း-၉၀)
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ Big Step (Singer -Haw Nan Hsu) -စန္ဒရားသိန်းမြင့်သန်း တေးဂီတအဖွဲ့ဖျော်ဖြေတင်ဆက်မှုအစီအစဉ် "မျိုးစေ့" (မိုးယံဇွန်၊ နေရဲလင်း၊ စူးရှ၊ လင်းဇာနည်ဇော်၊ မျိုးစန္ဒီကျော်၊ ဖူးစုံ) [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]
- အစီအစဉ်ပြီး၏။

# မိုးရာသီတွင်အဖြစ်များသော ကူးစက်ရောဂါများ

ယခုကဲ့သို့မိုးဦးကျမှစတင်၍ မိုးရာသီတွင်အဖြစ်များသောကူးစက်ရောဂါများကို ကြိုတင်သတိပြုကာကွယ်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

| စဉ် | ရောဂါများ | ကူးစက်ပျံ့နှံ့ပုံ | ကြိုတင်ကာကွယ်ရေးနည်းလမ်းများ |
|---|---|---|---|
| ၁ | သွေးလွန်တုပ်ကွေးရောဂါ | ရောဂါပိုးရှိသည့် ခြင်ကျားကိုက်ခံရခြင်းဖြင့် ကူးစက်ပါသည်။ | (၁) ခြင်ကိုက်မခံရအောင် နေထိုင်ပါ။ (၂) မိမိပတ်ဝန်းကျင်တွင် ခြင်ကျား မပေါက်ပွားနိုင်စေရန် ဆောင်ရွက်ပါ။ |
| ၂ | ဝမ်းပျက်ဝမ်းလျှောရောဂါများ | - မသန့်ရှင်းသော ရေသောက်သုံးခြင်း -ယင်နားစာများ စားသုံးခြင်း -တစ်ကိုယ်ရေ သန့်ရှင်းမှု အားနည်းခြင်း -ပတ်ဝန်းကျင် သန့်ရှင်းမှု အားနည်းခြင်း တို့ကြောင့် ကူးစက်ပါသည်။ | (၁) ရေကို(ဖြစ်နိုင်ပါက) ကျိုချက်၍ သောက်သုံးပါ၊ (၂) အစားအစာများကို ပူပူနွေးနွေး စားသုံးပါ၊ ယင်မနားအောင် ဖုံးအုပ်ထားပါ၊ ယင်နားစာများကို ရှောင်ကြဉ်ပါ။ (၃) အစာမစားမီနှင့် အိမ်သာအထွက်တွင် လက်ကိုဆပ်ပြာဖြင့်ဆေးပါ။ (၄)လက်သည်းညှပ်ပါ။ (၅) မိမိအိမ်နှင့် ပတ်ဝန်းကျင်တွင် ယင်ကောင်၊ ကြွက်စသည်တို့ မခိုအောင်းစေရန် အမှိုက်သရိုက်များကို ရှင်းလင်းထားပါ။ |
| ၃ | ရာသီတုပ်ကွေးရောဂါ | ရောဂါရှိသူ နှာချေ၊ ချောင်းဆိုးခြင်းဖြင့် အသက်ရှူလမ်းကြောင်းမှ တစ်ဆင့် အခြားသူများသို့ ကူးစက်ပါသည်။ | (၁) နှာချေတိုင်း၊ ချောင်းဆိုးတိုင်း နှာခေါင်းနှင့်ပါးစပ်ကို လုံအောင်အုပ်ပါ။ (၂) လက်ကိုဆပ်ပြာဖြင့် မကြာခဏဆေးပါ။ (၃) လူထူထပ်သော နေရာများနှင့် ပွဲလမ်းသဘင်များသို့သွားလာခြင်းကို ရှောင်ကြဉ်ပါ။ |

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## မန်စီးတီးနည်းပြ ဂွါဒီယိုလာ နှစ်နှစ်သက်တမ်းရှိ စာချုပ်သစ်ထပ်တိုးချုပ်ဆို

မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာသည် မန်စီးတီးအသင်းအား ပရီမီယာလိဂ်ဖလား ရရှိအောင် စွမ်းဆောင်ပေးခဲ့ပြီးနောက် နှစ်နှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သိရသည်။

စပိန်နိုင်ငံသား နည်းပြ ဂွါဒီယိုလာသည် စာချုပ်သစ် မချုပ်ဆိုခင်က စာချုပ်သက်တမ်း တစ်နှစ်ကျန်ရှိနေသေးပြီး စာချုပ်သစ်ချုပ်ဆိုလိုက်ခြင်းကြောင့် မန်စီးတီးအသင်းတွင် ၂၀၂၀-၂၀၂၁ ခုနှစ်အထိ ဆက်ရှိနေမည်ဖြစ်သည်။

ထို့ကြောင့် နည်းပြ ဂွါဒီယိုလာသည် ယခင်ကကိုင်တွယ်ခဲ့ဖူးသည့် ဘာစီလိုနာအသင်း၊ ဘိုင်ယန်မြူးနစ်အသင်းတို့ထက် မန်စီးတီးအသင်းတွင် ကာလရှည်ကြာ ကိုင်တွယ်မည့် အနေအထားလည်း ရှိနေခဲ့သည်။

နည်းပြ ဂွါဒီယိုလာသည် မန်စီးတီးအသင်းသို့ ၂၀၁၆ ခုနှစ်တွင် ရောက်ရှိလာခဲ့သူဖြစ်ပြီး အဲဒီအချိန်မှ စတင်ကာ ၁၁၃ ပွဲတွင် နိုင်ပွဲ ၇၇ ပွဲအထိ ရှိထားခဲ့ကာ အနိုင်ရရှိသည့် ပမာဏသည် ၆၈ ရာခိုင်နှုန်းအထိ ရှိထားခဲ့ကြောင်း သိရသည်။ ထို့ပြင် ပရီမီယာလိဂ်ရာသီသိမ်းပွဲတွင် ဆောက်သမ်တန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် ပရီမီယာလိဂ်ဖလားကို ရမှတ် ၁၀၀ နဲ့ ရယူနိုင်ခဲ့သည့် ပထမဆုံးသော ပရီမီယာလိဂ်အသင်းအဖြစ်လည်း သမိုင်းဝင်ခဲ့သည်။

ငွေကြယ်




## ပြင်သစ်အသင်းမှာ ဂျရူးနဲ့ ဂရစ်ဇ်မန်း ပါဝင်လာခဲ့သော်လည်း လာကာဇက်တီနဲ့ အန်တိုနီမာရှယ်ကို နည်းပြ ဒက်ချမ့် ချန်ထားခဲ့

မန်ယူတိုက်စစ်မှူး အန်တိုနီမာရှယ်နဲ့ အာဆင်နယ်တိုက်စစ်မှူး လာကာဇက်တီတို့ဟာ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ကစားသမား ရွေးချယ်ခဲ့ရာတွင် နည်းပြ ဒက်ချမ့်အနေနဲ့ ပြင်သစ်အသင်းနဲ့အတူ ရုရှားမြေသို့ ခေါ်ယူခြင်းမပြုခဲ့ဘဲ ချန်ထားခဲ့ခြင်းကို ခံခဲ့ရပါတယ်။

ပြင်သစ်အသင်း နည်းပြ ဒက်ချမ့်ဟာ အဲဒီ တိုက်စစ်မှူးနှစ်ဦးကို ရွေးချယ်ခြင်းမပြုခဲ့ပေမယ့် ချယ်လ်ဆီးတိုက်စစ်မှူး ဂျရူးကိုတော့ ပြင်သစ်အသင်းရဲ့ တိုက်စစ်ပိုင်းမှာ မက်ပီ၊ ဒမ်ဘီလီ၊ နာဘီလ်ဖီကာ၊ သောမက်လီမာ၊ ဂရစ်ဇ်မန်း၊ ဖလော်ရီယန်သော်ဗင်တို့နဲ့အတူ တွဲဖက်ကစားဖို့ ရွေးချယ်ခဲ့တာဖြစ်ပါတယ်။

အသက် ၂၂ နှစ်အရွယ်ရှိ တိုက်စစ်မှူး မာရှယ်ဟာ မန်ယူအသင်းမှာလည်း နည်းပြ မော်ရင်ဟိုနဲ့ ဆက်ဆံရေးအဆင်မပြေဖြစ်မှုတွေကြောင့် ပုံမှန်ပွဲထွက် ကစားခွင့်ပျောက်ဆုံးခဲ့ရသူဖြစ်တဲ့အပြင် ဖေဖော်ဝါရီလကတည်းကစပြီး ဘောလုံးရာသီကုန်တဲ့အထိ ဂိုးဖန်တီးမှုလည်း တစ်ကြိမ်သာ ပြုလုပ်နိုင်ခဲ့သလို ဂိုးလည်း မသွင်းယူနိုင်ခဲ့ပါဘူး။

တိုက်စစ်မှူး လာကာဇက်တီကတော့ အာဆင်နယ်အသင်းမှာ အကောင်းဆုံးပုံစံရရှိခဲ့တဲ့ ကစားသမားတစ်ဦးပါ။ သူ့ရဲ့ ပရီမီယာလိဂ် နောက်ဆုံးကစားခဲ့တဲ့ ခြောက်ပွဲမှာဆိုရင်တောင် သွင်းဂိုး ငါးဂိုးအထိ သွင်းယူနိုင်ခဲ့ပြီး တစ်ဂိုး ဖန်တီးပေးနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ပြင်သစ်နည်းပြ ဒက်ချမ့်အတွက်တော့ စိတ်ကြိုက်မဖြစ်ခဲ့ဘူးလို့ ဆိုရမှာပဲဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် လာကာဇက်တီကို ရွေးချယ်ခြင်းမရှိခဲ့ဘဲ ဂရစ်ဇ်မန်းကိုသာ ရွေးချယ်ခဲ့လို့ဖြစ်ပါတယ်။

ပြင်သစ်အသင်း နည်းပြ ဒက်ချမ့်ဟာကန်တီ(ချယ်လ်ဆီး)၊ ဟူဂိုလိုးရစ် (စပါး)၊ ပေါ့ဘာ (မန်ယူ)တို့ကို အသင်းအတွက် အဓိက ရွေးချယ်ခဲ့ပေမယ့် မာဆေးလ် ကစားသမား ဒီမီထရီပါယက်ကိုတော့ ရွေးချယ်ခဲ့ခြင်းမရှိခဲ့ပါဘူး။ ဘာလို့လဲဆိုရင် မာဆေးလ်အသင်းနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူရိုပါလိဂ် နောက်ဆုံး ဗိုလ်လုပွဲမှာ ပေါင်ဒဏ်ရာရရှိခဲ့တာကြောင့် ဖြစ်ပြီး အဲဒီလို မရွေးချယ်ခဲ့တာနဲ့ ပတ်သက်ပြီးလည်း ပါယက်ဟာ နာရီဝက်ကြာမျှ မျက်ရည်ကျခဲ့ရတယ်လို့ သိရပါတယ်။ ဒါ့အပြင် အဲဒီပြိုင်ပွဲမှာ အက်သလက်တီကိုမက်ဒရစ်အသင်းက ဖလားသိမ်းပိုက်နိုင်ခဲ့တာမို့ ထပ်မံမျက်ရည်ကျခဲ့ရတယ်လို့ ဆိုပါတယ်။

နည်းပြ ဒက်ချမ့်ဟာ ပြင်သစ်အသင်းအတွက် ကစားသမား ရွေးချယ်ခဲ့ရာမှာ ဂိုး-အေရီယိုလာ၊ ဟူဂိုလိုးရစ်၊ မန်ဒန်ဒါ၊ နောက်တန်း-ဟာနန်ဒက်ဇ်၊ ကင်ပမ်ဘီ၊ မန်ဒီ၊ ပါဗက်၊ ရာမီ၊ ဆီဒီဘီ၊ အမ်တီတီ၊ ဗာရာနီ၊ ကွင်းလယ်-ကန်တီ၊ မက်တူဒီ၊ အန်ဇွန်နီ၊ ပေါ့ဘာ၊ တိုလစ်ဆို၊ ရှေ့တန်း-ဒမ်ဘီလီ၊ ဖီကာ၊ ဂျရူး၊ ဂရစ်ဇ်မန်း၊ လီမာ၊ မက်ပီ၊ သော်ဗင်တို့ကို ရွေးချယ်ခဲ့တာဖြစ်ပါတယ်။

ပြင်သစ်အသင်းဟာ ရုရှားမြေမှာ ကျင်းပမယ့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ချန်ပီယံဖြစ်ဖို့ ရေပန်းစားနေတဲ့ အသင်းတွေထဲက တစ်သင်းအပါအဝင်ဖြစ်ပြီး အုပ်စုအဆင့်မှာ ဩစတြေးလျ၊ ဒိန်းမတ်၊ ပီရူးအသင်းတွေနဲ့ တစ်အုပ်စုတည်း ကျရောက်နေပါတယ်။

ငွေကြယ်

## အင်္ဂလန်အသင်း လူစာရင်းမှ ချန်လှပ်ခံရသည့်အတွက် မယုံနိုင်လောက်အောင် စိတ်ပျက်ရဟု ဝီရှိုင်းယားဆို

ကွင်းလယ်လူ ဂျက်ဝီရှိုင်းယားက နည်းပြ ဆောက်ဂိတ်အနေနဲ့ သူ့ကို အင်္ဂလန်အသင်း လူစာရင်းမှ ချန်လှပ်မှုမှာ မှားယွင်းပြီး ဘာကြောင့် ယင်းသို့ ပြောကြားခဲ့ရသည် ဆိုသည်ကို တွစ်တာစာမျက်နှာပေါ်မှ တစ်ဆင့် ရှင်းလင်းရေးသားခဲ့သည်။ အာဆင်နယ် ကွင်းလယ်လူက မယုံနိုင်လောက်အောင် စိတ်ပျက်ရပြီး တစ်ရာသီလုံး ကြံ့ခိုင်မှုအပြည့်၊ ပုံစံကောင်းဖြင့် သန်မာစွာ ကစားနိုင်ခဲ့သည့်အတွက် အသင်းလူစာရင်းတွင် ပါဝင်သင့်သည်ဟု ယုံကြည်ခဲ့ရခြင်းဖြစ်ကြောင်း ရေးသားခဲ့သည်။

အသက် ၂၆ နှစ်အရွယ် ဝီရှိုင်းယားက ယင်းပို့စ်ကို မတင်မီ အသေချာစဉ်းစားပြီးမှ သူ့ခံစားချက်ကို ရေးသားခဲ့ခြင်းဖြစ်ကြောင်းကို "စဉ်းစားပြီး ခုကတော့ ကျွန်တော် ပြောရတော့မယ့်အချိန်ပါ"လို့ စာသားရေးထိုးပြီးမှ သူပြောချင်သည့် အကြောင်းအရာကို ချပြခဲ့သည်ကို တွေ့ရသည်။ နည်းပြ ဆောက်ဂိတ်က ကမ္ဘာ့ဖလားမှ အလောင်းအစားဆန်သည့် ပြိုင်ပွဲမဟုတ်ခြင်းကြောင့် ကြံ့ခိုင်မှုနှင့်ပတ်သက်ပြီး စိတ်မချရသည့် အနေအထားရှိသည့် ဘယ်ကစားသမားကိုမဆို သူ့အနေဖြင့် အသင်းလူစာရင်းမှ ချန်လှပ်ခဲ့မည်ဖြစ်ကြောင်း အစောပိုင်းကပင် ပြောကြားခဲ့ပြီးဖြစ်သည်။

ဝီရှိုင်းယားက "အခွင့်အရေးသာပေးလို့ရှိရင် ထိရောက်တဲ့ အကျိုးသက်ရောက်မှုရရှိဖို့ ကျွန်တော် စွမ်းဆောင်ပြနိုင်ပါလိမ့်မယ်"ဟူသော စာသားက ကမ္ဘာ့ဖလားတွင် ပါဝင်ခွင့်မရရှိသည့် သူ၏ ခံစားချက်ကို ထင်ထင်ရှားရှားပင် ဖော်ပြနိုင်ခဲ့သည်။ သို့သော် သူက နည်းပြရဲ့ ဆုံးဖြတ်ချက်ကို လေးစားသလို အင်္ဂလန်အသင်းသားများ ကမ္ဘာ့ဖလားတွင် အောင်ပွဲရရှိပါစေကြောင်းလည်း ဆုတောင်းပေးခဲ့သည်။ ဝီရှိုင်းယားမှာ မေ ၁၇ တစ်ရက်တည်းမှာပင် အသံဖိုင် နှစ်ခု၊ စာသားပါပို့စ်တစ်ခု စုစုပေါင်း သုံးခု တင်ခဲ့သည်ကို ကြည့်ခြင်းအားဖြင့် အင်္ဂလန်အသင်း လူစာရင်းမှ ချန်လှပ်ခံရသည်ကို အတော်ပင် ခံစားနေရသည်မှာ သိသာကြောင်း The Sun သတင်းဌာနက ဖော်ပြသည်။

မေလှဲ့သင်း - ရေးသားသည်

## လူကာကူနှင့် ဆန်းချက်ဇ်တို့ကြောင့် မန်ယူသာ အက်ဖ်အေဖလား ဆွတ်ခူးသွားနိုင်မည်ဟု ဖာဒီနန် ခန့်မှန်း



ချယ်လ်ဆီးနည်းပြ ကွန်တီ ခေါ်ယူဖို့ ကြိုးပမ်းခဲ့ဖူးတဲ့ လူကာကူနဲ့ ဆန်းချက်ဇ်တို့နှစ်ဦးဟာ ချယ်လ်ဆီးအပေါ် တိုက်ရိုက်ထိုးနှက်ချက်ဖြစ်နိုင်တာကြောင့် ဒီကစားသမားနှစ်ဦးကြောင့်ပဲ မေ ၁၉ ရက် ဝင်ဘာလေကွင်းမှာ ယှဉ်ပြိုင်မယ့် အက်ဖ်အေဖလားမှာ မန်ယူအသင်းချန်ပီယံ ဖြစ်သွားမယ်လို့ မန်ယူနောက်ခံလူဟောင်း ရီယိုဖာဒီနန်က သုံးသပ်ပါတယ်။

ကွန်တီက ပြီးခဲ့တဲ့နွေရာသီအပြောင်းအရွှေ့ဈေးကွက်အတွင်း ကော်စတာနေရာ အစားထိုးဖို့ လူကာကူကို တောက်လျှောက်ကြိုးပမ်းခဲ့တာ ဖြစ်ပေမယ့် မန်ယူအသင်းက ကြားဖြတ်ခေါ်ယူသွားနိုင်ခဲ့တာကြောင့် မန်ယူနည်းပြ မော်ရင်ဟိုကတောင် မန်ယူအသင်းရဲ့ ငွေသုံးနိုင်မှုအပေါ် ဂုဏ်ယူသလိုနဲ့ အသင်းဟောင်း ချယ်လ်ဆီးကို ထိုးနှက်ခဲ့ဖူးပါတယ်။ နည်းပြ ကွန်တီက တိုက်စစ်ပိုင်း လိုအပ်ချက်မြင့်မားနေတဲ့ ချယ်လ်ဆီးအသင်းအတွက် ဇန်နဝါရီဈေးကွက်အတွင်းမှာ ဆန်းချက်ဇ်ကို ခေါ်ယူအားဖြည့်ပေးဖို့ တောင်းဆိုခဲ့ပေမယ့် ချယ်လ်ဆီးအသင်းတာဝန်ရှိသူတွေက ဂျရူးကိုသာ ခေါ်ယူပေးခဲ့တာကြောင့် ဖာဒီနန်က ယခုလို သုံးသပ်ခဲ့တာဖြစ်ပါတယ်။

ဖာဒီနန်က "ဒီကိစ္စမှာတော့ နှစ်ဂိုး-ဂိုးမရှိနဲ့ ဖြစ်လောက်တယ်။ ဂိုးသွင်းမှာကလည်း လူကာကူနဲ့ ဆန်းချက်ဇ်ဗျ။ ဒီအသံနဲ့ပြောရတာ အတော်ကောင်းပါတယ်"လို့ ခန့်မှန်းချက်ထုတ်ခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် ဖာဒီနန်က မော်ရင်ဟိုလက်ထက်မှာ မန်ယူအသင်းက ဗိုလ်လုပွဲတက်တိုင်း မရှုံးနိမ့်ဖူးတဲ့ အစဉ်အလာကလည်း အက်ဖ်အေဖလားဟာ မန်ချက်စတာမြေမှာပဲ နားခိုနိုင်တဲ့ အဓိကအကြောင်းတရားလို့ ဆိုခဲ့ပါသေးတယ်။

## ဂျူပင်တပ်မှ ထွက်ခွာမည်ဟု ကြေညာခဲ့သည့် ဘူဖွန်ကို မန်စီးတီး၊ လီဗာပူးတို့ အပြိုင်ကမ်းလှမ်း

အသက် ၄၀ နှစ်အရွယ် ဂိုးသမား ဘူဖွန်က ယခုနှစ်ရာသီကုန်တွင် အနားယူမည့် အစီအစဉ်ကို ကြေညာခဲ့ရာတွင် စိတ်ဝင်စားစရာ ကမ်းလှမ်းမှုအများအပြားကို လက်ခံရရှိထားကြောင်းလည်း တစ်ဆက်တည်းပင် ထည့်သွင်းပြောကြားသွားခဲ့ရာ ပရီမီယာလိဂ်ကလပ် လီဗာပူးနှင့် မန်စီးတီးတို့က ခေါ်ယူရန် ခြေလှမ်းစနေပြီဖြစ်ကြောင်း သတင်းရင်းမြစ်များက ဖော်ပြခဲ့သည်။

ဘူဖွန်က "လွန်ခဲ့တဲ့ ၁၅ နှစ်ကတည်းက ဒီအချိန်မှာ ကျွန်တော် ဘောလုံးကစားခြင်းကို အဆုံးသတ်မယ်ဆိုတာ သေချာခဲ့ပါတယ်၊ အခု ကျွန်တော်ကွင်းတွင်း၊ ကွင်းပြင် အဆိုပြုချက်အချို့နဲ့ စိတ်ဝင်စားစရာ စိန်ခေါ်မှုတွေကို ရရှိထားပါတယ်၊ နောက်သုံးရက်ရောက်ရင် ကျွန်တော့်အနေနဲ့ စိတ်ခံစားချက် ပြည့်ပြည့်ဝဝနဲ့ သုံးသပ်ပြီး ခိုင်မာတဲ့ ဆုံးဖြတ်ချက်ကို ကျွန်တော် ချနိုင်ပါလိမ့်မယ်၊ ကျွန်တော်က အဆင့်နိမ့်တဲ့ လိဂ်မှာတော့ မယှဉ်ပြိုင်ပါဘူး၊ ကျွန်တော်က ပြိုင်ဆိုင်လိုစိတ် ပြင်းထန်လွန်းသူဖြစ်လို့ပါ"ဟု ဆိုသွားခဲ့ခြင်းဖြစ်သည်။

ယခု ပြောစကားအရ ဘူဖွန်ဘောလုံးလောကမှ အပြီးသတ် အနားယူမည်လား၊ အီတလီမြေမှ ထွက်ခွာပြီး အခြားလိဂ်တစ်ခုသို့ ပြောင်းရွှေ့မည်လားဆိုသည်ကို ကွဲကွဲပြားပြား အဖြေထုတ်နိုင်ခြင်း မရှိသေးသော်လည်း ပရီမီယာလိဂ်အသင်းများမှ ကမ်းလှမ်းမှုရရှိထားသလားဟူသော မီဒီယာများ၏ မေးခွန်းကိုမူ ဘူဖွန်က ပရီမီယာလိဂ်အသင်းများထံ တိုက်ရိုက်သွားမေးသင့်သည်ဟု ဖြေကြားသွားခဲ့သည်။



# ကြေးမုံ ဖတ်ကြည့်

**ကျော်စောမင်း**

**နိဒါန်း**

မကြာသေးမီက စာပေကိစ္စတစ်ခုအတွက် ပုဂ္ဂလိကသတင်းစာတိုက်ကြီး တစ်ခုသို့ ရောက်ခဲ့ရသည်။ အစစ်အဆေး အမေးအမြန်းတွေ တစ်သီကြီးကို ရင်ဆိုင်ပြီးမှ အယ်ဒီတာချုပ်ဆီရောက်ရသည်။ ထိုပုဂ္ဂိုလ်မှာ ကျွန်တော့်ညီလို ဖြစ်နေသော ခင်မင်သူ၊ သူ့ဆီရောက်ဖို့ အတားအဆီးများစွာ ရင်ဆိုင်ရကြောင်း ကိုသာသူသိလျှင် အလွန်စိတ်မကောင်း ဖြစ်တော့မည်။ ထို့ကြောင့် ကျွန်တော့် မျက်နှာကို ပြုံးနိုင်သမျှပြုံးထားခဲ့ပါသည်။

သူ့အခန်းတွင် စာအုပ်တွေ တစ်ပုံကြီးတွေ့ရသည်။ စာအုပ်တွေ့လျှင် မကိုင်ဘဲမနေနိုင်၍ ကိုင်ကြည့်သည့်အခါ မိတ်ဆွေက စာအုပ်သတင်းရေးဖို့ ပို့ထားတာတွေလေ၊ တစ်မျိုးကိုလေးအုပ်ဟု ဆိုပါသည်။ ကံကောင်းလှစွ။ ကျွန်တော် "ဖတ်ကြည့်"ရေးဖို့အတွက် ကိုယ့်ပိုက်ဆံကို မျက်စောင်းထိုးရသည်။ ထုတ်ဝေသူမိတ်ဆွေတချို့၊ စာရေးသူမိတ်ဆွေတချို့က စာအုပ်လက်ဆောင် ပို့ပေးလျှင် ဝမ်းသာရသည်။

စာအုပ်မဝယ်နိုင်သေးခြင်း အစရှိသောအကြောင်းများစွာတို့ကြောင့် "ဖတ်ကြည့်"ကို မရေးဖြစ်သည့်အခါ စာပေမိတ်ဆွေများအနက် အချို့က "ဖတ်ကြောက်"ဖြစ်သွားပြီလားဟု မေးမြန်းကြသည်။ ရှိပါစေတော့။

**ကဗျာဆု**

ရစ်သမ်ကောင်းလှသဖြင့် ဂုဏ်မြောက်ပါပေသည်ဟူသော ချီးကျူးမှုကြီး တစ်ရပ်ကို ဖတ်လိုက်ရသည့်အခါ အတော်ပင် ဝမ်းသာသွားမိသည်။ မြန်မာ ဘာသာစကား၏ ရစ်သမ်ကို ရှာဖွေတွေ့ရှိသွားကြပြီပဲ။ Monosyllabic ခေါ် ဧကဝဏ္ဏဘာသာစကားတွင် ရစ်သမ်တွေ့ရှိမှုမှာ မြန်မာစာသည် ကမ္ဘာတွင် ပထမဆုံးဖြစ်နေဖို့များသည်။ ဘာသာဗေဒပညာရှင်များက ရစ်သမ် သည် Polysyllabic ဗဟုဝဏ္ဏဘာသာစကားတွင်သာ ရှိကြောင်းပြောခဲ့ကြ သည်မှာ မှားသွားပြီထင်သည်။ ရစ်သမ်သည် Syllable ခေါ် စာလုံးစု စကား(ဒေါက်တာသာလှ အလိုအရ ဆေလေဘူ)နှင့် ဆိုင်သည်။ အသေဖြစ် သည်။ လိုသလိုပြောင်း၍ မရ။ Temple ကို ထဲမ်းပယ်လ်ဟူ၍ ရှေ့စာလုံး ဖိပြီးသာ အသံထွက်ရသည်။ ထင်ပဲလ် ဟူ၍ နောက်စာလုံးဖိပြီး အသံထွက်ခွင့် မရှိ။ (Temple သည် နှစ်သံပေါင်းမှ တစ်လုံးဖြစ်သော Syllable ဆေလေဘူ ဖြစ်သည်)

ထို့ကြောင့် ရစ်သမ်သည် အင်္ဂလိပ်စာအစရှိသော ဗဟုဝဏ္ဏ Polysyllabic Languages ဘာသာစကားများ၏ အခြင်းအရာဖြစ်သည်။ မြန်မာစာလို Monosyllabic များနှင့် ဘာမှမဆိုင်။

ထားပါ။ ကျွန်တော်ပြောချင်သည်က ကဗျာဆုအကြောင်းဖြစ်သည်။ ခေတ်ပေါ်နှင့် ဂန္ထဝင်ကို သီးခြားတစ်ဆုစီပေးသင့်ကြောင်း စာပေညီလာခံက အဆိုပြုလိုက်သည်ဟု ကြားရသောအခါ ဝမ်းသာမိသည်။ လူညီအောင်ညှိပြီး ဤကို ကွဲဖတ်ကြတော့မည့်ခေတ်မှာ ကဗျာတစ်ဆုပဲပေးစေဟု ဆုံးဖြတ်ပါက မြန်မာ့အမွေအနှစ် ဂန္ထဝင်ကဗျာ ပျောက်ကွယ်ရေးအတွက် အပူအပင်မရှိ ခွင့်ပြုသူအဖြစ် သမိုင်းတွင်သွားမည်။ မြန်မာ့ အမြင့်သဘင်၊ အနိမ့်သဘင်၊ ဆိုင်းဝိုင်း၊ ရိုးရာတူရိယာ၊ ရိုးရာဂီတများစသည်တို့ကဲ့သို့ ကွယ်ပျောက်မည့် အန္တရာယ်ရှိနေသဖြင့် မျက်ကွယ်မပြုသင့်ပါ။

မြန်မာ့ဂန္ထဝင်ကဗျာဆိုသည်မှာ တိုင်းပြည်နှင့်လူမျိုးအတွက် တန်ဖိုး ထားရမည့်အရာ ဖြစ်ပါသည်။ စာပေတာဝန်ကို ထမ်းဆောင်ရာတွင် လုပ်ငန်းကြီး သုံးရပ်ရှိသည်။ လူမျိုး၏အသိအမြင်ကို မြှင့်တင်ခြင်း၊ အမွေ အနှစ်ကိုထိန်းသိမ်းခြင်းနှင့် ဖွံ့ဖြိုးရေးကို ကူညီရခြင်းတို့ဖြစ်သည်။

လူမျိုး၏ အသိအမြင်ကို မြှင့်တင်ရန်အတွက် "ပန်းပေါင်းတစ်ရာ စီမံချက်"ဆိုတာမျိုးလို ဘက်စုံထောင့်စုံမှ လွတ်လပ်စွာတင်ပြခွင့်နှင့် ဝေဖန် ခွင့်တို့ အားကောင်းလာအောင် ခြေလှမ်းပြင်ရသည်။ တိုင်းပြည်၏ အမွေ၊ လူမျိုး၏အမွေကို တည်တံ့ခိုင်မြဲစေရန် မူဝါဒချမှတ်လုပ်ဆောင်ရသည်။ ဖွံ့ဖြိုးရေးအတွက် ခေတ်ပြိုင်အနုပညာများကို နည်းမှန်လမ်းမှန် မြေတောင် မြှောက်ပေးခြင်းအားဖြင့် ကူညီရသည်။

နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်၊ သမိုင်းချစ်စိတ်၊ ရှေးဟောင်းအမွေကို နှမြောတသစိတ်စသည့် လူ့ယဉ်ကျေးနိုင်ငံကြီးသားများတွင်ရှိရမည့် တာဝန်ကို မျက်ကွယ်ပြုခဲ့ကြသူများကြောင့် ကျွန်တော်တို့တိုင်းပြည်နှင့် ကျွန်တော်တို့ လူမျိုးတွင် ဆုံးရှုံးမှုတွေများခဲ့ပါပြီ။ ထိုတရားခံများကိုရှိပါစေတော့။ ကိုယ်တရားခံဘဝရောက်မသွားအောင် အချိန်ရှိခိုက်ကြိုးစားရပါလိမ့်မည်။

**နောက်တစ်ခါလာပြန်ချေတော့မည်**

ပြန်ကြားရေးဝန်ကြီးဌာနသည် ယခုအခါ စာပေဆုကော်မတီဖွဲ့ရေး ကိစ္စများဖြင့် အလုပ်ရှုပ်နေတော့မည်။ ပြောစရာများ ပြောရဦးမည်။ ပြီးသွား သော၊ စီးဆင်းသွားပြီဖြစ်သော ရေအလျဉ်ကို ပြောနေခြင်း မဟုတ်ဘဲ အသစ် စီးဆင်းလာရာတွင် ကြည်သန့်ရေအေး စီးဆင်းလာစေခြင်းအားဖြင့် အစဉ် အဆက် ခိုင်မာတည်မြဲသော မူတစ်ခုဖြစ်ပေါ်လာစေရန်သာ ရည်ရွယ်ခြင်း ဖြစ်ပါသည်။

**(က)တစ်သက်တာ စာပေဆု**

တိုင်းပြည်အတွက် အလွန်အရေးကြီးသော ဂုဏ်ဆောင်ဆုဖြစ်ပါသည်။ အမျိုးသားအမွေအနှစ်ကို ဆက်လက်တည်တံ့ရန်နှင့် တန်ဖိုးရှိထည့်ဝင်မှုများ (Worthy Contribution) လုပ်ခဲ့သူများ၊ အထူးသဖြင့် စဉ်ဆက်မပြတ် လုပ်ခဲ့သူ များကို ဂုဏ်ပြုတတ်ရန်လိုသည်။

တစ်သက်တာစာပေဆုဆိုသည်မှာ ပင်စင်ချီးမြှင့်ခြင်းမဟုတ်။ စာရေးဖူးပြီး အသက် ၈၀ ဝန်းကျင်ရှိလျှင် ပေးစေဟုလုပ်လို့မရ။ တချို့က စာတွေရေးခဲ့သည်။ သို့သော် သူတို့၏ထည့်ဝင်မှုကိုကြည့်လျှင် ထိုသို့ ပေးဖို့မကောင်း၊ မသင့်ဟု မြင်မိသည်။

သုခမိန်အဖွဲ့ ဖွဲ့စည်းပြီး လေးစားထိုက်သူများနှင့် တိုင်ပင်ဆွေးနွေးရွေးချယ် ခြင်းက ပို၍မှန်ကန်မည်ထင်ပါသည်။ အနိမ့်ဆုံးအသက်ကို ၇၀ ဟု သတ်မှတ် ထားသောကြောင့် စာရေးဆရာအစုအဖွဲ့များအကူအညီဖြင့် အသက် ၇၀ နှင့် အထက် စာရေးဆရာများ၏ စာစုစာရင်းကို အရင်ဆုံးပြုစုရမည်။ မူသတ်မှတ် ပေးရမည်။ မူအတိုင်းရွေးချယ်ရပါမည်။ ၁၉၁၇ ခုနှစ်မှစတင်ခဲ့သော မြန်မာရသ စာပေလမ်းကြောင်းကို အထူးပြုလေ့လာထားသူ မြန်မာစာပါမောက္ခများ၊ ပညာရှင်များ၏ ဘက်မလိုက် အားမနာအမြင်များက တန်ဖိုးရှိလာပါလိမ့်မည်။

**(ခ) ဘာသာပြန်**

စာပေဗိမာန်ဆုတွင် ဘာသာပြန်ဆုကို စတင်ထည့်သွင်းစဉ်က Classic ခေါ် ဂန္ထဝင်စာပေများကို ဘာသာပြန်ခြင်းသာဖြစ်ရမည်ဟု သတ်မှတ်ခဲ့ဖူး သည်။ ဆုတ်ကပ်တွင် ရွေ့လျားလာခဲ့ခြင်းများကို အထူးပြောမနေလိုတော့ပါ။ မြန်မာလိုချောချောရေးထားလျှင် ဘာသာပြန်ကောင်းဟု ထင်ခဲ့ကြသည်မှာလည်း မှားလှသည်။ မနှစ်ကဘာသာပြန်ဆုတွင် တစ်အုပ်မှမရ။ မူရင်း၏ အနည်းဆုံး တစ်ဆယ်ရာခိုင်နှုန်းနှင့် တိုက်ဖတ်ရမည်ဟူသောမူသည် မဖတ်ချင်သူများ၊ မဖတ်တတ်သူများကို ပြောရေးဆိုခွင့်တားမြစ်သလို ဖြစ်နေသည်။ မူရင်းနှင့် တကယ်တိုက်ဖတ်သူ အနည်းစုကပဲ ဦးဆောင်သွားခဲ့သလိုဖြစ်သည်။ ဘာသာပြန်အတွက် လူရွေးလျှင် အင်္ဂလိပ်စာတွင် တကယ်ကျွမ်းကျင်ပြီး မြန်မာ ဘာသာစကားကိုလည်း နားလည်သောသူများဖြင့်သာ ဖွဲ့သင့်သည်။ တရုတ်၊ ဂျပန် စသော အခြားဘာသာစကားများမှ တိုက်ရိုက်ပြန်ဆိုခြင်းများရှိနေလျှင် တစ်ဘာသာချင်းအတွက် ဘာသာရပ်ကျွမ်းကျင်ပညာရှင်သုံးဦး အနည်းဆုံး ရှာရပါမည်။ ဘာသာပြန်ဆိုသည်မှာ Translation မှာ ဘယ်လောက် စေ့စပ် မှန်ကန်သလဲ၊ ရသကိုဘယ်လောက်အထိ လက်ဆင့်ကမ်းနိုင်သလဲ ကြည့် ရခြင်းဖြစ်သည်။ မြန်မာလို သက်သက်ကို ဖတ်ပြီး "ဖတ်လို့ကောင်းတယ်" လုပ်နေ၍မရ၊ တာဝန်မကျေ။

**(ဂ) ပညာရပ်ဆိုင်ရာများ**

အလွန်အငြင်းပွားရသော ကိစ္စများဖြစ်သည်။ ဘာသာရပ်အများကြီး၊ စာအုပ်တွေကလည်းအများကြီးမို့ ဆုရွေးချယ်ရခက်နိုင်ပါသည်။ ကော်မတီက အရေးကြီးသည်။ ပညာရပ်၏တန်ဖိုးနှင့်သုတေသန၏ ဂုဏ်ရည်ကို အရင်ဆုံး ကြည့်ကြရသည်သာဖြစ်သည်။ နောက်ဆုံးပေါ်တွေ့ရှိချက်များနှင့် လေးစား လောက်ဖွယ်ကျမ်းပြုခြင်းကိုတွေ့ရမှ သက်ဆိုင်ရာပါရဂူများ၏ အမြင်ကို တောင်းခံရပါသည်။ ထို့အပြင် သည်ဆုပေးသင့်၊ မပေးသင့်ဟူသော ဆုံးဖြတ်ချက်မဟုတ်ပါ။ ဘာသာရပ်အတွက်မှန်ကန်မှု၊ အားကိုးလောက်မှု၊ ခေတ်မီမှု ရှိ၊ မရှိ အကဲဖြတ်ပေးရန်သာဖြစ်သည်။

အကောင်းတွေဆုံနေလျှင် အကောင်းဆုံးကိုရွေးရတော့မည်ဖြစ်သည်။ လူသားတွေအတွက် အရေးကြီးမှုကို ထိပ်ဆုံးကစဉ်းစားရပါသည်။ ဒုတိယမှာ တိုင်းပြည်နှင့်လူမျိုးအတွက် အရေးကြီးမှုဖြစ်သည်။ တတိယမှာ လောလော လတ်လတ် ပြဿနာတစ်ခုအတွက် အရေးကြီးမှုဖြစ်သည်။ နောက်ဆုံးမှာ ပညာရပ်အတွက် အသိသစ်ဖြည့်တင်းနိုင်မှုဖြစ်သည်။ ဤလိုအားထုတ်မှုမျိုး မပါဘဲ အသင့်ခူးစားဘာသာပြန်များကို ဆုပေးနေလျှင် ဆိုင်သူတွေသိက္ခာကျရုံ အပြင်မရှိ။ တိုင်းပြည်အတွက် အကြံဉာဏ်ကောင်းများပေးနိုင်သည်ဆိုသော မှတ်ချက်မျိုးက ကိုယ့်အဆင့်အတန်းကို ကိုယ်ပြန်ဖော်နေရာကျသည်။ ဘယ်လိုလက်တွေ့သုတေသနတွေ၊ ကိုယ်တွေ့စူးစမ်းမှုတွေကြောင့် အကြံ ပေးနိုင်တာလဲဆိုသည်ကို စူးစမ်းရန်မမေ့လျော့သင့်ပါ။

ကျန်ကိစ္စများကိုတော့ မပြောတော့ပါ။ ဘယ်နေရာမှာပဲဖြစ်ဖြစ် အပြစ် ပြောသူကတော့ ပေါ်လာမည်သာဖြစ်သည်။ အမှန်ဝေဖန်တာလား၊ အာဃာတနှင့်ပြောတာလားဆိုသည်ကိုပဲ ဆုံးဖြတ်ရပါမည်။ အဓိကပြဿနာက တော့ လူရွေးချယ်ရေးဖြစ်သည်။ ကဗျာဆိုလျှင် ကဗျာနားလည်သူတွေပါမှ၊ ဝတ္ထုဆိုလျှင် ဝတ္ထုနားလည်သူတွေပါမှ၊ သိပ္ပံပညာဆိုလျှင် သိပ္ပံပညာ၏ သဘောကို နားလည်သူတွေပါမှဖြစ်သည်။ ဆုရွေးချယ်ရေးသည် အတတ် ပညာရှင်တွေ၏ အလုပ်ဖြစ်သည်။ ကဗျာဆရာ၊ စာရေးဆရာသည် အနုပညာ ရှင်သတ်သတ်။ သူတို့နှင့်သက်ဆိုင်ရာ အနုပညာလိုင်းတွင် ကျယ်ပြန့်သော လေ့လာမှုရှိနေလိမ့်မည်ဟု တထစ်ချမပြောနိုင်။ ကျယ်ပြန့်သော လေ့လာမှု ဟုသုံးနှုန်းသည်ကို သတိပြုမိကြမည်ထင်ပါသည်။ ကျယ်ပြန့်သော လေ့လာမှု မှာ ပညာရှင်အလုပ်ဖြစ်သည်။အတတ်ပညာတွေကို လေ့လာရသည်။ ကဗျာ ဆရာက သူ့အနုပညာဝင်စားမှုအရ ရေးဖွဲ့လိုက်သော စာတစ်ကြောင်းသည် အတတ်ပညာအရ တမင်လှလှပပ ရေးလွှတ်လိုက်ခြင်းမဟုတ်။ အနုပညာဖြင့် ဖန်ဆင်းခြင်းသာဖြစ်သည်။ ထိုစာကြောင်း၏ အသံသဘော၊ စကားလုံး သုံးနှုန်းမှုသဘောနှင့် ဘာသာဗေဒဖောက်ထွက်မှုတို့ကို လေ့လာရသည်က ပညာရှင်အလုပ်။ ထို့ကြောင့် ကဗျာပဲဖြစ်ဖြစ်၊ စာပဲဖြစ်ဖြစ် ဝေဖန်ဆန်းစစ် အကဲဖြတ်ပေးခြင်းမှာ အတတ်ပညာရှင်တို့၏ အလုပ်မျှသာဖြစ်သည်။ အနုပညာရှင်က ထိုအောက်ဆင့်သို့မဆင်း။

အောက်ဆင့်မှာ အထက်ကပညာရှင်များကို ခြေရာခံမည့် အတတ်ပညာ ရှင်များ ရှိပါသည်။ ထိုပညာရှင်တို့ကို အားကိုးတတ်လာလျှင် ကျွန်တော်တို့ အနုပညာစာပေလောက တစ်ခေတ်ဆန်းလာမည်ဟု ယုံကြည်ပါကြောင်း။

## ကျေးလက်ဒေသဖွံ့ဖြိုးဖို့ ဝိုင်းဝန်းဆောင်ရွက်စို့ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

**ရမည်းသင်း မေ ၁၈**

ကျေးရွာများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ကျေးလက်နေပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးဆောင်ကျင်းပသော "ကျေးလက် ဒေသဖွံ့ဖြိုးဖို့ ဝိုင်းဝန်းဆောင်ရွက်စို့" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကို ယမန်နေ့ နံနက် ၉ နာရီက ရမည်းသင်းမြို့နယ် သိမ်ကုန်းကျေးရွာ အုပ်စု ဥယျာဉ်ကျောင်းတိုက်မွှာရုံ၌ ကျင်းပသည်။

ထို့နောက် အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းဟန်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးသက်နိုင်အေး၊ မြို့နယ်ပညာရေးမှူး ဒေါ်ယဉ်ယဉ်နု၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာမြင့်မြင့်မော်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးမြတ်မိုး၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ဦးစီးမှူး ဦးအန်ခါထောင်ပ်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်နိုင်မိုးနှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးပေါ်လွင်တို့ ပါဝင်ဆွေးနွေးကြသည်။

ကျေးရွာ ပြည်သူများကိုယ်စား ထောက်ကြံ့ချင်းဘုန်းတော်ကြီး ကျောင်း ဆရာတော် ဦးကော်လိနိယက ကျေးလက်ကျန်းမာရေးကဏ္ဍ နှင့် ပတ်သက်၍ဆွေးနွေးပြီး တက်ရောက်လာသည့် ဒေသခံပြည်သူ များက ပညာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ကျန်ရှိနေသော လယ်ယာမြေပုံစံ(၇)ရရှိရေး၊ အုတ်ဖုတ်လုပ်ငန်း မှတ်ပုံတင်ခြင်းကိစ္စ၊ စိုက်ပျိုးရေအသုံးပြုနိုင်ရန် ဆည်၊ ကန်တို့အား ပြန်လည်တူးဖော် ဆောင်ရွက်ပေးနိုင်ရေး၊ ကျေးရွာအတွင်း ရေစီးရေလာကောင်းမွန်ရေး၊ ကျေးလက်စည်ပင်သာယာဈေး စနစ်တကျဖွင့်လှစ်ရောင်းချပြီး ဈေးကော်မတီဖွဲ့စည်းရေးနှင့် ကျေးရွာအတွင်း တရားဥပဒေ စိုးမိုးစေရန် ရဲလုံခြုံရေး၊ ရဲကင်းစခန်းထားရှိပေးနိုင်ရေးတို့ကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ သက်ဆိုင်ရာဌာနတာဝန်ရှိသူများက ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဦးစားပေးဆောင်ရွက်နေသည့် လုပ်ငန်းလျာထား ဆောင်ရွက်မှုကို ပြန်လည်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရ သည်။

**ဇော်ဝင်းအောင်(ပြန်/ဆက်)**

## ဒိုက်ဦးမြို့နယ်၌ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

**ဒိုက်ဦး မေ ၁၈**

ပဲခူးတိုင်းဒေသကြီး (အရှေ့) ဒိုက်ဦးမြို့နယ်တွင် ဂျပန်-မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ဂျပန်နိုင်ငံက ဆောက်လုပ်လှူဒါန်းသော အထက (ကတုတ်ဘုရားကြီး)ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲကို မေ ၁၄ ရက်က အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပသည်။

ကျောင်းဆောင်သစ်ကို ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြတ်အောင်၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ငွေ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး တတိယအတွင်းဝန် Ms. Ayano SUZUKI၊ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေနှင့် တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးကျော်ဆင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ကျောင်းဆောင်သစ် ကမ္ပည်းကျောက်စာ တိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး ကျောင်းဆောင်သစ်ကို ကြည့်ရှုကြသည်။

ထို့နောက် ဂျပန်-မြန်မာချစ်ကြည်ရေး အာရ်စီနှစ်ထပ်ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ကေခိုင်ဦး ဆောက်လုပ်ရေးကုမ္ပဏီက မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ထွေးထွေးရီထံ လွှဲပြောင်းပေးအပ်ပြီး တက်ရောက်လာကြသူများနှင့် ဒိုက်ဦး မြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်ညီတို့က ဂျပန်-မြန်မာ ချစ်ကြည်ရေး အမှတ်တရမှတ်တမ်းနှင့် ဂုဏ်ပြုလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြသည်။ ယခု ကျောင်းဆောင်သစ်သည် အလျား ၁၇၄ ပေ၊ အနံ ပေ ၃၀ ရှိ အာရ်စီနှစ်ထပ်ကျောင်းဆောင် ဖြစ်ပြီး ကေခိုင်ဦး ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်ကာ အမေရိကန်ဒေါ်လာ ၁၄၆၈၅၃ ကုန်ကျခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ဒိုက်ဦး)**

# မြို့သစ်မြို့နယ် စွန်ချောင်းရေလှောင်တမံမှ နွေစပါး၊မိုးစပါး အောင်မြင်စွာရေပေးဝေ

**မကွေး မေ ၁၈**
မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် မြေပြင်သာကျေးရွာ အရှေ့ဘက် နှစ်မိုင်ခန့်အကွာတွင် စွန်ချောင်းအားပိတ်၍ စွန်ချောင်းရေလှောင်တမံအား ၁၉၉၉-၂၀၀၀ ပြည့်နှစ်တွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃) မှ တာဝန်ယူတည်ဆောက်ခဲ့ပြီး ၂၀၀၁-၂၀၀၂ ခုနှစ်တွင် တည်ဆောက်ပြီးစီးကာ နှစ်စဉ် ပျမ်းမျှမိုးရေချိန်လက်မ ၄၀ အောက်ရွာသွန်း၍ ပူပြင်းခြောက်သွေ့သော အညာဒေသအတွက် နှစ်စဉ် မိုးစပါး၊ နွေစပါး ဆည်ရေ ပေးဝေစိုက်ပျိုးနိုင်သည့်အပြင် ကျွဲ၊ နွားတိရစ္ဆာန် သောက်သုံးရေနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် အကျိုးပြုသော ရေလှောင်တမံ ဖြစ်ကြောင်း သိရသည်။

ကန်ရေပြည့် ရေလှောင်ပမာဏ ပေ ၃၀၇၂၀၊ ကန်ရေသေ ရေလှောင်ပမာဏ ၆၁၄၄ ဧက ပေနှင့် ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာ ဧက ၁၀၀၀ရှိသော စွန်ချောင်းရေလှောင်တမံမှ ဆည်ရေသောက် ဧရိယာများဖြစ်သော မြေပြင်သာ၊ ဆူးတပ်ကြီး၊ မြို့လုလင်၊ ညောင်ကိုင်းအုပ်စုများရှိ လယ်မြေဧရိယာ ဧက ၇၀၀၀ အား နှစ်စဉ်နွေစပါး၊ မိုးစပါးဆည်ရေပေးဝေစိုက်ပျိုးလျက်ရှိသည်။

စွန်ချောင်းရေလှောင်တမံမှ ၂၀၁၇-၂၀၁၈ ခုနှစ် မိုးစပါး ဧက ၇၀၀၀၊ နွေစပါး ၂၃၃၃ ဧကနှင့် ၂၀၁၇-၂၀၁၈ နွေနှမ်း ဧက ၇၀၀ ဆည်ရေပေးဝေစိုက်ပျိုးနိုင်သည့်အတွက် ဒေသခံပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတော်အတွက် အကျိုးပြုလျက်ရှိသော ရေလှောင်တမံတစ်ခုဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**



# ပုလဲမြို့နယ်တွင် စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သန်း ၆၃၀၀ ထုတ်ချေး

**ပုလဲ မေ ၁၈**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့်လယ်ယာထွက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ပြီး နိုင်ငံသားများ၏ စားနပ်ရိက္ခာ ဖူလုံရေး၊ မြန်မာ့လယ်ယာထွက်ကုန်များကို နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့နိုင်ရေးနှင့် တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရည်ရွယ်၍ ၂၀၁၈ ခုနှစ်အတွက် ရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေများကို မေ ၁၇ ရက်မှ စတင်၍ ထုတ်ချေးပေးနေပြီဖြစ်ကြောင်း သိရသည်။

ပုလဲမြို့ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဦးတင်ထွန်းက "ဂျပ်ကျေးရွာအုပ်စုရှိ တောင်သူ ၂၆ ဦးအတွက် စပါး ၇၉ ဧကနဲ့ နှမ်း ၂၉ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၁၃၃ သိန်းကို စတင်ထုတ်ချေးပေးသွားမှာ ဖြစ်ပါတယ်၊ ငွေချေးယူမယ့်သူက လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်( ပုံစံ - ၇ ) မူရင်းကို ငွေချေးယူတဲ့နေ့မှ ချေးငွေပြေကျေတဲ့အထိ ချေးငွေအတွက် အာမခံအဖြစ် ဘဏ်ကိုပေးအပ်ထားရမှာဖြစ်ပြီး ချေးငွေရင်းနဲ့ ကျသင့် အတိုး၊ ဒဏ်တိုးတွေ ပြေကျေမှသာ ပြန်လည်ထုတ်ယူခွင့်ရှိမှာ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်တွင် စိုက်ပျိုးစရိတ် ချေးငွေကျပ် ၆၁၈၁ ဒသမ ၇၀ သန်း ထုတ်ချေးခဲ့ရာ တောင်သူများအနေဖြင့် ပြန်လည်ပေးဆပ်ရန် ငွေကျပ် ၂၂၁၃ ဒသမ ၄၇ သန်း ကျန်ရှိနေသောကြောင့် ထုတ်ချေးငွေများထဲမှ ၆၄ ဒသမ ၁၉ ရာခိုင်နှုန်းသာ ပြန်လည်ရရှိခဲ့ကြောင်း၊ နိုင်ငံတော် အစိုးရအနေဖြင့်လည်း အခြားသီးနှံ တစ်ဧကကို ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ထုတ်ချေးခဲ့ရာမှ တစ်ဧကကို ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် တိုးမြှင့်ထုတ်ချေးပေးခဲ့သလို စပါးသီးနှံ တစ်ဧကကို ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ထုတ်ချေးခဲ့ရာမှ ငွေကျပ် ၁၅၀၀၀၀နှုန်းအထိ တိုးမြှင့်ထုတ်ချေးပေးခဲ့ရာ ချေးငွေပေးဆပ်ရန် ကျန်ရှိနေသော တောင်သူများအနေဖြင့် နိုင်ငံတော်က စေတနာထားဆောင်ရွက်ပေးမှုကို အသိအမှတ်ပြုပြီး စိုက်ပျိုးစရိတ်ချေးငွေများကို အမြန်ဆုံးပြေကျေအောင် ပေးဆပ်ရန်လိုကြောင်း ပုလဲမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာဦးတင်ထွန်းက ဆက်လက် ပြောကြားသည်။

ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၆ အုပ်စုမှတောင်သူ ၁၂၀၀၀ ၏ စပါးဧက ၃၁၀၀၀၊ နှမ်းဧက ၁၇၀၀၀၊ ပဲတီစိမ်း ဧက ၈၀၀၀၊ ပဲစင်းငုံ ဧက ၈၀၀၀ နှင့် အခြားသီးနှံ ဧက ၃၀၀ အတွက် ရာသီအလိုက် စိုက်ပျိုးစရိတ် ချေးငွေကျပ်သန်း ၆၃၀၀ကို ဇွန်လမကုန်မီ အပြီးထုတ်ချေးပေးရန် လျာထားကြောင်း ပုလဲမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲမှ သိရသည်။

**မင်းခန့်စိုး(ဓေယျာမြေ)**

# မိတ္ထီလာတွင် ကျေးရွာ ၂၂ ရွာအား လျှပ်စစ်ဓာတ်အားပေးမည့် ဖလံကျင်းဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီး

**မိတ္ထီလာ မေ ၁၈**
မိတ္ထီလာတွင် ဖလံကျင်းကျေးရွာအပါအဝင် ကျေးရွာပေါင်း ၂၂ ရွာအား လျှပ်စစ်ဓာတ်အားပေးမည့် ဖလံကျင်းဓာတ်အားခွဲရုံတည်ဆောက်မှုလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ခွင့်ပြုငွေဖြင့် တည်ဆောက်ခဲ့ရာ လုပ်ငန်းအားလုံး ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာများအားလုံး မကြာမီလျှပ်စစ်မီးလင်းနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

"ဖလံကျင်းလျှပ်စစ်ဓာတ်အားခွဲရုံ 5MVAကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ခွင့်ပြုရန်ပုံငွေနဲ့တည်ဆောက်ခဲ့တာဖြစ်ပြီး တည်ဆောက်မှုလုပ်ငန်းအားလုံးပြီးနေပြီမို့ ဖလံကျင်း၊ မြောက်လည်၊ မုန်တိုင်၊ ဆပ်ပြာကျင်း၊ ထိန်ကန်၊ သိမ်ကုန်း၊ အိုင့်ကုန်း၊ သရက်ပင် (အရှေ့)၊ သရက်ပင် (အနောက်)၊ သရက်ခြံ၊ လဲတော၊ ညောင်ပင်သာ၊ မန်ကျည်းတန်း၊ လက်ပံအိုင့်၊ ကြာကန်၊ သဲတော၊ သပြေကုန်း၊ ဂတ်ကုန်း၊ ညောင်လည်၊ ရေဝေ၊ အင်းမကျေးရွာ စုစုပေါင်း ၂၂ ရွာကို အဲဒီဓာတ်အားခွဲရုံကနေ မကြာခင် လျှပ်စစ်ဓာတ်အားပေးနိုင်တော့မှာဖြစ်တဲ့အတွက် မကြာမီ လျှပ်စစ်မီးလင်းနိုင်တော့မှာ ဖြစ်ပါတယ်"ဟု မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးသီဟဇော်က ပြောသည်။



မိတ္ထီလာမြို့နယ်အတွင်း ကျေးရွာအုပ်စု ၅၈ အုပ်စု၊ ကျေးရွာပေါင်း ၃၇၉ ရွာရှိပြီး ကျေးရွာပေါင်း ၁၀၉ ရွာတွင် လျှပ်စစ်မီးလင်းနိုင်ခဲ့ပြီးဖြစ်ကာ အဆိုပါ ကျေးရွာ ၂၂ ရွာအပါအဝင် ကျေးရွာပေါင်း ၅၀ ကို ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ **ချမ်းသာ(မိတ္ထီလာ)**

# အပြည်ပြည်ဆိုင်ရာပြတိုက်နေ့ အထိမ်းအမှတ်အဖြစ် မန္တလေးယဉ်ကျေးမှုပြတိုက် ဝင်ကြေးအခမဲ့ပြသ

**အောင်မြေသာစံ မေ ၁၈**
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနလက်အောက်ရှိအမျိုးသားပြတိုက်၊ယဉ်ကျေးမှုပြတိုက်များ၊ ရှေးဟောင်းသုတေသနပြတိုက်များ၊ အထိမ်းအမှတ်ပြတိုက်များတွင် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့အထိမ်းအမှတ်အဖြစ် မေ ၁၈ ရက်က ဝင်ရောက်လေ့လာသူအားလုံးကို ဝင်ကြေးအခမဲ့ဖြင့် ပြသရာ အောင်မြေသာစံမြို့နယ် လမ်း၈၀ နှင့် ၂၄လမ်းထောင့်ရှိ မန္တလေးယဉ်ကျေးမှုပြတိုက်တွင်လည်း လာရောက်လေ့လာသူ ရဟန်းရှင်လူ ကျောင်းသား ကျောင်းသူများအား ဝင်ကြေးအခမဲ့ဖြင့် ပြသပြီး ပြတိုက်ဆိုင်ရာ သိကောင်းစရာများအခမဲ့ဝေငှသည်။

နှစ်စဉ် မေ ၁၈ ရက်ကို အပြည်ပြည်ဆိုင်ရာပြတိုက်နေ့အဖြစ် ၁၉၇၇ ခုနှစ်မှ စတင်၍ အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီက သတ်မှတ်ထားခဲ့သည်။ ပြတိုက်များသည် လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေး ယဉ်ကျေးမှုများအပြန်အလှန်ဖလှယ်ခြင်းဖြင့် လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ပိုမိုနားလည်လာစေခြင်း၊ ငြိမ်းချမ်းစွာ အတူပူးပေါင်းဆောင်ရွက်ခြင်းတို့အတွက် အရေးပါကြောင်းကို သတိပြုမိစေရန် နှစ်စဉ်ပြတိုက်နေ့အဖြစ် သတ်မှတ်ကျင်းပခြင်းဖြစ်သည်။

မန္တလေးယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံကိန်းတွင် စံနှုန်းနှင့်ညီသော ပြတိုက်တစ်ခုဖြစ်လာစေရန် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် အဆင့်မြှင့်တင် ပြန်လည်ခင်းကျင်းခဲ့သည်။ ပြတိုက်ကို သမိုင်းမတင်မီခေတ်ပြခန်း၊ သမိုင်းတင်ပြီးခေတ်ပြခန်း၊ သမိုင်းတင်ခေတ်ဦးပြခန်း၊ ရတနာပုံခေတ်ဆိုင်ရာအသုံးအဆောင်ပစ္စည်းပြခန်း၊ မြန်မာ့လက်မှုအနုပညာ ပန်းဆယ်မျိုးပြခန်းနှင့် ဗုဒ္ဓအနုပညာလက်ရာပြခန်းများ ပြောင်းလဲပြသထားသည်။

ပြတိုက်ကို တနင်္လာနှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များတွင် ပိတ်ပြီး ကျန်ရက်များတွင် နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ပြသထားကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပျဉ်းမနားတွင်ပေးအပ်

**ပျဉ်းမနား မေ ၁၈**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများအား မိုးသီးနှံထုတ်လုပ်မှု စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် မြို့နယ်ဘဏ်ခွဲ၌ ကျင်းပသည်။

စိုက်ပျိုးစရိတ်ထုတ်ချေးပွဲတွင် နေပြည်တော် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တိုင်းမန်နေဂျာ ဦးကျော်တင်ဦးက ချေးငွေစည်းကမ်းချက်များကို ရှင်းလင်းပြောကြားရာတွင် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်(ပုံစံ-၇)မူရင်းကို အပေါင်အဖြစ်ထားပြီး (ပုံစံ-၇)တွင် သတ်မှတ်ထားသည့် မြေမျိုးအတိုင်းသာ ထုတ်ချေးပေးမည်ဖြစ်ကြောင်း၊ တောင်သူတစ်ဦးချင်းကို စာချုပ်ချုပ်ဆိုထုတ်ချေးမည်ဖြစ်ကြောင်းနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီရန်ပုံငွေဖြင့် တောင်သူများအား လယ်ယာသုံးစက်ကိရိယာအမျိုးမျိုးကို ထုတ်ချေးပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ပျဉ်းမနားမြို့နယ်အနေဖြင့် ကျေးရွာအုပ်စု ၃၅ စုရှိ စိုက်ပျိုးဧကပေါင်း ၂၀၀၀၀ အတွက် တောင်သူ ၅၃၀၀ အား ချေးငွေကျပ်သန်း ၃၀၀၀ ခန့် ထုတ်ချေးပေးရန်လျာထားပြီး မိုးစပါးတစ်ဧကလျှင် ကျပ် ၁၅၀၀၀၀ နှင့် ဆီထွက်သီးနှံ၊ ပဲမျိုးစုံနှင့် အစေ့ထုတ်ပြောင်းတစ်ဧကလျှင် ကျပ် ၅၀၀၀၀ အား မေ ၁၇ ရက်မှ စတင်ထုတ်ချေးပေးလျက်ရှိပြီး တောင်သူများအား ဇွန်လအတွင်း အပြီးသတ်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **စိုးမိုး(ပြန်/ဆက်)**

## လျှော်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေး လက်တွေ့သရုပ်ပြလေ့ကျင့်

**ဝါးခယ်မ မေ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် လျှော်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်းနှင့် လက်တွေ့သရုပ်ပြလေ့ကျင့်မှုကို မေ ၁၈ ရက် နံနက် ၉ နာရီက အထက (၁) ဒေါ်ပိုက်မခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အသိပညာပေးဆွေးနွေးပွဲတွင် မြောင်းမြခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးရီက လျှော်ဘေးအတွက် ကြိုတင်ပြင်ဆင်ရန် နည်းလမ်းများ၊ လျှော်လှုပ်နေစဉ် လိုက်နာရမည့်အချက်များ၊ ရှောင်ရှားသင့်သည့် အချက်များ၊ လျှော်လှုပ်ပြီးနောက် ပြုလုပ်ရမည့်အချက်များ၊ အရေးပေါ် ကယ်ထုတ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ လျှော်လှုပ်ခတ်မှုအပြီးတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသိပညာပေးဆွေးနွေးပွဲသို့ တက်ရောက်သော အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများက သိလိုသည်များကို ဆွေးနွေးမေးမြန်းခြင်း၊ မြောင်းမြခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများနှင့်အတူ လျှော်ဘေးအန္တရာယ်ကြုံတွေ့ပါက လက်တွေ့ဆောင်ရွက်ရသည်များကို သရုပ်ပြလေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"လျှော်ဘေးအန္တရာယ်နဲ့ ပတ်သက်ပြီး မတော်တဆထိခိုက်မှုတွေ လျှော့နည်းအောင် ပြည်သူလူထုကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေလိုတဲ့အတွက် ယခုလို ဆွေးနွေးပွဲနဲ့ လက်တွေ့သရုပ်ပြလေ့ကျင့်မှုက ဆောင်ရွက်တာပါ။ ဆရာ ဆရာမတွေကနေတစ်ဆင့် ကျောင်းသား ကျောင်းသူတွေကို လက်ဆင့်ကမ်း အသိပညာပေးစေလိုပါတယ်"ဟု မြောင်းမြခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးရီက ပြောသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

## မှူခင်းအသိပညာပေး ဟောပြော

**ဒဂုံမြို့သစ်(ဆိပ်ကမ်း) မေ ၁၈**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မြို့မရဲတပ်ဖွဲ့စခန်းမှ မြို့နယ်မှူး ရဲမှူး မောင်မောင်သည် မှုခင်းများမဖြစ်ပွားစေရေး မေ ၁၆ ရက် ည ၈ နာရီခန့်က အမှတ် (၉၀)ရပ်ကွက် ဆန္ဒပြည့်မွှာရုံ၌ ရပ်ကွက်နေပြည်သူများအား အသိပညာပေး ဟောပြောခဲ့ကြောင်းသိရသည်။ **၅၁၂**



## ဓာတ်အားပြတ်တောက်မှုလျော့နည်း၍ ဗို့အားပြည့်ဝစွာသုံးစွဲနိုင်စေရေး ခရမ်းတွင်ဆောင်ရွက်

**ခရမ်း မေ ၁၈**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများ လျှပ်စစ်မီးပြတ်တောက်မှုလျော့နည်း၍ ဗို့အားပြည့်ဝစွာသုံးစွဲနိုင်စေရေးအတွက် မေ ၁၇ ရက် နံနက် ၁၀ နာရီက ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ခရမ်းမြို့နယ် မန်နေဂျာဦးစိုးနိုင်ဦး၊ လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးစည်သူနှင့် လိုင်းဝန်ထမ်းများစုပေါင်း၍ဆောင်ရွက်ခဲ့ကြသည်။

ခရမ်းမြို့ 33KVခရမ်းဓာတ်အားခွဲရုံဆက်သွယ်ထားသည့်ဓာတ်အားလိုင်းကြိုးများတစ်လျှောက် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ တိမ်းစောင်းတိုင်များတည့်မတ်ခြင်း၊ ရေတိုက်စားမှုကြောင့် ပျက်စီးသွားသည့် ဓာတ်တိုင်များအားပြုပြင်ခြင်းနှင့် ရန်ကုန်မြို့တော် ဓာတ်အားဖြန့်ဖြူးရေးဌာနနှင့် မြေအောက်ဓာတ်ကြိုးဌာနတို့မှ ဗို့အားပြည့်ဝစေရေးအတွက် 10MV Capacitor Bank တပ်ဆင်ခြင်းများ ဆောင်ရွက်ခြင်းနှင့် လိုင်းမင်းများကငှက်များခြောက်လှန့်ရန် Bird Spike ငှက်မနားပစ္စည်းများ တပ်ဆင်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**



## ပဲခူး–သနပ်ပင်–သန်လျင်လမ်း(ပဲခူးမြို့တွင်းအပိုင်း)ကတ္တရာလမ်းဖွင့်

**ပဲခူး မေ ၁၈**

ပဲခူးမြို့ လိပ်ပြာကန်အနီး လိပ်ပြာကန်နှင့် မဂ္ဂဒစ်လမ်းအကြား သနပ်ပင်ကားလမ်းမပေါ်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ပဲခူးခရိုင်က တည်ဆောက်ခဲ့သောပဲခူး-သနပ်ပင် - သန်လျင်လမ်း (ပဲခူးမြို့တွင်းအပိုင်း) ကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားကို မေ ၁၈ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အဆိုပါလမ်းသည် အရှည်တစ်မိုင် ခုနစ် ဖာလုံ၊ ယာဉ်သွားလမ်းအကျယ် ၄၈ ပေရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၈၆၀၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုငွေကျပ် ၁၈၄၃ သန်း စုစုပေါင်းကျပ် ၂၇၀၃ သန်းဖြင့် ပဲခူးခရိုင်လမ်းဦးစီးဌာနမှ ယခင် နှစ်လမ်းသွားလမ်းအား ယခုလေးလမ်းသွား အဖြစ်လည်းကောင်း၊ အဆိုပါ လမ်းပေါ်ရှိတံတားလေးစင်းအား ၄၈ ပေအကျယ် ထပ်မံတိုးချဲ့ဆောင်ရွက်ခြင်းအပြင် လမ်း၏ဘေးဝဲယာတွင် ကွန်ကရစ်ရေနုတ်မြောင်းများ ဆောင်ရွက်ခြင်း၊ ကွန်ကရစ်ပလက်ဖောင်းဆောင်ရွက်ခြင်း၊ ကွန်ကရစ်လမ်းပခုံးလုပ်ငန်းများဆောင်ရွက်ခြင်းကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၀ ရက်မှစတင်ကာ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဧပြီ ၁၅ ရက်တွင် လုပ်ငန်းဆောင်ရွက်မှု ပြီးစီးခဲ့သည်။

ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ကလည်း လိပ်ပြာကန်ပတ်လမ်းမှ ရှင်စောပုလမ်းထိ RC Precast ရေမြောင်း၊ ပလက်ဖောင်းတစ်ဖက်ကို ၂၀၃၂ ပေ၊ နှစ်ဖက်အတွက် ၄၀၆၄ ပေ၊ အကျယ်သုံးပေ၊ အမြင့် သုံးပေအား ကုန်ကျငွေ ကျပ်သိန်း ၂၇၈၂ သိန်းဖြင့် ဆောင်ရွက်ခဲ့သည်။

အဆိုပါ လမ်းဖွင့်ပွဲအခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ထန်းတပင်မြို့နယ်၌ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ စာရင်းကောက်ယူ

**ထန်းတပင် မေ ၁၈**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်တွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်၍ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ စာရင်းကောက်ယူခြင်းနှင့် လုပ်ငန်းသက်သေခံကတ်ပြား (SME) (Small Medium Enterprise) ထုတ်ပေးခြင်းလုပ်ငန်းများကို မေ ၁၆ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ SME ကတ် လာရောက်လျှောက်ထားသူလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းလိုင်စင်နှင့် သန်းခေါင်စာရင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ပိုင်ဆိုင်မှုအထောက်အထားနှင့် လုပ်ငန်းလုပ်ကိုင်သည့်ခုနှစ်၊ အမှန်တကယ်လုပ်ကိုင်လျက်ရှိကြောင်း အထောက်အထားပါရှိရမည်ဖြစ်ပြီး လုပ်ငန်းလိုင်စင်မရှိသေးသော လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာမှ တစ်နေ့ရောင်းရငွေ တစ်သိန်းနှင့်အထက်ရရှိသူများကို ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ထောက်ခံချက်ဖြင့် SME ကတ်များ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

SME ကတ်ရရှိထားသူများအား Cityဘဏ်၊ အသေးစားနှင့်အလတ်စားဖွံ့ဖြိုးတိုးတက်ရေးဘဏ် (SMID)နှင့် မြန်မာ့စီးပွားရေးဘဏ်များမှ အတိုးနှုန်းသက်သာစွာဖြင့် နှစ်ရှည်ချေးငွေထုတ်ချေးပေးမည်ဖြစ်ပြီး SME ကတ်များကိုထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ရောင်းချမှု ကဏ္ဍသုံးခုခွဲခြား၍လာရောက်လျှောက်ထားသူ လုပ်ငန်းရှင်များအား SME ကတ်များထုတ်ပေးခဲ့ကြောင်းသိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမြို့နယ်များအား SME ကတ်ထုတ်ပေးခဲ့ပြီး ထန်းတပင်မြို့နယ်သည် နောက်ဆုံး စာရင်းကောက်ယူခြင်းဖြစ်သည်။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ စာရင်းကောက်ယူခြင်းလုပ်ငန်းများနှင့် လုပ်ငန်းသက်သေခံကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းများကို ထန်းတပင်မြို့နယ်တွင် နှစ်ရက်ကြာဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စာရင်းအင်းဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမော်ထံမှ သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**

## မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ သန်လျင်၌ ထုတ်ချေး

**ရန်ကုန် မေ ၁၈**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် သန်လျင်မြို့နယ်ဘဏ်ခွဲမှ ၂၀၁၈ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်များအား သန်လျင်မြို့နယ်အတွင်းရှိ မိုးစပါးစိုက်ပျိုးသူ တောင်သူများထံ မေ ၁၇ ရက် နံနက် ၁၀ နာရီမှ စတင်ကာ ထုတ်ချေးပေးလျက်ရှိသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် သန်လျင်မြို့နယ်ဘဏ်ခွဲမှ ၂၀၁၈ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများအား ကျေးရွာအုပ်စု ၂၈ အုပ်စုမှ တောင်သူ ၆၀၀၀ တို့၏ မိုးစပါးစိုက်ဧက ၄၁၅၀၀ အတွက် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကျပ်သိန်း ၆၂၂၅၀ အား လျာထားထုတ်ချေးပေးသွားမည်ဖြစ်ကာ ယင်းနေ့တွင် ဗိုလ်ချုပ်ကျေးရွာအုပ်စုမှ တောင်သူ ၁၀ ဦး၏ မိုးစပါးစိုက်ဧက ၉၀ အတွက် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၁၃၅ သိန်းအား စတင်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ယခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ မိုးစပါးတစ်ဧကလျှင် ကျပ် ၁၅၀၀၀၀ နှုန်းနှင့် အခြားသီးနှံ တစ်ဧကလျှင်ကျပ် ၅၀၀၀၀ နှုန်းတို့ဖြင့် ထုတ်ချေးပေးမည်ဖြစ်ကာ တောင်သူများမှ ငွေကျပ် ၁၀၀လျှင် ရှစ်ရာခိုင်နှုန်း အတိုးနှုန်းဖြင့် ပေးသွင်းရမည်ဖြစ်ကြောင်း၊ တောင်သူတစ်ဦးချင်းက ၎င်းတို့ပိုင်ဆိုင်သော လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) မူရင်းကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ အပေါင်အဖြစ်ပေးအပ်၍ တောင်သူတစ်ဦးချင်းက ကိုယ်တိုင်အာမခံသည့်စနစ်ဖြင့် စိုက်ပျိုးစရိတ်များအား ထုတ်ချေးပေးသွားမည်ဖြစ်ပြီး ၂၀၁၈ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများအား ဇွန်လကုန်တွင် အပြီးထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် သန်လျင်မြို့နယ် ဘဏ်ခွဲ မန်နေဂျာ ဦးမင်းစိန်ထံမှ သိရသည်။

**သက်ခိုင် (သန်လျင်)**

## ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ပြည် မေ ၁၈**

ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးမျိုးသိန်းသည် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်ခရိုင်အတွင်းရှိ ကျေးလက်ဦးစီးဌာနမှ လုပ်ငန်းများ၊ လူထုဗဟိုပြုစီမံကိန်း(CDD) လုပ်ငန်းများကို မေ ၁၇ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ပြည်မြို့နယ် ကန်သာယာကျေးရွာ ရေပေးရေး(ပြင်/ထိန်း) လုပ်ငန်းများ၊ ပန်းတောင်းမြို့နယ် ကျေးလက်ဦးစီးဌာန ကျေးလက်မီးလင်းရေးလုပ်ငန်းဖြစ်သည့် NEP စီမံကိန်း MiniGrid မီးလင်းရေး ဆောင်ရွက်ပြီးစီးမှု၊ ခေတ္တိယကျေးရွာတွင် ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီးမှု၊ ပေါက်ခေါင်းမြို့နယ် ကျေးလက်ဦးစီးဌာန နှစ်ထပ်ရုံး တည်ဆောက်နေမှုနှင့် သဲကုန်းမြို့နယ် လယ်ပေါ်ကျေးရွာတွင် ဦးစီးဌာနမှဆောင်ရွက်လျက်ရှိသော ကျေးလက်ရေပေးရေးလုပ်ငန်းတို့ကို ကွင်းဆင်းကြည့်ရှုခဲ့ရာ သက်ဆိုင်ရာမြို့နယ်တာဝန်ခံများက ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြည်)**

# လက်တွေ့အသုံးချ ဆေးနည်းတို (ဆေးမြီးတို) များ (၆၂)






**ဆရာကြီးရှင့်၊ သဘော်ရွက်က ကင်ဆာပျောက်တယ် ပြောတာ အဖိုပင်နဲ့ အမပင် ဘယ်အရွက်ကို သောက်ရတာလဲ၊ ဘယ်လိုသောက်ရတာလဲ သိချင်လို့ပါ။ ကျေးဇူးပြုပြီး ပြောပြပေးပါရှင့်။**

ကင်ဆာရောဂါအတွက် တိုင်းရင်းဆေးကို ယုံကြည်သုံးစွဲလိုသူတွေ တစ်ဖက်တစ်လမ်းက အထောက်အကူအဖြစ် သဘော်ရွက်ပြုတ်ရည် သောက်သုံးကြပါတယ်။ တစ်နေ့ကို ပြုတ်ရည် မတ်ခွက်တစ်လုံးကနေ နှစ်လုံးထိ သောက်သုံးတာတွေ့ရပါတယ်။ တချို့ကလည်း သတ္တုရည် (သဘော်ရွက်ကို ကြိတ်ပြီး ရရှိတဲ့အရည်) ဟင်းစားဇွန်း နှစ်ဇွန်းကို ပျားရည်တစ်ဇွန်း စပ်ပြီး သောက်သုံးတာတွေ့ဖူးပါတယ်။ ရောဂါဝေဒနာ သက်သာတာတွေလည်း တွေ့ဖူးပါတယ်။ မထူးခြားတဲ့သူလည်း ရှိပါတယ်။ အဖိုပင်နဲ့ အမပင် နှစ်ခုလုံး ဆေးဖက်ဝင်ပါတယ်။ တချို့ဆေးဆရာကြီးတွေ အလိုကတော့ အဖိုပင်က အရွက်နဲ့ ပင်စည်မှာ အားရှိပါတယ်။ အမပင်က အပွင့်နဲ့အသီးမှာ အားရှိတယ်လို့ အယူအဆရှိပါတယ်။

**ဆရာရှင့်၊ ကျွန်မက ဂျပန်နိုင်ငံမှာ နေပါတယ်။ ကျွန်မဖြစ်နေတဲ့ ရောဂါက ဆန်းပါတယ်။ ဂျပန်လို Takaysu (တကေးစု)ခေါ်တဲ့ နှလုံးနဲ့ဆိုင်ပြီး တစ်ကိုယ်လုံးရှိ သွေးကြောတွေ ရောင်တဲ့ရောဂါပါ။ အဲဒီလို ရောင်လာရင် အစာအိမ်ပါရောင်ပြီး နာလာပါတယ်။ ဆရာ့ရဲ့ အမေး၊ အဖြေတွေဖတ်ပြီး ပျားရည်သောက်ကြည့်ပါတယ်။ ဆရာစားခိုင်းတဲ့ ဆန်ကိုလှော်ပြီး ပဲနီလေးနဲ့ ပြုတ်သောက်ပါတယ်။ အစာအိမ်နာ ကောင်းကောင်း သက်သာလာပါတယ်။ သိမီးသိချင်တာက ဆရာရေးတဲ့ ခြေဖဝါး ဆားပွတ်ပြီး ဒူးကနေရေလောင်း ခြေဆေးရတာကို ညအိပ်ရာဝင်ခါနီး မဟုတ်ဘဲ တခြားအချိန်တွေ လုပ်လို့မရဘူးလား ဆရာ။ ကျွန်မက ညနေ ၃နာရီနောက်ပိုင်း ခြေထောက်ကို ရေထိလို့မရလို့ပါ။ ရေချိုးရင်တောင် ရေအေးဓာတ် ဖျက်ပြီးမှ ချိုးလို့ရပါတယ်။ မနက်ရေမချိုးခင် ဆားပွတ်လို့ ရ မရ သိချင်ပါတယ်။ အစာအိမ်နဲ့ သွေးကြောရောင်တဲ့ ရောဂါအတွက်လည်း သင့်တော်မယ့် ဓာတ်စာရှိရင် ပြောပြပေးပါရှင့်။**

ခြေဖဝါးဆားပွတ် ရေလောင်းခြေဆေးတာကို မနက်စောစောလုပ်လို့လည်း ရပါတယ်။ နွားနို့ပူပူ တစ်ခွက်မှာ နနွင်းမှုန့် ကော်ဖီဇွန်းသေးနဲ့ တစ်ဇွန်း ထည့်သောက်ကြည့်ပါ။ နနွင်းမှုန့်ချည်း ရေအေးနဲ့ သောက်ရင်လည်းရပါတယ်။ အခုနောက်ပိုင်း သုတေသနတွေ့ရှိချက်တွေအရ နနွင်းမှာ ရောင်ရမ်းမှုကို သက်သာစေတဲ့ ဂုဏ်သတ္တိတွေ ပါဝင်ပြီး သွေးတွင်းသကြားဓာတ်ပါဝင်မှုကို ထိန်းနိုင်တဲ့အတွက် နှလုံးရောဂါ ဖြစ်ပွားမှုမှ ကာကွယ်ပေးပြီး နေ့စဉ်စားသုံးရင် ကိုယ်အလေးချိန်ကိုလည်း ကျစေပါတယ်။ ဟင်းခတ်အမွှေးအကြိုင်အတွက်သာမက ဆေးအဖြစ်ပါ အနောက်တိုင်းမှာပါ သုံးစွဲလာပါတယ်။ (တစ်နည်း) သွေးကြောရောင်တဲ့ရောဂါကို အုန်းစိမ်းရည် တစ်နေ့နှစ်လုံးတိုက်တာ သက်သာဖူးပါတယ်။ အုန်းသီးအနုရည်ကို လေသလပ်ခံပြီး ခွက်နဲ့မသောက်ပါနဲ့ ပိုက်နဲ့ စုပ်သောက်ရပါတယ်။ စမ်းကြည့်ပါ။

**ဆရာကြီးရှင့်၊ သမီးအစ်မအသက်က ၃၆နှစ်ပါ။ အစားမဝင်တာ နှစ်လလောက်ရှိပါပြီ။ သွေးစစ်၊ ဆီးစစ်၊ ဘီပိုး၊ စီပိုးတွေလည်း စစ်ပြီးပါပြီ။ ဘာရောဂါမှ မတွေ့ပါ။ အခု တစ်ပတ်အတွင်းမှာ စိတ်ကယောင်ချောက်ချားဖြစ်ပြီး ငယ်ငယ်က အကြောင်းအရာတွေကို မနားတမ်းပြောနေပါတယ်။ အစားကို သိပ်မစားပါဘူး။ ဘယ်လိုဆေးမျိုးတိုက်ရမယ်ဆိုတာ ညွှန်ကြားပေးပါဆရာ။**

အားနည်းပြီး ပထဝီပျက်တဲ့ ရောဂါဝင်ရင် အစားမစား၊ မအိပ်ဘဲ စကားပြောလာတတ်ပါတယ်။ အားပြန်ဖြစ်အောင် နွားနို့ပူပူတစ်ခွက်မှာ သကြား ကော်ဖီဇွန်းသေး တစ်ဇွန်းရောဖျော်တိုက်ပါ။ စံပယ်ပန်းပွင့် (သို့မဟုတ်) ခရေပန်းကုံးကို အိပ်ရာခေါင်းအုံးနံဘေးမှာ ထားအိပ်ရင် သည်းခြေငြိမ်ပြီး အိပ်ပျော်တယ်လို့ဆိုပါတယ်။ တိုင်းရင်းဆေးအမှတ်-၁၅ သည်းခြေဆေး ဝယ်တိုက်ပါ။

**ဆရာခင်ဗျာ၊ ကျွန်တော့်အသက်က ၃၇ နှစ်ပါ။ အနည်းငယ် ဝပါတယ်။ အလုပ်လုပ်နေရင်းနဲ့ ရင်ဘတ်ထဲက စူးခနဲစူးခနဲ တစ်ချက်တစ်ချက် ဖြစ်လေ့ရှိပါတယ်။ သက်သာမယ့် ဆေးနည်းလေး ပြောပြပေးပါ ခင်ဗျာ။**

နှလုံးသွေးကြော ကျဉ်းတဲ့သူတွေမှာ ရင်ဘတ်ထဲ စူးထိုးတဲ့ ရှေ့ပြေးလက္ခဏာ ပြလေ့ရှိပါတယ်။ အဆီ၊ အဆိမ့်၊ အချိုတွေ လျှော့စားပါ။ ကြက်သွန်ဖြူကို ပျားရည်စိမ်ပြီး စားပေးပါ။ သွေးပေါင်ချိန်ကိုလည်း ဆရာဝန်နဲ့ ပုံမှန်စစ်ဆေးသင့်ပါတယ်။

**ဆရာရှင့်၊ သမီးအဖေ အသက်က ၄၅ နှစ်ပါ။ ညညဆို ခြေထောက်တွေ ညောင်းကိုက်ပြီး အိပ်လို့မရ ဖြစ်နေပါတယ်။ နှိပ်လို့မရ နင်းပေးလို့လည်း မပျောက်ဘူး ဖြစ်နေပါတယ်။ ကျေးဇူးပြုပြီး ဆေးနည်းလေးတွေရှိရင် ပြောပြပေးပါရှင့်။**

ကြက်သွန်နီဥ ထက်ခြမ်းခွဲပြီး ခြေဖဝါးပွတ်ပေးပါ။ အပူထွက်သလို ခံစားလာရတဲ့အခါ ကြက်သွန်နီ ပါးပါးလှီးပြီး ခြေဖဝါးအလယ်မှာကပ် အဝတ် (ဒါမှမဟုတ်) ပတ်တီးစည်းအိပ်ပါ။

**ဆရာခင်ဗျာ၊ ကျွန်တော့်အသက်က ၃၀ ပါ။ ခါးနာနေတာ တစ်ပတ်လောက် ရှိပါပြီ။ ဆေးနည်းလေး ညွှန်ပြပေးပါ ခင်ဗျာ။**

မနက် နေတက်ချိန်မှာ ဒူးအထက်ပိုင်းကို ရေ ၁၀ ခွက်လောက် လောင်းပါ။ ရေစိုပုဆိုးကို ရေကုန်အောင် ညှစ်ပြီး ခါးမှာပတ်ထားပါ။ ပြီးရင် ပက်လက်အိပ်ပြီး ခြေဖဝါးနှစ်ဖက်ကို ဆားပွတ်ပေးပါ။ ရေလောင်းလိုက်၊ ဆားပွတ်လိုက် နာရီဝက်လောက် ပြုလုပ်ပါ။ ခါးမှာပတ်ထားတဲ့ ရေစိုအဝတ်မှာ ခါးကနေ အပူတွေထွက်ပြီး ခြောက်သွားပါလိမ့်မယ်။ အဲဒီလို သုံးရက်လောက် ဆက်လုပ်ပါ။

**ဆရာကြီးခင်ဗျာ၊ ကျွန်တော့်မှာ လိပ်ခေါင်းရောဂါဖြစ်နေပါတယ်။ လွန်ခဲ့တဲ့ လအနည်းငယ်က ဝမ်းချုပ်ရာကနေစပြီး တစ်ခါတစ်ရံ သွေးပါတယ်။ အပူအစပ်စားမိတဲ့အခါ ရောင်ပြီး အပြင်ထွက်လာပါတယ်။ လိပ်ခေါင်းထွက်ရင် ဘယ်လို ကုသရမယ်ဆိုတာ ညွှန်ပြပေးစေလိုပါတယ်။**

လိပ်ခေါင်းထွက်ရင် ဆားခါးကို ရေနွေးနဲ့ဖျော် ရေအေးရောပြီး အင်တုံကြီးမှာထည့် ဖင်ထိုင်ပေးရင် ကျုံ့ပြီး ပြန်ဝင်နိုင်ပါတယ်။ ကျားမနိုင်မြစ် သွေးလိမ်းပါ။ လိပ်ခေါင်း သွေးကျရင် ပန်းလဲပွင့်ခြောက် (ပရဆေးဆိုင်မေးဝယ်)ကို ရေနွေးဆူဆူမှာ လက်ဖက်ခြောက်ခတ်သလို ခတ်သောက်ပေးရင် သက်သာစေပါတယ်။

**ဆရာရှင့်၊ ကျွန်မ ကလေးခွဲမွေးထားတာ ငါးလရှိပါပြီ။ ချုပ်ရိုးကအခုထိ မကျက်သေးပါဘူး။ ဆေးခန်းပြတာလည်း စုံနေပြီ။ မသက်သာပါဘူးရှင့်။ ဘာလုပ်ရမလဲရှင့်။**

ကုက္ကိုရွက်ခူးပြီး ရေစင်အောင်ဆေးပါ။ ပြီးရင် ဆားရည်စိမ်ရေထပ်ဆေးပြီးထောင်း အရည်ညှစ်ယူပါ။ အဲဒီနောက် သန့်စင်ထားပြီးဖြစ်တဲ့ အနာမှာလိမ်းပါ။ မန်းဆေးအဖြစ် နနွင်းမှုန့်ကို ပျားရည်နဲ့ ရွှေစေ့လောက် အလုံးလေး လုံးသောက်ပေးပါ။ မနက်၊ ည သောက်ပါ။ ၁၄ရက် ပြုလုပ်ပါ။ ညော်နဲ့အပုပ်နံ့ရှောင်ပါ။ရှောက်ရွက်နဲ့ ကြက်သား (ဗမာကြက်) သုပ်စားရင် အနာအသားနုတက်လွယ်တယ်။ ရဲယိုရွက်နဲ့ ဒန့်သလွန်ရွက် ဟင်းချိုချက်သောက်ပါ။

**ဆရာရှင့်၊ သမီးနှာခေါင်း အနံ့မရတာ ကြာပါပြီရှင့်။ ဘာလုပ်ရမလဲရှင့်။**

မုရိုးပင်ခေါ် ငဖြုကြီးပင် အရွက်ခြောက်ကို မီးခဲပေါ် ဖြူးပြီး ရှူပေးပါ။ ကွမ်းရွက်ကို လိပ်ပြီး နှာခေါင်းပေါက်မှာ ထည့်ရှူပေးပါ။ သံပရာသီး မီးကင်ပြီး အရည်ခပ်နွေးနွေးလေး ညှစ်ထည့်ပါ။ ကွမ်းရွက်၊ လျက်ဆား၊ ထုံး သုံးမျိုးကို ပွတ်ခြေပြီး ရှူပေးပါ။ နည်းအမျိုးမျိုးမှာ နှစ်သက်ရာ လုပ်ပါ။

**မင်္ဂလာပါ ဆရာရှင့်၊ ကျွန်မ ဝမ်းချုပ်နေတာ ကြာပါပြီ။ အခုတစ်လော ဗိုက်ထဲမှာ ဘာဖြစ်နေလဲ မသိပါဘူး ဆရာ။ ထမင်းစားပြီးရင် ဗိုက်ကြီးက ဖောင်းလာပါတယ်။ ဝမ်းကောင်းကောင်း မသွားပါဘူးရှင့်။ ခေါင်းတွေမူးပြီး နေမကောင်းဖြစ်နေတာ ဘာဆေးသောက်ရမလဲ ဆရာ။ ဒီလိုဖြစ်နေတာ နှစ်ပတ်လောက် ရှိပါပြီဆရာ။**

အစာမကြေလေပွ ဖြစ်နေတာပါ။ ထမင်းစားပြီးတိုင်း ဖီးကြမ်းငှက်ပျောသီးစားပါ။ ထန်းလျက်ခဲနဲ့ တွဲစားရင် ပိုကောင်းပါတယ်။ ညအိပ်ခါနီး မန်ကျည်းမှည့်ဖျော်ရည်မှာ ဆားခါးကိုလှော်ပြီး ဟင်းစားဇွန်း တစ်ဇွန်းထည့်သောက်ပါ။ ဝမ်းမှန်ပြီး အစာအိမ်လေပွတာ သက်သာလာပါလိမ့်မယ်။

**ဆရာခင်ဗျာ၊ အသည်းရောင်အသားဝါအတွက် မြန်မာဆေး သောက်ချင်ရင် ဘာဆေးသောက်ရမယ်ဆိုတာ ဖြေကြားပေးပါ ဆရာ။**

မက်လင်သီး၊ မက်လင်ချဉ်၊ မက်လင်ခေါက် ပြုတ်သောက်ပါ။ (တစ်နည်း) တောဆီးဖြူပင် ပဥ္စင်းပါး သကြားနဲ့ ပြုတ်သောက်ရင်လည်း ပျောက်ပါတယ်။ (တစ်နည်း) ငုရွက်ကို ထန်းလျက်နဲ့ ကျိုသောက်ရင်လည်း ရပါတယ်။

**ဆရာရှင့်၊ကျွန်မအသက်က ၃၂ နှစ်ပါ။ အိမ်ထောင်သက် ခုနစ်နှစ် ရှိပါပြီ။ သုံးနှစ်ခွဲအရွယ် သမီးလေးတစ်ယောက် ရှိပါတယ်။ အခု ကျွန်မဝလာပြီး ပေါင်ချိန် ၁၄၀ ရှိပါတယ်။ အဆီကျဗိုက်ချပ်ဆေး တစ်မျိုးဝယ်သောက်တာ သုံးဘူးရှိပါပြီ။ သိပ်မထူးခြားသေးလို့ပါ။ ကျေးဇူးပြုပြီး အဆီကျ ဗိုက်ချပ်စေမယ့် နည်းလေးပြောပြပေးပါရှင့်။**

ဗိုက်အဆီ ကျချင်ရင် သက်ရင်းကြီးရွက်ပြုတ်ပြီး အတို့အမြှုပ် လုပ်စားပါ။ ရွက်နုနှစ်ရွက်ဆို ရပါတယ်။ သံပရိုသီးနှစ်လုံး အကွင်းလိုက်လှီး၊ ဆားခါး ဟင်းစားဇွန်း နှစ်ဇွန်း၊ ပျားရည်နှစ်ဇွန်း ရေနွေးမတ်ခွက်တစ်လုံးမှာစိမ် အုပ်ထားပါ။ အအေးခံပြီး တစ်နေကုန် တဖြည်းဖြည်း သောက်ပါ။ အဆီကျဖို့အတွက် လမ်းများများ လျှောက်ဖို့လည်း လိုအပ်ပါတယ်။

**ဆရာရှင့်၊ ကျွန်မသူငယ်ချင်း လင်မယားရန်ဖြစ်တာ မျက်နှာမှာ ညိုမည်းပြီး လည်ပင်းတစ်ဝိုက်မှာလည်း လက်သည်း ကုတ်ခြစ်ရာတွေ အများကြီး ဖြစ်နေတယ် ဆရာ။ အပြင်မထွက်ရဲလို့ အလုပ်လည်း မဆင်းရဘူး။ အဲဒါတွေ အမြန်ဆုံး ပျောက်အောင် ဘာလိမ်းရမလဲ ဆရာ။**

ကွမ်းသီးခြမ်း သွေးလိမ်းပါ။ ကြိတ်မှန်ရွက် အရည်ညှစ်ပြီး သနပ်ခါးနဲ့ရောလိမ်းရင်လည်း ရပါတယ်။ ညိုမည်းတဲ့ နေရာမှာ မုန်ညင်းဆီပါးပါးလိမ်းပြီး ဆားကြပ်ထုပ်ထိုးပေးရင်လည်း အရောင်ကျစေပါတယ်။

**ဆရာကြီးခင်ဗျာ၊ အိမ်မြှောင်တွေ မလာအောင် ဘယ်လိုလုပ်ရမလဲ ခင်ဗျာ။ တစ်ခါတစ်ရံ တံခါးဖွင့်ပိတ်ရင် အိမ်မြှောင်ညှပ်မိတော့ ငရဲကြီးမှာ စိုးလို့ပါ။**

ကြက်သွန်နီဥတွေ အမြင့်မှာ တင်ထားပါ။ မျက်နှာကြက်ရှိရင် မျက်နှာကြက်မှာထားပါ။ ငရုတ်ကောင်းမှုန့် ဖြူးထားရင်လည်းမလာပါ။

**ဆရာကြီးရှင့်၊ တစ်ခုလောက် မေးခွင့်ပြုပါ။ သမီး ဓမ္မတာမပေါ်တာ လေးလရှိပါပြီ။ ထိမ်နေလို့ပါ။ ဓမ္မတာလာရင်လည်း ကိုက်ပါတယ်ရှင့်။ ဆေးနည်း ညွှန်ပေးပါရှင့်။**

ကြိတ်မှန်ရွက်ကို ထန်းလျက်နဲ့ ရောကျိုသောက်ပါ။ ဝှက်ချေးပနဲခေါ် တံမြက်စည်းပင် အရိုးအရွက်များ နုပ်နုပ်စဉ်းပြီး ထန်းလျက်နဲ့ ကျိုသောက်ရင်လည်း လကျော်သွေးမပေါ်တာ ပြန်ပေါ်တတ်ပါတယ်။ ချင်း ပါးပါးလှီးပြီး ရေနွေးစိမ်အုပ်ထား မတ်ခွက်တစ်လုံးစာ သောက်ပေးပါ။ ချဉ်၊ဖန် အရသာရှိသော ဆီးဖြူသီး၊ ဖန်ခါးသီး၊ မာလကာသီး၊ ဆီးသီးအစိမ်း စသည်များ ရှောင်ကြဉ်ပါ။

**ဆရာကြီးရှင့်၊ ကျွန်မအသက်က ၄၁ နှစ်ပါ။ သမီးငယ်က ၁၀ နှစ် ရှိပါပြီ။ သမီးမွေးပြီးကတည်းက ဓမ္မတာမှန်မှန် မလာပါဘူး။ ခြောက်လလောက်နေမှ နည်းနည်းပဲ လာပါတယ်။ မကြာခဏ တစ်ကိုယ်လုံးကိုက်ခဲပြီး ချမ်းတုန်ပါတယ်။ မီးယပ်ချမ်း ထတယ်လို့ ပြောပါတယ်။ ညဆို အိပ်မပျော်ပါဘူး။ ကျွန်မအတွက် သင့်တော်မယ့် ဆေးနည်းညွှန်ပြပေးပါ ဆရာ။**

ရှားစောင်းလက်ပပ်ပါတဲ့ မီးယပ်ချက်ဆေး စားပေးပါ။ ရှားစောင်းလက်ပပ်က မီးယပ်တုန်၊ မီးယပ်ချမ်းနဲ့ အိပ်မပျော်တဲ့ ရောဂါအတွက် သက်သာစေနိုင်ပါတယ်။ ရှားစောင်းလက်ပပ် အနှစ်ကို ဟင်းချိုချက် သောက်ရင်လည်း ရပါတယ်။ ရှားစောင်းလက်ပပ် ချက်ဆေးနည်း- ရှားစောင်းလက်ပပ် အနှစ်- ၂၅ ကျပ်သား၊ မန်ကျည်းမှည့် အနှစ်- ၂၅ ကျပ်သား၊ ထန်းလျက်အမည်း- ၅၀ ကျပ်သား၊ ပျားရည်- ၁၅ ကျပ်သား၊ နှမ်းဆီ- ၁၀ ကျပ်သား ဆားလှော်သင့်ရုံ မီးနွေးနွေးနဲ့ ဖြည်းဖြည်းချင်း ကျိုချက်ပါ။ လက်ကော်ရပြီး ပေါက်စေးကျမှချပါ။ ဖန်ပုလင်းမှာ ထည့်ပြီး နေပြပြပေးပါ။ ဟင်းစားဇွန်းနဲ့ မနက်၊ ည ရေအေးနဲ့ နှစ်ကြိမ်စားပါ။



## ငါးနှစ်အကြာမှာ ရုပ်ရှင်သစ်နဲ့ ပြန်လည်ပေါ်ထွက်လာမယ့် ယွန်းအွန်ဟေး

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်တဲ့ ယွန်းအွန်ဟေးဟာ ရုပ်သံဇာတ်လမ်းတွဲသစ်တစ်ခုကို လက်ခံစဉ်းစားပေးနေကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့ပြီးနောက် လတ်တလောမှာတော့ ယင်းရုပ်ရှင်သစ်ကို လက်ခံရိုက်ကူးပေးဖို့ရာ ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ယွန်းအွန်ဟေးဟာ ရုပ်ရှင်တွေနဲ့ ရုပ်သံဇာတ်လမ်းတွဲတွေမှာ ပါဝင်ခဲ့ခြင်းမရှိတာ ငါးနှစ်ခန့် ရှိသွားပြီဖြစ်ပါတယ်။ ဒါကြောင့် လတ်တလော လက်ခံရိုက်ကူးပေးသွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာတဲ့ "Excitement Warning" ဟာ ပြီးခဲ့တဲ့ ငါးနှစ်တာအတွင်း ပထမဆုံးအကြိမ် ပြန်လည်ရိုက်ကူးပေးတဲ့ ယွန်းအွန်ဟေးရဲ့ ရုပ်ရှင်ဖြစ်လာမှာဖြစ်တယ်လို့လည်း သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၁၇ ရက်မှာတော့ ယွန်းအွန်ဟေးရဲ့ အေဂျင်စီက မင်းသမီးဟာ ငါးနှစ်တာကာလအပြီးမှာတော့ ရုပ်မြင်သံကြားဇာတ်လမ်းတွဲမှာ ပြန်လည်ပေါ်ထွက်လာမှာဖြစ်ကြောင်း ကြေညာပေးခဲ့တာပါ။

ယွန်းအွန်ဟေးဟာ "Excitement Warning"မှာ အဓိကဇာတ်ဆောင်တစ်ဦးအဖြစ် ပါဝင်သွားမှာဖြစ်ပြီး ဒီဇာတ်လမ်းကတော့ အချစ်ဟာသရုပ်ရှင်အမျိုးအစားဖြစ်တယ်လို့ သိရပါတယ်။ ဒီဇာတ်လမ်းတွဲမှာ ယွန်းအွန်ဟေးပါဝင်သွားမယ့် ဇာတ်ကောင် ယွန်းယိုဂျန်းဟာ နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်ပြီး သူနဲ့ အချစ်မှာ လုံးဝစိတ်မဝင်စားတဲ့ အမျိုးသားတစ်ဦး တွေ့ဆုံခဲ့ကာ ဇာတ်လမ်းဖြစ်ခဲ့ရပုံတွေကို ပုံဖော်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

ဒီလိုဇာတ်လမ်းတွဲသစ်မှာ ပါဝင်သရုပ်ဆောင်ခဲ့တာဟာ "Coffee Prince" ဇာတ်လမ်းတွဲရုပ်ရှင်နဲ့ မြန်မာပရိသတ်တွေနဲ့ စတင်ရင်းနှီးခဲ့တဲ့ ယွန်းအွန်ဟေးကို ကြိုက်နှစ်သက်ကြသော ပရိသတ်တွေအတွက် ဝမ်းသာစရာ သတင်းစကားတစ်ခုဖြစ်မှာပါ။ ယွန်းအွန်ဟေးရဲ့ ရုပ်ရှင်သစ် "Excitement Warning" ဟာ ကျော်ကြားတဲ့ ဝက်ဘ်ဒရမ်မာတစ်ခုဖြစ်ပြီး လတ်တလောအချိန်အထိတော့ ထုတ်လွှင့်မယ့်ရက်နဲ့ တွဲဖက်ပါဝင်သွားကြမယ့် သရုပ်ဆောင်တွေကိုတော့ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိသေးတာကိုလည်း တွေ့ရပါတယ်။



## စတီဗင်စပီးဘာ့ဂ်နဲ့ လက်တွဲသွားမယ့် လီယိုနာဒိုဒီကာပရီယို

အော်စကာဆုရှင်မင်းသားကြီး လီယိုနာဒိုဒီကာပရီယိုဟာ ဟောလိဝုဒ်ရဲ့ အထင်ကရ ဒါရိုက်တာတစ်ဦးဖြစ်တဲ့ စတီဗင်စပီးဘာ့ဂ်ရိုက်ကူးသွားမယ့် ဇာတ်ကားသစ်တစ်ကားမှာ ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း လတ်တလောမှာ သတင်းတွေ ပေါ်ထွက်လာတာဖြစ်တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"The Wolf of Wall Street" ရုပ်ရှင်ရဲ့ အဓိကဇာတ်ဆောင်မင်းသား လီယိုနာဒိုဒီကာပရီယိုနဲ့ "The Post" ရုပ်ရှင်ရဲ့ ဒါရိုက်တာ စတီဗင်စပီးဘာ့ဂ်တို့ဟာ အတ္ထုပ္ပတ္တိရုပ်ရှင်တစ်ကားမှာ လက်တွဲဖန်တီးသွားကြမှာဖြစ်ကြောင်း ရင်းနှီးတဲ့အသိုင်းအဝိုင်းက သတင်းတွေ ပေါ်ထွက်လာခဲ့တာဖြစ်ပြီး လတ်တလောမှာတော့ ဆွေးနွေးမှုတွေ ပြုလုပ်နေကြတာဖြစ်တယ်လို့လည်း သိရပါတယ်။ ဒီရုပ်ရှင်မှာ အတူလက်တွဲဖြစ်ပါက သူတို့နှစ်ဦးအတွက် ဒုတိယအကြိမ်မြောက် လက်တွဲခြင်းဖြစ်မှာပါ။ ယခင်က သူတို့နှစ်ဦးဟာ "Catch Me If You Can" ရုပ်ရှင်မှာ အတူလက်တွဲခဲ့ဖူးသူတွေလည်း ဖြစ်ကြပါတယ်။

## ကြည့်ရှုသူသန်း ၂၀၀ ပြည့်ခဲ့ပြီဖြစ်တဲ့ Good Boy

**တောင်ကိုရီးယား နာမည်ကျော် အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BIG BANG"ရဲ့ အဖွဲ့ဝင်နှစ်ဦး တွဲဖက်ဖန်တီးထားတဲ့ တေးသီချင်း "Good Boy"ဟာ အောင်မြင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး လတ်တလောမှာတော့ ယင်းတေးသီချင်းကို ကြည့်ရှုသူပရိသတ် သန်း ၂၀၀ ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။**

G-Dragon နဲ့ တေးယန်တို့ အတွဲညီစွာ ပူးပေါင်းဖန်တီးထားတဲ့ "Good Boy"ကို ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း စတင်ထုတ်လွှင့်ခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် ဧပြီလအတွင်းမှာတော့ ယင်းတေးသီချင်းကို ကြည့်ရှုခဲ့သူ သန်း ၁၀၀ ပြည့်ခဲ့တာဖြစ်ပြီး ပြီးခဲ့တဲ့ မေ ၁၈ ရက်မှာတော့ မှတ်တိုင်သစ်တစ်ခုအဖြစ် သန်း ၂၀၀ ပြည့်မြောက်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

"BIG BANG" ရဲ့ အခြားသော တေးသီချင်းနှစ်ပုဒ်ဟာလည်း ယူကျူပေါ်က နေတစ်ဆင့် ကြည့်ရှုသူပရိသတ် သန်း ၂၀၀ ကျော်လွန်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီတေးသီချင်းတွေကတော့ မကြာသေးမီကမှ ပရိသတ်သန်း ၃၀၀ ပြည့်ခဲ့တဲ့ "Bang Bang Bang" တေးဗီဒီယိုနဲ့ ပြီးခဲ့တဲ့လအတွင်း ကြည့်ရှုသူသန်း ၃၅၀ ပြည့်မြောက်ခဲ့တဲ့ "Fantastic Baby" တို့ ဖြစ်ကြကြောင်း သိရပါတယ်။





## တေလာဆွစ် တိုက်ခန်းကို ဖောက်ထွင်းဝင်ရောက်သူ ထောင်ဒဏ်ခြောက်လ ကျခံရ

အမေရိကန်ပေ့ါပ်ကြယ်ပွင့် တေလာဆွစ်ရဲ့ နောက်ကို အမြဲလိုက်ပါချောင်းမြောင်းနေပြီး ပြီးခဲ့တဲ့ နှစ်အတွင်း သူ့ရဲ့တိုက်ခန်းကို ဖောက်ထွင်းဝင်ရောက်ရန် ကြိုးပမ်းခဲ့တဲ့သူကို လတ်တလောမှာတော့ တရားရုံးက ထောင်ဒဏ်ခြောက်လ ကျခံစေဖို့ အမိန့်ချမှတ်လိုက်တာဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မက်ဟန်တန်တရားရုံးက အမိန့်ချမှတ်ခဲ့ရာမှာတော့ ပြီးခဲ့တဲ့ နှစ်အတွင်း တေလာဆွစ်ရဲ့ တိုက်ခန်းကို ဖောက်ထွင်းဝင်ရောက်ဖို့ရာ ကြိုးပမ်းခဲ့သူ မိုဟာမက်ဂျက်ဖာကို ထောင်ဒဏ်ခြောက်လ ကျခံစေခဲ့ပါတယ်။ ဒ့ါအပြင် စောင့်ကြည့်ရေးကာလအဖြစ် ငါးနှစ်နေထိုင်သွားရမှာဖြစ်ပြီး ထောင်မှလွတ်လာပါကလည်း စိတ်ပိုင်းဆိုင်ရာကုသမှုတွေကို ခံယူသွားရမှာဖြစ်တယ်လို့လည်း သိရပါတယ်။

အေးပြည့် – ရေးသားသည်



## ခြေချင်းဝတ်ခွဲစိတ်ကုသမှုကြောင့် ဆေးရုံတက်ခဲ့ရတဲ့ G-Dragon

လတ်တလောမှာ စစ်မှုထမ်းဆောင်နေတဲ့ နာမည်ကျော် ကေပေ့ါပ်ကြယ်ပွင့် G-Dragon ဟာ လတ်တလောမှာတော့ ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့တာကြောင့် ဆေးရုံတက်ကာ ခွဲစိတ်ခဲ့ရပါတယ်။ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်တာနဲ့ ချက်ချင်းစစ်မှုပြန်လည်ထမ်းဆောင်သွားမှာဖြစ်ကြောင်း သူ့ရဲ့အေဂျင်စီက ပြောကြားခဲ့တယ်လို့လည်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မေ ၁၇ ရက်မှာ "BIG BANG" တေးဂီတအဖွဲ့ဝင် G-Dragon အနေနဲ့ ဆေးရုံတက်ကာ ခွဲစိတ်ခဲ့ရကြောင်း တောင်ကိုရီးယား မီဒီယာတွေက ရေးသားဖော်ပြခဲ့ကြတာပါ။ ယင်းသတင်းတွေအရ ပေ့ါပ်ကြယ်ပွင့်ဟာ ညာဘက်ခြေချင်းဝတ်နာကျင်တာကြောင့် ခွဲစိတ်ကုသခဲ့ရတာဖြစ်တယ်လို့ သိရပါတယ်။

ဒီဒဏ်ရာဟာ စစ်မှုထမ်းနေစဉ်ရရှိခဲ့တဲ့ ဒဏ်ရာမဟုတ်ဘဲ စစ်မှုမထမ်းမီကတည်းက နာကျင်ခံစားခဲ့ရတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တစ်လခန့်က ဆရာဝန်နဲ့ သွားရောက်ပြသခဲ့ရပြီး ဆရာဝန်က ခွဲစိတ်မှုခံယူဖို့ အကြံပေးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် မကြာသေးမီက ဆိုးလ်တက္ကသိုလ်ဆေးရုံမှာ တက်ရောက်ခွဲစိတ်ခဲ့တာဖြစ်ပါတယ်။ G-Dragon ကို ပရိသတ်တွေက စိတ်ပူခဲ့ကြပေမယ့် အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်ကတော့ စိတ်မပူကြဖို့ ကျန်းမာရေးကောင်းမွန်တာနဲ့ စစ်မှုပြန်လည်ထမ်းဆောင်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ G-Dragon ကို ပြီးခဲ့တဲ့လအတွင်း စစ်မှုထမ်းနေစဉ်မှာပင် ညာဘက်ခြေချင်းဝတ်မှာ ပတ်တီးစည်းလျက် တွေ့ခဲ့ရပါသေးတယ်။

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော မေ ၁၂ ရက်မှ မေ ၁၆ ရက်အထိ တစ်ပတ်အတွင်း ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | သမီးများနှင့်အမေများ | မောင်ထွန်းသူ | ၅၀၀၀ | စိတ်ကူးချိုချို |
| ၂ | စကားလည်းတတ်၊ ဂရမ်မာလည်းတတ် - ၂ | Saya Harry Khoo | ၁၅၀၀ | လဝန်းစာပေ |
| ၃ | မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအမ်း | မင်းပုည | ၆၀၀ | အားမာန်သစ် |
| ၄ | သုညနှစ်ကာလများ | မောင်သာချို | ၂၀၀၀ | စိတ်ကူးချိုချို |
| ၅ | သတ္တုခေတ်မှ အသံများ | သော်ဒီဝေ | ၅၀၀၀ | Smart |
| ၆ | စိတ်ခတ်ကျောက် | ညီလင်းနိုင် | ၂၀၀၀ | ဆိပ်ကမ်းသာ |
| ၇ | နစ်ဆင်အထီးကျန် နိုင်ငံရေးသမား | ကျော်ထက်ထွန်း | ၂၅၀၀ | စိတ်ကူးချိုချို |
| ၈ | တန်ဖိုးထက်မြက်သည့် ဗုဒ္ဓဂုဏ်တော်များနှင့် ကိုယ်တွေ့ဖြစ်ရပ်များ | မင်းသူရိန် | ၁၃၀၀၀ | စိတ်ကူးချိုချို |
| ၉ | ကျွန်ချစ် | ခင်မောင်ကြီး | ၂၀၀၀ | စိတ်ကူးချိုချို |
| ၁၀ | ပြန်ပေး | မြင့်ဇော် | ၃၅၀၀ | စိတ်ကူးချိုချို |
| ၁၁ | ချစ်ခဲ့မိသမျှဆုံးခဲ့ရသော် | ညီသံလွင်ဦး | ၂၅၀၀ | အလင်္ကာဝတ်ရည် |
| ၁၂ | ခင်သန္တာ | ယဉ်မိုး | ၃၅၀၀ | Global Piece Group |
| ၁၃ | ပြုံးပြလည်း မနည်းပါဘူး | သာအေးည | ၂၅၀၀ | ဇွန်ပွင့် |
| ၁၄ | လူငယ်များနှင့် အနာဂတ်ကမ္ဘာ -၂ | ကလောင်စုံ | ၂၀၀၀ | ရွှေပေ |
| ၁၅ | ဖရန့်ဇ်ကတ်ဖ်ကာ လေ့လာချက် | ထင်မင်းလူ | ၃၀၀၀ | MKS |
| ၁၆ | စီးပွားရေးလုပ်ငန်းဆိုင်ရာ ဥပဒေသများ | ဇော်နိုင်ထွန်း | ၃၀၀၀ | တူဒေး |
| ၁၇ | ကိုယ်ရည်ကိုယ်သွေး အရှေ့အရွှေ့များ | နေခြည်ဇေယျ | ၂၀၀၀ | မယ်နှင့်မောင် |
| ၁၈ | မားကတ်တင်း ၄. ၀ | ဘုန်းသက်ပိုင် | ၄၅၀၀ | မိတ်ဆွေများ |
| ၁၉ | ဂျိုကာပြာလောင် | ကာတွန်း တင်အောင်နီ | ၁၅၀၀ | စိတ်ကူးချိုချို |
| ၂၀ | ကူလီ | ကျော်အောင် | ၄၅၀၀ | လင်းလွန်းခင် |
| ၂၁ | လောကအလယ် အသက်ရှစ်ဆယ် (နှစ်ရှစ်ဆယ်အတ္ထုပ္ပတ္တိ) | ဒေါက်တာ မောင်မောင်ညို | ၅၀၀၀ | ဂုဏ်ထူး |
| ၂၂ | မန်ကျောင်းနားခါဒေသ ပန်ဖီတိုက်ပွဲကြီး | သောင်းဝေဦး | ၃၀၀၀ | မြရတနာ |
| ၂၃ | အပြောမှန်ကြရဲ့လား | ဇော်ဝင်းကို | ၆၅၀၀ | စိတ်ကူးချိုချို |
| ၂၄ | ဂန္တဝင်မဂ္ဂဇင်း အတွဲ - ၁၄ | ကလောင်စုံ | ၂၀၀၀ | Icarus Media |
| ၂၅ | ဂန္တဝင်မဂ္ဂဇင်း အတွဲ - ၁၃ | ကလောင်စုံ | ၂၀၀၀ | Icarus Media |
| ၂၆ | သမိုင်းလေ့လာသင်ခန်းစာနှင့် သမိုင်းဆိုင်ရာ စာပဒေသာ | မောင်ကျေးဖူး | ၁၀၀၀ | ရန်အောင် |
| ၂၇ | ပန်းပုဆရာ | ပါရဂူ | ၃၂၀၀ | စိတ်ကူးချိုချို |
| ၂၈ | Construction Engineer Course | U Kyaw Lin Htun | ၇၅၀၀ | ခုနစ်စင်ကြယ် |
| ၂၉ | ကာမီလီယန် | တက္ကသိုလ်နန္ဒမိတ် | ၈၀၀၀ | အမြွာညီနောင် |
| ၃၀ | ဘီလူးစည်းလူစည်း | တက္ကသိုလ်နန္ဒမိတ် | ၆၀၀၀ | အမြွာညီနောင် |
| ၃၁ | သွေးစက်ခြေရာ | တက္ကသိုလ်နန္ဒမိတ် | ၅၀၀၀ | အမြွာညီနောင် |

## ဆောက်လုပ်ပြီးမကြာသေးမီ ပြိုကျမှုဖြစ်သည့် ရေဆိုးထုတ်မြောင်းပြန်လည်ပြုပြင်



**ပြည် မေ ၁၈**
ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ဆင်စုရပ်ကွက်ရှိ ဗူးခါးချောင်းရေဆိုးထုတ်မြောင်းမြေထိန်းနံရံမှာ ဆောက်လုပ်ပြီး မကြာခင်ပြိုကျမှုကြောင့်ပြန်လည်ပြုပြင်ဆောင်ရွက်နေရသည်။

အဆိုပါ ရေဆိုးထုတ်မြောင်းမှာ ပြည်မြို့အတွင်းရှိ ရေဆိုးများလျော့ကျစေရန်အတွက် ဧရာဝတီမြစ်အတွင်းသို့ ယင်းချောင်းမှတစ်ဆင့် ထုတ်ယူနေရပြီး ရေတိုက်စားမှုကြောင့် မြေထိန်းနံရံများ ပြိုကျမှုရှိသည်ကို ပြုပြင်ရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်ဖြင့် ဇန်နဝါရီလမှ စတင်ကာ မြေထိန်းတမံပြုလုပ်ခဲ့ပြီး မတ်လကုန်တွင်ပြီးစီးခဲ့သော်လည်း မေ ၁၀ ရက်တွင် မိုးရွာသွန်းမှုကြောင့် ပြိုကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"တိုင်းဒေသကြီးညွှန်ကြားချက်နဲ့ ကျွန်တော်တို့ ချက်ချင်းပြင်ဆင်နေပါတယ်၊ ချပေးတဲ့ ငွေကြေးပမာဏကလည်းနည်းနေတော့ တင်ဒါယူဆောက်မယ့်ကုမ္ပဏီမရှိဘူး၊ ဌာနကပဲ တာဝန်ယူဆောက်နေရတယ်၊ ဒါပေမယ့် ပုံစံထုတ်ထားတဲ့အတိုင်း၊ လိုအပ်ချက်တွေအတိုင်း ဆောက်တာပါ၊ ကျွန်တော်တို့ အမြန်ဆုံးပြင်ဆင်နေပါတယ်" ဟု မြစ်ကြောင်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်လွင်က ပြောသည်။ **ကိုလွင်(ဆွာ)**

## စက်တပ်သမ္ဗန်စီးခရီးသည်များ ဘေးအန္တရာယ်ကင်းဝေးစေရေး ကြပ်မတ်ဆောင်ရွက်ပေးစေလို

**ရန်ကုန် မေ ၁၈**
ရန်ကုန်မြို့တစ်ဖက်ကမ်းရှိ ဒလ၊ တွံတေး၊ ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ်များမှ ရန်ကုန်မြို့သို့ နေ့စဉ်လာရောက်ကြသည့် ခရီးသွားပြည်သူရာပေါင်းများစွာတို့သည် ဒလနှင့် ပန်းဆိုးတန်းကို အပြန်အလှန်ပြေးဆွဲပေးနေသော ကူးတို့သင်္ဘောများနှင့် စက်တပ်သမ္ဗန်များအား နေ့စဉ်စီးနင်းနေရသည်။

စက်တပ်သမ္ဗန်များတွင် ခရီးသည်များ ဘေးကင်းလုံခြုံရေးအတွက် အသက်ကယ်ဝတ်စုံများနှင့် အသက်ကယ်ဖောကွင်းများ ပြင်ဆင်ထားရှိမှု အားနည်းလျက်ရှိသောကြောင့် စက်သမ္ဗန်စီးခရီးသည်များ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် အသက်ကယ်ဝတ်စုံ(Life Jacket) များကို လုံလောက်စွာထားရှိရန်နှင့် ဝတ်ဆင်ပြီးမှ စီးနင်းကြစေရန် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ပေးစေလိုကြောင်း ခရီးသွားပြည်သူများက ပြောကြားကြကြောင်း သိရသည်။ **ရဲမင်းထွန်း(ပြန်/ဆက်)**

## ကျေးလက်ကွန်ပျူတာသင်တန်းဆင်းပွဲ ကျင်းပ

**သန်လျင် မေ ၁၈**
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သန်လျင်မြို့နယ်အတွင်းရှိ ရှံုးသပြေကန်ကျေးရွာ ဓမ္မိကာရာမဘုန်းတော်ကြီးကျောင်း၌ ကျေးလက်ကွန်ပျူတာ သင်တန်းဆင်းပွဲကို မေ ၁၆ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးမျိုးကြည်၊ ခရိုင်ဦးစီးမှူး ဦးကျော်လင်းသန်းနှင့် မြို့နယ် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ပြီး ဆုရရှိကြသူများကို ဆုများပေးအပ်ချီးမြှင့်ကာ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းကို ဧပြီ ၂၇ ရက်မှ မေ ၁၆ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **အောင်ကျော်ဦး**

## ၂၀၁၉ ခုနှစ်တွင်ထွက်ပေါ်လာနိုင်ဖွယ်ရှိသော Microsoft Surface Hub 2



၂၀၁၆ ခုနှစ်တွင် ၅၅ လက်မအရွယ်နှင့် ၈၄ လက်မ အရွယ်နှစ်မျိုး ထုတ်လုပ်ခဲ့သော Microsoft Surface Hub ၏ ဒုတိယမျိုးဆက်ကို ထုတ်လုပ်ရန် Microsoft မှ ပြင်ဆင်နေကြောင်း သိရသည်။ Microsoft Surface Hub မှာ ဘက်စုံသုံးကွန်ပျူတာ အကြီးစားတစ်မျိုးဖြစ်ပြီး လူအများစုပေါင်း၍ အလုပ်လုပ်ကိုင်နိုင်ရန်နှင့် အွန်လိုင်းအစည်းအဝေးများ၊ စီမံကိန်းဆိုင်ရာများကို ခင်းကျင်းပြသခြင်းများအစရှိသည်များကိုလည်းပြုလုပ်နိုင်ကြောင်း သိရသည်။ ယခု ထပ်မံထုတ်လုပ်မည့် Microsoft Surface Hub 2 ကို ယခင်မော်ဒယ်ဟောင်းထုတ်လုပ်ခဲ့စဉ်က လိုအပ်သည့် နည်းပညာစနစ်များနှင့် ဒီဇိုင်းပိုင်းဆန်းသစ်မြင့်မားအောင် ထုတ်လုပ်သွားနိုင်ဖွယ်ရှိသည်ဟုသိရသည်။

ဈေးနှုန်းနှင့်အသေးစိတ်အချက်အလက်များကို တိကျသည့် ထုတ်ပြန်ခြင်းမျိုးမတွေ့ရှိရသေးဘဲ ၂၀၁၉ ခုနှစ်ခန့်တွင် ထွက်ပေါ်လာနိုင်ဖွယ်ရှိကြောင်း ခန့်မှန်းထားကြသည်။ ထပ်မံထုတ်လုပ်မည့် Surface Hub 2 တွင် မျက်နှာပြင်အကျယ် ၅၀ ဒသမ ၅ လက်မပါရှိမည်ဖြစ်ပြီး အလျားလိုက်ဖြစ်စေ၊ ဒေါင်လိုက်ဖြစ်စေ စိတ်ကြိုက်လှည့်၍ အသုံးပြုနိုင်မည်ဖြစ်ကြောင်းသိရသည်။ ဘေးပေါင်များသေးငယ်ပါးလွှာပြီး ပေါ့ပါး၍သယ်ဆောင်ရလွယ်ကူကာ ဖြုတ်နိုင်တပ်နိုင်သောကြောင့် အသုံးပြုသူများအနေဖြင့် အလွယ်တကူသယ်ဆောင်သွားနိုင်မည်ဟု သိရသည်။ ယခင်မော်ဒယ်ဟောင်းတွင် RAM 8GB နှင့် သိုလှောင်သိမ်းဆည်းမှုအတွက် SSD 128 GB ကိုထည့်သွင်းပေးထားပြီး Intel Core i7 ပရိုဆက်ဆာများပါဝင်ပြီး ယခု Surface Hub 2 အတွက် မည်ကဲ့သို့ ပါဝင်ကြောင်းကို မသိရှိရသေးဘဲ Window 10 OS ကိုပင် ပြန်လည်အသုံးပြုထားကြောင်းသိရသည်။

Surface Hub 2 တွင် 4K အရည်အသွေးထက် ပိုမိုကောင်းမွန်သော ရုပ်ထွက်ပိုင်းအရည်အသွေးပါဝင်ပြီး နံရံတွင်ကပ်၍ အသုံးပြုနိုင်ရန်နှင့် စမတ်ကျစွာအသုံးပြုနိုင်စေရန် Steelcase အမည်ရကုမ္ပဏီနှင့် ပူးပေါင်းကာ Microsoft Surface Hub 2 ကို ထုတ်လုပ်သွားရန် ပြင်ဆင်နေကြောင်းသိရသည်။ ၎င်းတွင် 4K အရည်အသွေးရှိ တပ်နိုင်ဖြုတ်နိုင်သော ကင်မရာများပါဝင်ပြီး အသံအရည်အသွေးကောင်းမွန်သော Microphone များပါဝင်ခြင်းကြောင့် အင်တာနက်ချိတ်ဆက်၍ အွန်လိုင်းအစည်းအဝေးများ အတွက်အသုံးပြုနိုင်သည်။ ထို့အပြင် Surface Hub 2 မော်နီတာ လေးလုံးပေါင်းကာ တစ်လုံးတည်းအဖြစ်လည်း အသုံးပြုနိုင်ခြင်းရှိပြီး လက်ဗွေစနစ်အသုံးပြုကာ ကွန်ပျူတာအားဖွင့်၍ အသုံးပြုနိုင်မည်ဖြစ်ကြောင်းသိရသည်။ **ဇာဏီ**

## စိတ်ခံစားမှုနှင့် အဝတ်အစားအရောင်အတိုင်း ပြောင်းလဲကိုင်ဆောင်နိုင်သော အမျိုးသမီးစမတ်လက်ကိုင်အိတ်

နည်းပညာများတိုးတက်ပြောင်းလဲမှု မြန်ဆန်လာခြင်းက လူသုံးကုန်ပစ္စည်းများအပေါ်တွင်သာမက ဖက်ရှင်ပစ္စည်းများအပေါ်တွင်ပါ သက်ရောက်မှုများရှိလာနေသည်။ လက်ကိုင်အိတ်၊ ဘေးလွယ်အိတ်အစရှိသော အိတ်အမျိုးမျိုးကို မကြာခဏပြောင်းလဲကိုင်ဆောင်လေ့ရှိသော အမျိုးသမီးများအတွက် မိမိစိတ်ကြိုက်အရောင်ပြောင်းလဲအသုံးပြုနိုင်သော လက်ကိုင်အိတ် သုံးမျိုးကို VanDerWaals အမည်ရ လက်ကိုင်အိတ်လုပ်ငန်းမှ ထုတ်လုပ်ပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလက်ကိုင်အိတ်ကို စိတ်ကြိုက်အရောင်ပြောင်းရန်အတွက် စမတ်ဖုန်းအက်ပလီကေးရှင်းတစ်ခုသာလိုအပ်ပြီး စမတ်ဖုန်းနှင့် အခြားပစ္စည်းများကိုလည်း အဆိုပါအိတ်မှ စွမ်းအင်ပြန်လည်သွင်းယူနိုင်ခြင်းမှာ ကောင်းမွန်သည့် အချက်တစ်ချက်ပင်ဖြစ်သည်။ စမတ်ဖုန်းနှင့်ချိတ်ဆက်ထားကာ အက်ပလီကေးရှင်းသို့ဝင်ရောက်ပြီး စိတ်ကြိုက်အရောင်များကို ပြောင်းလဲနိုင်ခြင်း၊ စမတ်ဖုန်းမှသီချင်းဖွင့်ကာ သီချင်းသံစဉ်ကိုလိုက်၍ ရောင်စုံပြောင်းလဲပေးနိုင်ခြင်း၊ ပတ်ဝန်းကျင်ရှိအရာများကို ဓာတ်ပုံရိုက်၍ ထိုပုံထဲမှအရောင်အတိုင်း ပြောင်းလဲနိုင်ခြင်းစသည်များအပြင် ဖုန်းအဝင်နှင့် စာတိုသတိပေးချက်ပေးပို့မှုများကို အရောင်မှတ်သားထားကာ ပြောင်းလဲပေးနိုင်သောကြောင့် အလွယ်တကူသိရှိနိုင်ခြင်းများကို ပြုလုပ်ထားနိုင်သည်ဟု သိရသည်။

၎င်းစမတ်လက်ကိုင်အိတ်များကို အကောင်းစားသားရေနှင့် အပိုပစ္စည်းများအသုံးပြုကာ အမျိုးအစားသုံးမျိုးထုတ်လုပ်ထားပြီး



Caroline အမျိုးအစား လက်ကိုင်အိတ်အကြီးကို ဒေါ်လာ ၇၀၀ ဝန်းကျင်၊ Elena အမျိုးအစား လက်ကိုင်အိတ် အလတ်ကို ဒေါ်လာ ၅၀၀ ဝန်းကျင်နှင့် Flora အမျိုးအစား ဘေးလွယ်အိတ်အသေးကို ဒေါ်လာ ၃၀၀ ဝန်းကျင်ခန့်ဖြင့် ဝယ်ယူရရှိနိုင်ပြီဖြစ်ကြောင်းသိရသည်။
ALEX


MAB
Myanma Apex Bank
VISA
FIFA WORLD CUP RUSSIA 2018
worldwide partner
EMBRACE YOUR LIFESTYLE
FIRST VERTICAL VISA CARD IN MYANMAR
COURTESY OF VISA
VISA PLATINUM CREDIT CARD
VISA CLASSIC CREDIT CARD
MAB VISA FIFA WORLD CUP™ CREDIT CARD
Visa နှင့်MAB Bank မှပေးသော Discount နှင့် အကျိုးခံစားခွင့်များ ရရှိနိုင်ခြင်း
ကတ်အခမဲ့လျှောက်ထားနိုင်ခြင်း
MAB iBanking အကောင့်ကိုအခမဲ့ဖွင့်ပေးခြင်း
Get MAB CARD
APPLY NOW!
Available at Any MAB Branches
(While Stock Last)
CALL CENTER : 01 8610612
Scan QR Code with your Smart Phone to Find MAB Branches

ရန်ကုန်မြို့တော်၏ ခေတ်အမီဆုံးနှင့် အကြီးဆုံး လက္ကားဈေးကြီး ဖြစ်လာမည့်
GMP MALL နှင့် Office Tower, Hotel များ ပါဝင်သော စီမံကိန်း



- ရန်ကုန်တိုင်းဒေသကြီး ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် ဗိုလ်မင်းရောင်လမ်းကြားတွင် တည်ရှိသည့် စီးပွားရေးအဆောက်အအုံ ( Shopping Mall ,Hotel,Office Tower )များ ပါဝင်သည့် စီမံကိန်းဖြစ်ပါသည်။
- စီမံကိန်း၏ ပထမအဆင့်အဖြစ် တည်ဆောက်မည့် Shopping Mall သည် ဧရိယာ စတုရန်းပေ ( ၉၀၀,၀၀၀ ) ကျော်ရှိသည့် (၈) ထပ် RC အဆောက်အအုံဖြစ်ပြီး မြေအောက်ထပ်တွင် စားသောက်ဆိုင်များ၊ မြေညီထပ်မှ စတုတ္ထထပ်အထိ ဈေးဆိုင်ခန်းများ၊ ပဥ္စမထပ်နှင့် ဆဋ္ဌမထပ်အထိမှာ ရုံးခန်း နှင့် ပစ္စည်းသိုလှောင်ခန်းများ ပါဝင်ပါသည်။ ဆိုင်ခန်းတစ်ခန်းလျှင် ဧရိယာစတုရန်းပေ ( ၂၀၀ ) မှ (၄၀၀) ဝန်းကျင် အကျယ်အဝန်းဖြင့် ဖွဲ့စည်းထားပါသည်။
- Shopping Mall အတွင်း ရောင်းဝယ်ဖောက်ကားသူများ ကျယ်ပြန့်စွာနှင့် လေဝင်လေထွက် ကောင်းမွန်စွာ ရရှိနိုင်ရန် Floor height (၁၉) ပေအမြင့်နှင့် လျှောက်လမ်း ( Corridor) များကို (၁၄ ) ပေ မှ (၁၇) ပေ အကျယ်ထိ ဖွဲ့စည်းထားပြီး Water Cooled Chiller စနစ်သုံး Airconditioning စနစ်များ ၊ နိုင်ငံတကာအဆင့်မီ မီးဘေး ကာကွယ်ရေး နှင့် မီးငြိမ်းသတ်ရေး စနစ်များ ဖြစ်သော Fire sprinkler system, Smoke / Heat detector system, Smoke extracting / Curtain system, Fire Hose reel system, Fireman Lift များအပြင် ပြည့်စုံလုံလောက်သော အရေးပေါ်ထွက်ပေါက်များ ၊ လှေကားများ ၊ ၂၄ နာရီ CCTV နှင့် လုံခြုံရေး စနစ်များ ပါဝင်ပါသည်။
- Shopping Mall တွင် Schindler အမှတ်တံဆိပ် (1.6) တန် ကုန်တင် ဓာတ်လှေကား (၁၀) စင်း ကို ဇုန်(၄) ဇုန် ခွဲ၍ ကုန်တင် ကုန်ချ လွယ်ကူစေရန် စီစဉ်ထားရှိပြီး (၁၅) ယောက်ဆံ့ လူစီးဓာတ်လှေကား (၃) စင်း နှင့် ရွေ့လျားစက်လှေကား ( ၂၀) စင်း ပါဝင်ပါသည်။ ၎င်းအပြင် မော်တော်ယာဉ် အစီးရေ (၆၀၀) ကျော် ရပ်နားနိုင်မည့် ကားပါကင် အဆောက်အအုံ တစ်ခုလည်း ပါဝင်မည်ဖြစ်ပါသည်။
- လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် 25MVA ဓာတ်အားခွဲရုံ တစ်ခု တည်ဆောက်၍ ဓာတ်အားရယူသွားမည်ဖြစ်ပြီး Standby Generator များလည်း တပ်ဆင်ပေးသွားပါမည်။
- အဝတ်အထည်များ၊ အလှကုန်များ ၊ လျှပ်စစ်ပစ္စည်းများ ကို လက်လီ လက္ကား ရောင်းချသွားနိုင်မည်ဖြစ်ပြီး ငွေကြေးလုပ်ငန်းများ လျှင်မြန် လွယ်ကူစေရန်အတွက် ဘဏ်များလည်း ပါရှိမည် ဖြစ်ပါသည်။

စိတ်ပါဝင်စားသူများ ဆက်သွယ်စုံစမ်းနိုင်ပါပြီ

DEVELOPER-
GA MONE PWINT CO.,LTD.
အမှတ် ( ၂၄၅ )၊ ဗားကရာလမ်း ၊ မြေနီကုန်း ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 01- 524 963, 01- 526 928
01- 516 533~6

WELCOME TO THE 15TH CHINA-ASEAN EXPO
CAEXPO
September 12-15, 2018 Nanning, China Country of Honor: Cambodia
Cambodia
Indonesia
Lao PDR
Philippines
Brunei
Myanmar
Malaysia
Vietnam
Thailand
Singapore
China
၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမကြီးစီမံကိန်းမှာ အတူတကွ ပူးပေါင်းပါဝင်ကြရှက်
အာဆီယံ - တရုတ် ဆန်းသစ်တည်ထွင်စည်ပင်သာယာသော လူမှုဝန်းကျင်ကို
ရှေ့ဆက်တည်ဆောက်ကြပါစို့
Jointly Building the 21st Century Maritime Silk Road,
Forging A China-ASEAN Community of Innovation
Contact US
Myanmar Trade Promotion Organization (MYANTRADE)
China-ASEAN Expo Secretariat

ထိပ်တန်း
အိမ်ခြံမြေ / အိမ်ရှာလုပ်ငန်း
မြို့ကြား / နယ်ဝေး
09-254256969
09-971322259

ရောင်ခြည်ထိ
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

နန်းထိုက်အောင်
အိမ်ပြောင်း / အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
09 3128 2593
09 3128 2594
09 3128 2595

SEVEN
အခုဆိုင်ကယ်၊ အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်းနဲ့ မြေကွက်များ
ရောင်းလိုပါသလား ?
အိမ်အရောက်ငွေပေးချေသည်။
"ပွဲခ လုံးဝ မယူပါ"
09-33 333 511
09-33 333 514
09-33 333 644

တက်နေဝန်း
အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

Lucky Brothers
အိမ်၊ ခြံ၊ မြေ – ရောင်းဝယ်ရေး
ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ မြောက်ပိုင်း၊
တောင်ပိုင်း၊ ဆိပ်ကမ်း
မြေကွက်များ
ဈေးမှန်ပေးဝယ်သည်။
Ph:09 5109285, 09 5173511,
09 5044836

ရွှေမဟာ
ဒဂုံမြို့သစ်အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ဆိပ်ကမ်းရှိမြေကွက်များ
ဝယ်လိုသည်။
09-5106146
09-775106146

## ရခိုင်ပြည်နယ်အတွင်းရှိပညာရေးဝန်ကြီးဌာန အဆောက်အဦများတည်ဆောက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု(ငွေလုံး/ငွေရင်း)ခွင့်ပြုရန်ပုံငွေဖြင့် ရခိုင်ပြည်နယ်အတွင်း တက္ကသိုလ်၊ ကောလိပ်၊ စက်မှု/လက်မှုသိပ္ပံ၊ စက်မှု/လက်မှုအထက်တန်းကျောင်းများအတွက် စာသင်ဆောင်များ၊ ဝန်ထမ်းနေအိမ်များ၊ အားကစားရုံများ၊ စားသောက်ဆိုင်များ၊ အလုပ်ရုံများ အသစ်ဆောက်လုပ်ခြင်းအတွက် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) အဆင့်မြင့်ပညာဦးစီးဌာနမှ တက္ကသိုလ်၊ ကောလိပ်အဆောက်အဦ လုပ်ငန်း (၉)ခု

(ခ) နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနလုပ်ငန်း (၁၃)ခု

၂။ တင်ဒါလျှောက်လွှာပုံစံ၊ တင်ဒါတင်သွင်းရန်၊ တင်ဒါဖွင့်လှစ်ရန် နေ့ရက်/နေရာများမှာ-

(က) တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်နေ့ရက်/နေရာ (ရုံးချိန်အတွင်း) — ၁၆-၅-၂၀၁၈ရက်မှ ၁၂-၆-၂၀၁၈ရက်ထိ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ပြည်နယ်အရည်အသွေးစစ်ရေးကော်မတီရုံး


(ခ) တင်ဒါလျှောက်လွှာတင်သွင်းရမည့် နေ့ရက်(အချိန်)/နေရာ (ရုံးချိန်အတွင်း) — ၁၂-၆-၂၀၁၈ရက်မှ ၂၂-၆-၂၀၁၈ ရက်ထိ ညနေ ၁၆:၃၀ နာရီထိ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ပြည်နယ်အရည်အသွေးစစ်ရေးကော်မတီရုံး

၃။ တင်ဒါစည်းမျဉ်း/စည်းကမ်းများနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ်(ရုံးချိန်အတွင်း) အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်-

(က) ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ပြည်နယ်အရည်အသွေးစစ်ရေးကော်မတီရုံး၊ စစ်တွေမြို့

(ခ) ဆက်သွယ်ရန်ဖုန်း-၀၉-၄၅၀၅၄၀၂၈၀၊ ၀၉-၂၅၁၁၃၂၄၁၄၊ ၀၄၃-၂၂၆၆၁

**တင်ဒါလက်ခံရေး/စိစစ်ရေးလုပ်ငန်းကော်မတီ**
**ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ စစ်တွေမြို့**

AIT
Asian Institute of Technology
APPLY NOW!
AUGUST INTAKE (MANDALAY & YANGON)

MPM
Professional Master's Program
Project Management in Construction
ဆက်သွယ်ရန်
ဦးဆောင်မှုဆိုင်ရာ (Program Partner)
09 785 157 276
unetwork2006@gmail.com

မထေမဦးတည့်
ဦးထွန်းဦး+ဒေါ်ဝင်းမာ
TV (ရန်ကုန်)
တားဆောင်း - စတ်ခြင်သင်တန်း
09-421150033, 09-73044311
09-5041550, 09-440051114, 09-77914498
- 09-260111942, 09-420066955
09-440051112, 01-8011402, 01-8011403
09-440051113, 01-2332340
-09-260111947
-09-779144479

ကိုမောင်ဇော် + မနီ (အိမ်ခြံမြေ ရောင်း/ဝယ်ရေး)
ဒဂုံမြို့သစ် (တောင်ပိုင်း၊ ဆိပ်ကမ်း၊ အရှေ့ပိုင်း၊ မြောက်ပိုင်း)
မြေကွက်များ ဝယ်လိုသည်။
အိမ်အရောက်ငွေချေပေးပါသည်။ ပွဲခပေးရန်မလိုပါ။
၀၉၄၀၀၅၀၀၈၀၃၄၊ ၀၉ ၄၅၀၄၅၀၈၀၃၄

အောင်မင်္ဂလာ
အိမ်ပြောင်း/ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09428773300
09428773355

ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ မြောက်ပိုင်း၊
တောင်ပိုင်း၊ ဆိပ်ကမ်း၊
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
Ph:09 404663906
09-763584856

Victoria Hospital
ONE STOP SOLUTION
မလေးရှားနိုင်ငံမှ
နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်း အထူးကုပါမောက္ခဆရာဝန်ကြီးက
၂၀၁၈ ခုနှစ် ၊ မေလတွင် ဆွေးနွေးကုသပေးမည့်အစီအစဉ်
(Cochelar Implant)
မေလ (၂၅) ရက် နေ့တွင် ...
မေလ (၂၁) ရက် ...
ဆက်သွယ်စုံစမ်းရန် | Hunt Line - 01 9666141
Hot Lines - 09 783666 141~144 } Ext - 7065

N-WINNER Co.,Ltd
အိမ်၊ ခြံ၊ မြေ မှ "ရောင်းစည်/ငှားစည်"
Ph:09450073838,09783233356-57,09254418033

| | | | |
|---|---|---|---|
| ၁အင်းယားလမ်း(ကမရ) | (6011sqft) | မြေ | 13000 L |
| ၂ ကျိုက်ကဆံပုရာလမ်း(ရေကျော်) | (0.156ဧက) | 1RC | 6800L |
| ၃ Sony မြို့(တ/ဥ) | (100'x74') | မြေ | 4800L |
| ၄ VIP II | (50'x50')4B | 1RC | 3900 L |
| ၅ သမ္မတလမ်း(တ/ဥ) | (20'x60')2B | 2RC | 1600 L |
| ၆ U-10 (မ/ဒ) | (60'x80') | မြေ | 1200L |
| ၇ Jewel Residence Condo | (1350sqft)1M,2B | | 1750L |
| ၈ Mini Condo (တ/ဥ) | (19'x54')1M | | 1050L |
| ၉ (ဗဟ) | (40'x120')4M,5A/C,F.F | 2RC | $ 2500 |
| ၁၀ (တ/ဥ) | (60'x80')3M,2B,A/C,F.F | 2RC | 25L |
| ၁၁ Condo (ဒဂုံ) | (1500sqft)1M,2B,4A/C,Fural | | 9L |
| ၁၂ (ဒဂုံ) | (1380sqft)2M,1B,2A/C | 3F | 5L |










ရ တ နာ သစ် တော ပြည့် သွေး ကြော သစ် တော ရ တ နာ ထိန်း သိမ်း ပါ

## သီတဂူဓမ္မပြည်ဟိန်းကုသိုလ်ဖြစ်ဆေးရုံ တည်ဆောက်ခြင်းပါဝင်လှူဒါန်းနိုင်

Ashin Khemasirilinkara Account No: 0075010070169030



DADDY

May 25 June 1,8,15

09 448001903, 09 440334848



ကိုကျော်နိုင်
CAR RENTAL

ALPHARD, HIACE

09 25 358 2510
09 515 8803



မင်္ဂလာပါ

Box

09-450042704
09-250095116
09-420096296


## ဗိုလ်လောင်းသင်တန်း၊ အမှတ်စဉ်(၆၅)၊ စည်သူတပ်ခွဲ (၃၅)နှစ်မြောက် (ကျောက်စိမ်းရတု) မိတ်ဆုံစားပွဲ ဖိတ်ကြားခြင်း

ဗိုလ်လောင်းသင်တန်း၊ အမှတ်စဉ်(၆၅)၊ စည်သူတပ်ခွဲ ကျောင်းဆင်းရန်ကုန်ဒေသရှိ သူငယ်ချင်းများ၏ ကျောက်စိမ်းရတုတွေ့ဆုံပွဲအား ၂၆-၅-၂၀၁၈ရက် ၉း၀၀နာရီ စွယ်တော်မြတ်စေတီတော်တွင် တွေ့ဆုံကြပြီး ကျဆုံး/သေဆုံး သူငယ်ချင်းများအား ရည်စူး၍ ကုသိုလ်ကောင်းမှုပြုခြင်း၊ အမှုအတန်းပေးဝေခြင်းများအား ပြုလုပ်မည်ဖြစ်ပါသည်။ ၁၁း၀၀နာရီတွင် ကုန်းမြင့်သာစားသောက်ဆိုင်တွင် နေ့လယ်စာဖြင့် တည်ခင်းကျွေးမွေးမည်ဖြစ်ပါ၍ သူငယ်ချင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ၂၆-၅-၂၀၁၈ ရက် မိတ်ဆုံစားပြီးပါက ၁၆း၀၀နာရီခန့်တွင် နေပြည်တော်သို့ ဆက်လက်ထွက်ခွာမည်ဖြစ်ပြီး ၂၇-၅-၂၀၁၈ ရက် ညနေ ၁၈း၀၀ နာရီတွင် နေပြည်တော် Famous Hotel (ရန်အောင်မြင်ဂေါက်ကွင်း)အနီးတွင် မြန်မာပြည်အထက်ပိုင်းမှ သူငယ်ချင်းများနှင့်တွေ့ဆုံ၍ ကျောက်စိမ်းရတုမိတ်ဆုံစားပွဲ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ နေပြည်တော်တွင် တည်းခိုရေးနှင့် နေထိုင်ရေး အားလုံးစီစဉ်ထားရှိပြီးဖြစ်ပါ၍ သူငယ်ချင်းအားလုံး မပျက်မကွက် တက်ရောက်ပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | | | |
|---|---|---|---|
| **ရန်ကုန်** | | **မန္တလေး** | |
| ရွှေအေး | ဖုန်း-၀၉-၄၂၈၁၃၇၄၇၁ | အေးကျော်မြင့် | ဖုန်း-၀၉-၂၀၀၁၈၇၆ |
| သောင်းအေး | ဖုန်း-၀၉-၈၆၃၁၉၄၈ | **နေပြည်တော်** | |
| အေးဝင်း | ဖုန်း-၀၉-၅၁၄၂၈၅၈ | အေးကြူ | ဖုန်း-၀၉-၂၀၀၀၉၈၆ |
| မြတ်စိုး | ဖုန်း-၀၉-၂၁၃၂၅၈၂ | | |

"မြတ်ဆရာပူဇော်ပွဲ နှင့် ညစာစားပွဲ ဖိတ်ကြားလွှာ"

YTU 1993-1998 Batch Civil ကျောင်းသား/သူဟောင်းများ၏ ပဉ္စမ အကြိမ်မြောက် "မြတ်ဆရာ ပူဇော်ပွဲ နှင့် ညစာစားပွဲ အခမ်းအနား" ကိုကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ချီးမြှင့်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| နေ့ရက် | - ၂၆.၅.၂၀၁၈ (စနေနေ့) |
| ကန်တော့မည့်အချိန် | - ညနေ (၅း၃၀)နာရီ မှ (၆း၃၀)နာရီ |
| ညစာစားပွဲအချိန် | - ညနေ (၆း၃၀)နာရီ မှ (၉း၀၀)နာရီ |
| ကျင်းပမည့်နေရာ | - Park Royal Hotel (Grand Ballroom) |

Thura Naing (09 43139296), Aung Kyaw Tun (09 5599688)

## မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော လူနာများအတွက် အသုံးပြုရန် FDA အသိအမှတ်ပြု ဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံးဆေးများ၊ ဓာတ်မှန်ဖလင်နှင့်ဆေးရည်များ၊ ဆေးရုံသုံးပစ္စည်း (Consumables)များနှင့် အောက်ဆီဂျင်ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံ

| | |
|---|---|
| စတင်ရောင်းချမည့်ရက် | - ၁၄-၅-၂၀၁၈ ရက် |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - ၁၃-၆-၂၀၁၈ရက်၊ ညနေ ၄း၀၀နာရီ |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အခြားသိလိုသည်များရှိပါက ရုံးချိန်အတွင်း ဤဆေးရုံကြီးတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးလုပ်ငန်းကော်မတီ**
**မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး**


SUKUMVIT HOSPITAL

Myanmar Representative Office (Yangon)

2-6-2018
3-6-2018

Novotel Hotel

Dr. Poonsak Artamnuayvipas
Dr. Nivit Kalra

ROTABLATOR



စာအုပ်စင်တိုင်းတွင် ရှိသင့်သည့်စာအုပ်

ကမ္ဘာ့နိုင်ငံ ၁၁၇ နိုင်ငံ၏ စကားပုံများ



## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ဥယျာဉ်မြေ (40'x60') - 85သိန်း
(40'x50') - 70သိန်း (25'x60') - 50သိန်း

ph- 09-252 278 945, 09-799 716 395



ထိပ်တန်း

အခြေခံစက်ပြင်ယာဉ်မောင်းသင်တန်း



City Mart Supermarket

စာသင်နှစ် အသစ် စာရေးကိရိယာတွေ အသစ်

Back to School Specials
17th May ~ 06th June, 2018

KAIYO
Exercise Book
Ks. 2900 /1DZ
* Buy 3 DZ, Get Ball Pen 5's

DOMS
Pencil
(Y1/ X1 10's/ Neon 12's)
Ks.1100 ~ Ks.1200

UNIMAX
Ball Pen
5's
Ks. 1000

PILOT
-White Board Bag/ Set
Ks. 4900

PENCIL CASE
PENCIL BAG
Ks. 3000

BASKET
LUNCH BOX
WATER BOTTLE
Ks.2000 ~ Ks.3000

ZOJIRUSHI
Thermo Lunch Box with Bag
1.5L
ks.53000
47700

LOCK & LOCK
Lunch Box Set
20% Off
Ks.13300 ~ Ks.15300

LOCK & LOCK
Bisfree Sport Handy Water Bottle
(Blue/ Green/ Pink)
500ml
ks.6600
5300

ZEBRA
Food Carrier
10% Off
Ks.9900 ~ Ks.15200

HOSIP
Child Umbrella
ks.2500
2000 /each

School Back Pack
14inch
ks.8500
7500 /each

Child Raincoat
10% Off
Ks.4000 ~ Ks.5000

School Pants
(S/ M/ L/ XL)
ks.4500
4000

School Boy
-Shirt/ Pants
ks.5500
5000

School Child Girl/ Dress
ks.6500
5500

Child School Girl
-Blouse/ Skirt
Ks.4000 ~ Ks.6000

ကြော်ငြာ

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## မကွေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မကွေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနလက်အောက်ရှိ ခရိုင်/မြို့နယ် ကုသရေးဦးစီးဌာနများတွင် မြန်မာနိုင်ငံ FDA အသိအမှတ်ပြု လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လိုင်စင်ရဆေးကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများတင်သွင်းရန်နှင့် တင်ဒါအောင်မြင်သောကုမ္ပဏီများမှ ခရိုင်/မြို့ နယ် ကုသရေးဦးစီးဌာနရှိ ဆေးသိုလှောင်ခန်းများသို့အရောက် တင်သွင်းပေးပို့ရမည်ဖြစ်ပါကြောင်း တင်ဒါခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၂-၅-၂၀၁၈ရက် (အင်္ဂါနေ့)
တင်ဒါပိတ်မည့်ရက် - ၁၉-၆-၂၀၁၈ရက် (အင်္ဂါနေ့)
တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးဝါးစာရင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူးရုံး**
**မကွေးတိုင်းဒေသကြီး**
**ပြည်တော်သာလမ်း၊ မကွေးမြို့**
**ဖုန်း-၀၆၃-၂၃၆၈၅၊ ၀၆၃-၂၅၉၃၈၊ ၀၉-၂၅၆၄၄၉၁၀၄**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ကလေးဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်ကလေးဆေးရုံကြီးတွင် တက်ရောက်ကုသနေသော လူနာများအတွက် ဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးဆေးများနှင့် ဓာတ်မှန်ဖလင်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ စည်းကမ်းအသေးစိတ်နှင့် အချက်အလက်များစာရင်းကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ကလေးဆေးရုံကြီးတွင် လူကိုယ်တိုင်လာရောက်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစတင်ခေါ်ယူမည့်နေ့ရက် - ၁၆-၅-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)
တင်ဒါပိတ်မည့်နေ့ရက် - ၁၅-၆-၂၀၁၈ရက်(သောကြာနေ့)
တင်ဒါပိတ်မည့်အချိန် - ညနေ ၄း၀၀ နာရီ

**ဆေးရုံအုပ်ကြီး**
**ရန်ကုန်ကလေးဆေးရုံကြီး**
**အမှတ်(၂)၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**




ကျော့ရှုရှင်မိဘနစ်ပါးအားဦးထိပ်ထားလျှက် မဟာဝိဇယဘုရားမှ
ဝိဇ္ဇာဓါတ် မဲနေ့သားစွမ်းရည် (အကြားအမြင်) ပါရမီရှင်
ဆရာမကြီးဒေါ်မြင့်မိုရီခင်
စီးပွားရေး လူမှုရေး ပညာရေး ကျန်းမာရေးကိစ္စအဝဝနှင့် အချစ်ရေး အိမ်ထောင်ရေးအထူး(သီးသန့်)ဟောပေးသည်။
နံနက်(၉)နာရီမှ ညနေ(၅)နာရီထိ
ဆိုင်အမှတ်(၁)၊ မဟာဝိဇယဘုရား၊ မြောက်ဘက်မုခ်၊ Ph-09421097827

ရောင်းမည်
STAR CITY CONDO
ZONE-B,2 BED ROOM
Thanlyin(ကြော်ငြာမလိုပါ)
ဖုန်း-၀၉-၅၃၂၂၃၃၈

ဆင်ဖြူတော်
Ph: 09260593388, 09260593399

PH:(09 77 51 450 70)

"ရွှေရည်"
လုပ်သားပေါ် ညှိနှိုင်းဈေးဖြင့် ဝန်ဆောင်မှုပေးသည်။

ပြင်ဆင်ဖတ်ရှုပါရန်

ဈေးသက်သာ အမြန်ရောင်းမည်
ရောင်းမည်။
▸ (ဈေးနှုန်းအလွန်သင့်) ▸ ဈေးနှုန်း–၄၅၀၀ သိန်း
▸ ( ISM-ကျောင်းအနီး) ▸ ဈေးနှုန်း–၄၅၀၀ သိန်း
09-5080073 , 09-422888853, 09-422888852









声 明
Statement
သတိပေးကြေညာချက်

中国一拖仅授权 IME 公司为缅甸唯一经销商，只有 IME 公司所销售 的 YTO 品牌拖拉机为原厂正品，其他任何在外形结构模仿 YTO 或自称 YTO 下属品牌的拖拉机均属假冒伪劣产品。

我司在此提醒缅甸消费者，注意甄别选择，谨防上当受骗。

We, YTO International Ltd. hereby declare that we only grant IME International Co., Ltd. as our sole distributor in Myanmar. Only the YTO brand tractors sold by IME International Co., Ltd. are original YTO products. Any other tractors counterfeiting similar shapes and structures of YTO tractor or self-proclaimed as affiliated brand of YTO are fake and shoddy products.

We hereby remind all consumers in Myanmar to pay attention to selection, and beware of being deceived.

ကျွန်ုပ်တို့ YTO International Ltd. အနေဖြင့် ကျွန်ုပ်တို့၏ တစ်ဦးတည်းသော မြန်မာပြည်အရောင်းကိုယ်စားလှယ်အဖြစ် IME International Co., Ltd. ကို ခန့်အပ်ထားကြောင်း ကြေညာအပ်ပါသည်။ ကျွန်ုပ်တို့ YTO International Ltd. မှ ထုတ်လုပ်ပြီး IME International Co., Ltd. မှ ရောင်းချသော YTO အမှတ်တံဆိပ် ထွန်စက်များသာလျှင် စစ်မှန်သည့် မူရင်း YTO ထုတ်ကုန်များဖြစ်ပါသည်။ YTO ထွန်စက်များနှင့် တည်ဆောက်ပုံစည်းပုံ အသွင်သဏ္ဌာန်များ ဆင်တူယိုးမှား တုပလုပ်ဆောင်ထားသော (သို့မဟုတ်) YTO အမှတ်တံဆိပ်နှင့် အဖွဲ့အစည်းတစ်ခုတည်းဖြစ်သယောင် လိမ်များ ဖော်ပြထားသော အခြားမည်သည့်ထွန်စက်မဆို အတုအပထုတ်ကုန်များနှင့် အရည်အသွေးညံ့ ထုတ်ကုန်များသာ ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ သို့ဖြစ်ပါ၍ YTO ထွန်စက်များကို ဂရုပြုရွေးချယ် ဝယ်ယူကြရန်နှင့် အတုအပသတိပြုကြပါရန် မြန်မာပြည်ရှိ YTO ထွန်စက် ဝယ်ယူသုံးစွဲသူများ အားလုံးကို တိုက်တွန်းနှိုးဆော်အပ်ပါသည်။

一拖国际经济贸易有限公司
YTO International Ltd.
2018. 05.08

Ph:09 977213005, 09 422483005













T.KATE
(Dip in Eng) UFL
English 4 skills
(Special Class)
အိမ်လိုက်သင်သည်။
Ph: 09-977204880

TAXI ပိုင်ရှင်များအတွက်သတင်းကောင်း
လူကြီးမင်းတို့၏ TAXI ကားများကို လုံခြုံစိတ်ချမှုရှိစေရန်အထူးမွမ်းမံ သင်တန်းပေးထားသော ကျွမ်းကျင်ယာဉ်မောင်းများနှင့် အကျိုးတူ ဆောင်ရွက်လိုပါက အမြန်ဆက်သွယ်ပါ။
ဆက်သွယ်ရန် ၀၉-၇၆၅၄၀၀၄၅၀



# တွန်းဇံနှင့် ကျီခါးမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ လှည့်လည်ကြည့်ရှု

**တီးတိန် မေ ၁၈**

ချင်းပြည်နယ် တွန်းဇံမြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ဗိုလ်ချုပ်သန်းထွဋ်နှင့် ဦးစိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ မေ ၁၇ ရက်တွင် တွန်းဇံမြို့နှင့် ကျီခါးမြို့နယ်များအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုသည်။

နံနက်ပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် တွန်းဇံမြို့ သဘာဝဘေးဒဏ်ခံ ဘက်စုံသုံး အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ဒုတိယသမ္မတက သဘာဝဘေးဒဏ်ခံ ဘက်စုံသုံး အဆောက်အအုံများ ဆောက်လုပ်ရာတွင် အဆောက်အအုံပုံစံကို ဒေသနှင့် ကိုက်ညီပြီး ဒေသခံပြည်သူများ

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ✱**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မဏိပူရမြစ်ကူး နတ်ဇန်တံတား ကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ဟိုင်းကြီးကျွန်းတွင် ကမ်းဝေးငါးဖမ်းရေယာဉ် ၈၆ စင်းအနက် ၁၇ စင်း ငါးဖမ်းခွင့်ရရှိမည်

**ဟိုင်းကြီးကျွန်း မေ ၁၈**

မြန်မာ့ပင်လယ်ပြင်တွင် ငါးသယံဇာတ လျော့နည်းလာသည့်အတွက် ငါးလုပ်ငန်းဦးစီးဌာနက Close Season, Close Area များ သတ်မှတ်ပြီး သယံဇာတထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယခုနှစ်မိုးရာသီတွင် ကမ်းဝေးငါးဖမ်းခွင့်ကို ၂၀ ရာခိုင်နှုန်းခွင့်ပြုခဲ့၍ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့တွင် ကမ်းဝေးငါးဖမ်းရေယာဉ် ၈၆ စင်း ရှိသည့်အနက် ၁၇ စင်း ငါးဖမ်းထွက်ခွင့်ရရှိမည်ဖြစ်ကြောင်း မြို့ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ယခင်နှစ်က ကမ်းဝေးငါးဖမ်းခွင့်ကို ၃၀ ရာခိုင်နှုန်း ခွင့်ပြုခဲ့သော်လည်း ယခုနှစ်တွင် ၂၀ ရာခိုင်နှုန်းအထိ လျှော့ချပြီး ငါးဖမ်းဆီးခွင့်ပြုထားကြောင်း၊ ယခင်နှစ်က ငါးဖမ်းထွက်ခွင့်ရရှိသူများအနေဖြင့် သုံးလအပြည့်ထွက်ခွင့်ရရှိခဲ့ပြီး ယခုနှစ်တွင် ရေလုပ်ငန်းရှင်များအချင်းချင်း ညှိနှိုင်း၍ တစ်လလျှင် ၁၇ စင်း ထွက်ပြီး တစ်လပြည့်သည်နှင့် ကမ်းသို့ပြန်ဝင်ကာ နောက်ထပ် ၁၇ စင်း ထပ်မံ၍ ငါးဖမ်းထွက်ပြီး သုံးလအတွင်း တစ်ကြိမ်လျှင် ၁၇ စင်းနှုန်းဖြင့် အဝင်၊ အထွက်ပြုလုပ်ကာ စုစုပေါင်း ၅၁ စင်း ငါးဖမ်းလုပ်ငန်းများ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ကမ်းဝေးငါးဖမ်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ✱**



ဟိုင်းကြီးကျွန်းမြို့ ဒေသခံကမ်းဝေးငါးဖမ်းရေယာဉ်များ ဆိပ်ကမ်း၌ ဆိုက်ကပ်ထားစဉ်။

# လေးနိုင်ငံဖိတ်ခေါ် ပြိုင်ပွဲ

## တောင်ကိုရီးယားနှင့် ထိုင်းအသင်း လာရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် မေ ၁၈**

အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၃ အသင်းအတွက် ရည်ရွယ်ကျင်းပသည့် လေးနိုင်ငံ ယူ-၂၃ ဖိတ်ခေါ်ပြိုင်ပွဲတွင် တောင်ကိုရီးယား ယူ-၁၉ အသင်းနှင့် ထိုင်း ယူ-၂၃ အသင်း လာရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲကို ဩဂုတ်လဆန်းတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး လက်ရှိအချိန်အထိ ပြိုင်ပွဲဝင်ရန် နှစ်သင်း ရထားပြီး တစ်သင်းသာကျန်ရှိတော့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ကျန်တစ်သင်းအတွက် အာရှနှင့် အာဖရိကမှ လူငယ်အသင်းအချို့နှင့် ချိတ်ဆက်လျက်ရှိသည်။ မြန်မာ ယူ-၂၃ အသင်းသည် အာရှအားကစားပြိုင်ပွဲတွင် ၁၉၉၄ ခုနှစ်နောက်ပိုင်း နှစ်ပေါင်း ၂၀ ကျော်အကြာတွင် ပြန်လည်ယှဉ်ပြိုင်မည်ဖြစ်ပြီး ရလဒ်ကောင်းရယူနိုင်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်း နည်းပြချုပ်အဖြစ် မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်သစ် ဂျာမနီနိုင်ငံသား အန်တွမ်နီဟေးအား တာဝန်ပေးအပ်ထားပြီး ဇူလိုင်လလယ်မှစ၍ ပြင်ဆင်မှုများပြုလုပ်မည်ဖြစ်သည်။ အာရှအားကစားပြိုင်ပွဲ၏ အမျိုးသားဘောလုံးပြိုင်ပွဲကို ယူ-၂၃ ပြိုင်ပွဲအဖြစ် သတ်မှတ်ထားပြီး အသက်ကျော်လွန်သည့် ကစားသမားသုံးဦး ထည့်သွင်းအသုံးပြုခွင့်ရရှိမည်ဖြစ်သည်။ လက်ရှိပြိုင်ပွဲဝင်မည့်အနေအထားအရ မြန်မာအသင်းသည် အာဆီယံထိပ်သီး ထိုင်း၊ အာရှထိပ်သီး တောင်ကိုရီးယားအသင်းတို့နှင့် ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ရာ အာရှအားကစားပြိုင်ပွဲမတိုင်မီ ကောင်းမွန်သည့်ပြင်ဆင်မှုတစ်ခုဖြစ်လာမည်ဖြစ်သည်။

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ○**



# ပအိုဝ်းတိုင်းရင်းသားတို့၏ စာပေလှုပ်ရှားမှု




● ခွန်ရောင်လေ (နောင်တရား)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံတစ်ရာကျော်တွင် ပအိုဝ်းတိုင်းရင်းသားများသည် လူမျိုးစုတစ်စုအဖြစ် ပါဝင်နေပါသည်။ ပအိုဝ်းလူမျိုးများသည် မြန်မာနိုင်ငံအတွင်းသို့ အစောပိုင်းကာလ၌ ဝင်ရောက်လာကြသည့် တိဗက်-မြန်မာအုပ်စုအတွင်းတွင် ပါဝင်နေကြောင်းကို ပအိုဝ်းသမိုင်းစာအုပ် စာမျက်နှာ (၂)တွင် လေ့လာတွေ့ရှိရသည်။ ပအိုဝ်းလူမျိုးများသည် ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်ကြပြီး ဘာသာတရားကိုင်းရှိုင်းသောလူမျိုးများ ဖြစ်သည်။

ပအိုဝ်းလူမျိုးများ၏ စာပေသမိုင်းသည် ခေတ်သုံးခေတ်ဖြင့် လေ့လာတွေ့ရှိရပါသည်။ ပထမခေတ်သည် သုဝဏ္ဏဘူမိ သထုံပြည်ခေတ်၊ ဒုတိယခေတ်သည် ညောင်ရွှေမြို့ အင်းလေးမိုင်းပျိုးကျောင်းဆရာတော် ဘဒ္ဒန္တကဝိသာရခေတ်နှင့် တတိယခေတ်ကို တောင်ကြီးမြို့ ထီသိမ်ကျောင်းဆရာတော် ဘဒ္ဒန္တသုနန္ဒခေတ်ဟူ၍ စာပေခေတ် သုံးခေတ်ရှိခဲ့သည်။ ယခုအသုံးပြုနေသော ပအိုဝ်းစာပေကို ထီသိမ်ကျောင်းဆရာတော် ဘဒ္ဒန္တသုနန္ဒသည် မိုင်းပျိုးစာပေမူကိုအခြေခံပြီး စာတစ်လုံးလျှင် အသံတစ်မျိုးတည်းသာ ထွက်စေရန် ပအိုဝ်းစာဖတ်တတ်လျှင် ပါဠိ၊ မြန်မာစာပေများကိုပါ ဖတ်တတ်စေရန်နှင့် ပအိုဝ်းတစ်မျိုးသားလုံး ပစ္စုပ္ပန်၊ အနာဂတ် စည်ပင်ဖွံ့ဖြိုးတိုးတက်စေရန်ဦးတည်၍ ကြိုးပမ်းတီထွင်ခဲ့ပြီး သာသနာတော်သက္ကရာဇ် ၂၄၉၀၊ ကောဇာသက္ကရာဇ် ၁၃၀၉၊ ခရစ်သက္ကရာဇ် ၁၉၄၇ ခုနှစ် (ကဆုန်လပြည့်)တနင်္ဂနွေနေ့တွင် ပြီးစီးအောင်မြင်ခဲ့ပါသည်။

ပအိုဝ်းစာပေကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုစေရန်အတွက် ပအိုဝ်းစာပေပြန့်ပွားရေးဗဟိုသံဃအဖွဲ့၏ ဦးဆောင်မှုဖြင့် ပအိုဝ်းစာပေဆရာဖြစ် ဗဟိုသင်တန်းအမှတ်စဉ် (၁)ကို စတင်သင်ကြားခဲ့ပြီး ယနေ့တိုင် ၃၄ ကြိမ်မြောက်ရှိလာပြီ ဖြစ်ပါသည်။

ပအိုဝ်းတစ်မျိုးသားလုံး လေ့လာသင်ကြားနိုင်ရန် ပအိုဝ်းဘာသာဖြင့် ရေးသားထားသော ပြဋ္ဌာန်းစာအုပ်နှင့် ရေးသားပြုစုတော်မူကြသော ကျမ်းများမှာ-

(၁) ပအိုဝ်းသင်ပုန်းကြီး(သဒ္ဒါ)
(၂) (၃၈)ဖြာမင်္ဂလာတရားတော်
(၃) လောကနီတိနှင့်ဗုဒ္ဓအကြောင်း
(၄) ပါရမီဆယ်ပါး
(၅) ဒုစရိုက်ဆယ်ပါး
(၆) သုစရိုက်ဆယ်ပါး
(၇) ပုညကြိယဝတ္ထု
(၈) ဒုလ္လဘတရားငါးပါး
(၉) မေတ္တာတရား
(၁၀) ဘာသာရေးဗဟုသုတ (အမှတ် ၁၊ ၂၊ ၃)
(၁၁) အင်္ဂုတ္တိုရ်
(၁၂) ဓမ္မပဒဝတ္ထု(အမှတ် ၁၊ ၂၊ ၃၊ ၄၊ ၅)
(၁၃) ဇာတ်ဝတ္ထုငါးရာ့ငါးဆယ်
(၁၄) ထွားဗားတဲင်သေ

စသည်တို့မှာ ဗုဒ္ဓတရားတော်များကို အခြေခံ၍ ပြုစုရေးသားထားသော ပအိုဝ်းစာပေကျမ်းများ ဖြစ်ပါသည်။

အထူးကဏ္ဍ [ ခ ] သို့ »»



## ထားဝယ်တညင်းသီးပေါင်းဟင်းလျာ

အခုလို တညင်းသီးတွေလှိုင်လှိုင်ပေါ်တဲ့ရာသီရောက်တဲ့အခါ ထားဝယ်ဘက်မှာ တာဝန်ကျစဉ်က စားဖူးခဲ့တဲ့ တညင်းသီးပေါင်းဟင်းလျာကို သတိမရဘဲ မနေနိုင်ပါဘူး။ တညင်းသီးကို အမျိုးမျိုး အဖုံဖုံ စားသုံးကြတဲ့အနက် ကြိုက်နှစ်သက်လွန်းသူတွေက အစိမ်းအတိုင်းကိုပင် အနုအရင့်မရွေး ငါးပိရည်နဲ့ အတို့အမြှုပ် လုပ်စားကြပါတယ်။ တညင်းသီးကို ဆားရေစိမ်ကာ တစ်မျိုး၊ မီးအုံးလို့ တစ်သွယ် စားတတ်ကြပေမယ့် အများဆုံးကတော့ ပြုတ်ပြီးစားကြတာပါ။

တချို့ဒေသတွေမှာတော့ တညင်းသီးပြုတ်ကို အပြားထုကာ အုန်းနို့နဲ့တွဲပြီး ချက်စားကြပါတယ်။ အဲဒါကို တညင်းသီးအုန်းနို့ဆမ်းရယ်လို့ ခေါ်ကြတာပါ။ တညင်းသီးရဲ့ တန်ဖိုးက စီးပိုင်တဲ့ဂုဏ်ပေါ်မူတည်ပြီး ထွက်ရှိရာအရပ်ဒေသကို လိုက်ကာ နာမည်ကြီးပါတယ်။ တောင်ငူဘက်ကထွက်တဲ့ သံတောင်ကြီးတညင်းသီး၊ ရခိုင်တညင်း၊ မြစ်ကြီးနားတညင်း အစရှိတာတွေက နာမည်ကျော် တညင်းသီးမျိုးတွေပါ။ ရှေးယခင်အခါများက တွံတေးနယ်ဘက်ကထွက်တဲ့ စာကလေးတညင်းဟာ ဆားရည်စိမ်ရာမှာ နာမည်ကြီးတာမို့ ဘုရင်တွေရဲ့ နန်းတွင်းကိုတောင် အိုးလိုက်ဆက်သရတယ်လို့ အဆိုရှိပါတယ်။

အဲဒါတွေအပြင် တညင်းသီးကို သဲထဲမြှုပ်၊ ရေလောင်းပြီး အညှောင့်ဖောက်စားရတဲ့ တညင်းဝက်ကိုလည်း အကြိုက်များကြပါသေးတယ်။ အများစုကတော့ တညင်းဝက်ကို ဆီနဲ့ကြော်ပြီး အတို့အမြှုပ်လုပ်စားကြပါတယ်။ တညင်းသီးရဲ့

အထူးကဏ္ဍ [ ခ ] သို့ »»





ဓာတ်ပုံ - Ni Tut (HONEY)

အထူးကဏ္ဍ [ က ] မှ »»»

ပအိုဝ်းတိုင်းရင်းသားစာပေများ ပြန့်ပွားရေးအတွက် တက္ကသိုလ်များမှ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ မြို့နယ်ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ ဖွဲ့စည်းထားပြီး ၎င်းအဖွဲ့များကို စုစည်းဖွဲ့စည်းထားသော ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ဗဟို)ဟူ၍ ပြန်လည်ဖွဲ့စည်းထားပါသည်။

ပအိုဝ်းတိုင်းရင်းသားများတွင် ရိုးရာယဉ်ကျေးမှု၊ စာပေ၊ ဝတ်စားဆင်ယင်မှု၊ ဘာသာစကား၊ ပအိုဝ်းရိုးရာတူရိယာ၊ ပအိုဝ်းရိုးရာအကများ ပိုင်ဆိုင်ထားသောလူမျိုးစုဖြစ်ပါသည်။ ထို့ပြင် သူရိယစန္ဒာမင်းသည် ပအိုဝ်းတိုင်းရင်းသားတို့၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးခဲ့သောကြောင့် ကျေးဇူးတရားကို အောက်မေ့ကာ နှစ်စဉ်နှစ်တိုင်း တပေါင်းလပြည့်နေ့ကို ပအိုဝ်းအမျိုးသားနေ့အဖြစ် နှစ်စဉ်မပျက် ကျင်းပလျက်ရှိပါသည်။ ထို့ကြောင့် ပအိုဝ်းတိုင်းရင်းသားတို့သည် သီးခြားလူမျိုးဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားမြို့ နောင်တရားပရိယတ္တိစာသင်တိုက်၌ (၃၄) ကြိမ်မြောက် ပအိုဝ်းစာပေဆရာဖြစ်သင်တန်းကို ပအိုဝ်းစာပေပြန့်ပွားရေးဗဟိုသံဃာအဖွဲ့မှ ကြီးမှူးပြီး မေ ၂ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့သည်။ အဆိုပါ ပအိုဝ်းစာပေဆရာဖြစ်သင်တန်းတွင် တောင်ပေါ်မြေပြန့် ပအိုဝ်းတိုင်းရင်းသားအားလုံး ပါဝင်တက်ရောက်သင်ကြားခဲ့သည်။ သင်တန်းကာလ ရက်သတ္တပတ်ကြာမြင့်သော်လည်း ပအိုဝ်းတိုင်းရင်းသားများကို ဗုဒ္ဓယဉ်ကျေးမှုနှင့်အညီ လိမ္မာရေးခြားရှိအောင် ကထိကဆရာတော်ကြီးများက ဆုံးမဩဝါဒ မိန့်ကြားခြင်း၊ မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိယဉ်ကျေးမှု၊ မိမိစာပေကို ပိုမိုချစ်မြတ်နိုးအောင် လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ သင်တန်းတက်ရောက်ပြီးသော သင်တန်းသားများသည် မိမိရပ်ရွာဒေသအတွင်းရှိ ပအိုဝ်းတိုင်းရင်းသားများကို ပအိုဝ်းစာပေတတ်မြောက်ရေးအတွက် ပြန်လည်ပို့ချပေးလျက်ရှိသည်။

ပအိုဝ်းစာပေ ဆရာဖြစ်သင်တန်း ဖြစ်မြောက်ရေးအတွက် ပအိုဝ်းတိုင်းရင်းသားတစ်ရပ်လုံးက အလှူငွေများထည့်ဝင်လှူဒါန်းပေးခဲ့ကြသည်။ ရပ်ဝေးမှ သင်တန်းသားများအတွက် နေရာထိုင်ခင်းများကိုလည်း အစုံအလင်စီစဉ်ထားရှိကြပါသည်။ သင်တန်းသား ၂၈၀၀၀ ကျော်နှင့် ဧည့်ပရိသတ်များ၏ စားသောက်ရေးအတွက် ရပ်ဝေးရပ်နီး ပအိုဝ်းတိုင်းရင်းသားများက အလှူည့်ကျဧည့်ခံကျွေးမွေးလျက်ရှိသည်။ သင်တန်းသားများသည်လည်း သင်တန်းချိန်တွင် ညီညာစီတန်းပြီး စည်းကမ်းပြည့်ဝကာ စည်းလုံးညီညွတ်စွာဖြင့် လေ့လာသင်ကြားနေသည်ကို လေ့လာတွေ့ရှိရသည်။ ထို့ပြင် သင်တန်းဆင်းပွဲတွင်လည်း ရိုးရာဂီတ၊ ယဉ်ကျေးမှုအကအလှများဖြင့် တင်ဆက်ဖျော်ဖြေပြီး ပွဲတော်တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက မိမိတို့၏ ရိုးရာဝတ်စုံကို ဝတ်ဆင်၍ ပွဲတော်တက်ရောက်လာကြသည်မှာ အားရကျေနပ်ဖွယ် တွေ့မြင်နေရသည်။

ပအိုဝ်းစာပေဆရာဖြစ်သင်တန်း၌ ပအိုဝ်းတိုင်းရင်းသားများ၏ မိမိစာပေချစ်မြတ်နိုးမှု၊ ဘာသာတရားကိုင်းရှိုင်းမှု၊ စည်းလုံးညီညွတ်မှု၊ ရိုးသားမှု၊ စည်းကမ်းရှိမှု၊ သဒ္ဓါတရားထက်သန်မှုနှင့် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်မှုများကို လေ့လာတွေ့မြင်ရမည် ဖြစ်ပါသည်။ ထိုကြောင့် (၃၄) ကြိမ်မြောက် ပအိုဝ်းစာပေဆရာဖြစ်သင်တန်းကို အောင်မြင်စွာကျင်းပနိုင်ခြင်းအတွက် အားရဂုဏ်ယူဝမ်းမြောက်ကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

*ကျမ်းကိုး - ပအိုဝ်းသမိုင်း*



# အာခါအမျိုးသားစာပေနှင့် ယဉ်ကျေးမှုသင်တန်းဆင်းပွဲ ကျိုင်းတုံတွင် ကျင်းပ

**ကျိုင်းတုံ မေ ၁၈**

ကျိုင်းတုံမြို့ အာခါအမျိုးသားစာပေနှင့်ယဉ်ကျေးမှုသင်တန်းဆင်းပွဲကို မေ ၁၆ ရက် ညနေ ၅ နာရီက ကျိုင်းတုံမြို့ ယူနန်ဆိုက်ရှိန် တရုတ်ဘုံကျောင်းခန်းမ၌ ပြုလုပ်သည်။ အခမ်းအနားသို့ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲနိုင်နှင့် ဖိတ်ကြားထားသော ဌာနဆိုင်ရာများ၊ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဆတ်မြို့နယ်များမှ အာခါအမျိုးသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အာခါအမျိုးသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့နာယက ဦးခင်မောင်ထွန်းက အမှာစကားပြောကြားပြီး အာခါအမျိုးသားစာပေနှင့် ယဉ်ကျေးမှုဥက္ကဋ္ဌ ဦးသောင်းကျော်က သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး သင်တန်းသို့ ပံ့ပိုးကူညီသူများ၊ သင်တန်းဆရာများအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်သည်။ ဆက်လက်ပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် သင်တန်းသားသင်တန်းသူများက ယဉ်ကျေးမှုဂုဏ်ပြုသရုပ်ဖော်ပြဇာတ်ဖြင့် ဖျော်ဖြေတင်ဆက်သည်။ အဆိုပါသင်တန်းကို ဧပြီ ၂၈ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဆတ်မြို့များမှ အာခါတိုင်းရင်းသားလူငယ်သင်တန်းသား ၂၂၀ တက်ရောက်ခဲ့သည်။ သင်တန်းဖွင့်လှစ်ရခြင်းမှာ အာခါတိုင်းရင်းသားလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုများ မပျောက်ပျက်စေရန် မျိုးဆက်သစ်လူငယ်များအား လက်ဆင့်ကမ်းသင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း၊ အာခါအမျိုးသားစာပေနှင့် ယဉ်ကျေးမှုဥက္ကဋ္ဌ ဦးသောင်းကျော်က ပြောကြားသည်။

**ပြည်နယ်(ပြန်/ဆက်)**

အထူးကဏ္ဍ [ က ] မှ »»»

ထူးခြားတဲ့ အခြားဂုဏ်တစ်ခုကတော့ အနံ့ပြင်းပြခြင်းပါပဲ။ တညင်းသီးစားခဲ့ပြီးရင် စကားပြောရာမှာဖြစ်စေ၊ အလေးအပေါ့ သွားရာမှာဖြစ်စေ၊ တညင်းသီးအနံ့ စွဲပြီးကျန်နေတတ်ပါတယ်။ တညင်းသီးဟာ တိုင်းရင်းသားလူမျိုးတိုင်းလိုလို ကြိုက်နှစ်သက်ကြတဲ့ မိရိုးဖလာစားစရာသီးနှံတစ်မျိုးဖြစ်ပေမယ့် ယခုအခါမှာတော့ သွေးတက်စာ၊ သွေးတိုးစာဆိုပြီး အတော်များများက စားသုံးဖို့ရှောင်ကြတာကို တွေ့ရပါတယ်။

မိမိအယူအဆကတော့ နွယ်မြက်သစ်ပင်မှန်သမျှ ဆေးဖက်ဝင်သည်ချည်းမို့ သူ့အတိုင်းအတာနဲ့သူ ချင့်ချိန်စားသုံးရင်တော့ အန္တရာယ်မရှိလောက်ဘူးလို့ မှတ်ယူရပါတယ်။ အချို့က တညင်းသီးရဲ့အရသာကို ကြိုက်နှစ်သက်ကြလွန်းလို့ အလုံးငါးဆယ်၊ တစ်ရာ ပြုတ်စားကြတာမျိုးဆိုရင်တော့ "တန်ဆေး လွန်ဘေး"ဆိုဘိသကဲ့သို့ အန္တရာယ်ဖြစ်မှာမလွဲပါဘူး။ တညင်းသီးရဲ့ဂုဏ်ကို ဇီဝိတဆေးကျမ်းမှာ "တညင်းသီးသည် အခိုး အနံ့ပြင်း၊ အဆိမ့်များ၏။ ဝါယောဓာတ်သွားရန်အာကာသရ၍ ပထဝီဓာတ်ကိုဖြစ်စေ၏။ မပူလွန်း မအေးလွန်း၊ မျှတသော တေဇောဓာတ်ရှိ၏" လို့ ဆိုထားပါတယ်။

တညင်းသီးပေါင်းဟင်းလျာ ချက်တော့မယ်ဆိုရင် တညင်းသီးစေ့စေ့ ၁၀ လုံးလောက်ကိုပြုတ်၊ အခွံသင်၊ ရေဆေးပြီး ပြားသွားအောင် အခြမ်းလိုက် ဆုံနဲ့ထောင်းပါမယ်။ ကြက်သွန်ဖြူ ကြက်သွန်နီနဲ့ ပုစွန်ခြောက် သတ်သတ်စီထောင်းပြီးရင် ဒယ်အိုးတည်လို့ရပါပြီ။ ဆီသေပြီး အငွေ့တက်လာရင် ထောင်းပြီးသား ကြက်သွန်အဆာကို ထည့်ပါမယ်။ ကြက်သွန်အဆာ ရွှေရောင်သမ်းလာရင် မျှင်ငါးပိလေး အနည်းငယ်ထည့်ပြီး မွှေပါ။ ကျက်လောက်တဲ့အခါ ထောင်းထားတဲ့တညင်းသီးနဲ့ ပုစွန်ခြောက်၊ ဆားအနည်းငယ်ထည့်လို့ အထက်အောက်နှံ့အောင်မွှေပါ။

ပြီးမှ ရေကလေးမြုပ်ရုံထည့်လို့ အဖုံးအုပ်ကာ ချက်ရပါမယ်။ ဆီဆူသံပေးလာတဲ့အခါ အဖုံးဖွင့်ပြီး ဆီပြန်အောင် နာနာမွှေလိုက်ပါ။ အချို့ကတော့ ဆီပြန်စပြုလာရင် အခိုးသတ်တယ်ဆိုပြီး ငရုတ်သီးစိမ်း လေး၊ ငါးတောင့်ကို အညှာချွေပြီး အုပ်လိုက်ပါတယ်။ ချို၊ ဆိမ့်၊ မွှေးမွှေးအနံ့အရသာနဲ့အတူ စေးပိုင်နေတဲ့ တညင်းသီးပေါင်းဟင်းလျာအဆန်းလေးကို စားဖို့အဆင်သင့်ဖြစ်ပါပြီ။ **စံလွင် (ငါးဦးစီး)**

## ဖိတ်ခေါ်ပါသည်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို **mirrormyosathit@gmail.com** သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]



အထူးကဏ္ဍ [ ဃ ] မှ »»»

ဗုဒ္ဓဘာသာသို့ ကူးပြောင်းခဲ့ကြရာတွင် တစ်ဦးချင်းပြောင်းလဲခြင်းများရှိသကဲ့သို့ ရွာလုံးကျွတ်ပြောင်းလဲခဲ့သည်များလည်း ရှိသည်။ 'ဝ'တိုင်းရင်းသားများသည် ခရစ်ယာန်ဘာသာကို စတင်လက်ခံခဲ့သည်မှာလည်း နှစ်ပေါင်း ၁၀၀ ကျော်ခဲ့ပြီဖြစ်သည်။

## 'ဝ' တိုင်းရင်းသားတို့၏ စာပေနှင့်ဘာသာစကား

မွန်၊ 'ဝ'၊ တအာင်း(ပလောင်)တို့သည် တစ်ချိန်တည်းတွင် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာကြသည့် ရှေ့ပြေးလူမျိုးများဖြစ်ကြသဖြင့် 'ဝ'စကားမှာ မွန်ပြည်နယ်ရှိ မွန်လူမျိုးနှင့်လည်းကောင်း၊ ရှမ်းပြည်နယ်ရှိ တအာင်း(ပလောင်)လူမျိုးတို့နှင့်လည်းကောင်း တူညီကြသည်။ 'ဝ' နှင့် တအာင်း(ပလောင်)စကားမှာ ကွဲပြားမှုသိပ်မရှိလှဘဲ နီးစပ်မှုရှိကြောင်း၊ မွန်နှင့် 'ဝ'တို့မှာမူ လေယူလေသိမ်းချင်း တူညီကြောင်း တွေ့ရှိရသည်။

'ဝ'တိုင်းရင်းသားတို့တွင် ရှေးယခင်က ကိုယ်ပိုင်စာပေများရှိခဲ့ကြပြီး နွားသားရေများ၊ ခေါပုတ်များပေါ်တွင် ရေးသားမှတ်တမ်းတင်လေ့ရှိကြသည်။ 'ဝ'တိုင်းရင်းသားတို့၏ ရှေးဦးစာပေများပျောက်ကွယ်ခဲ့ပြီးသည့်နောက်ပိုင်း နှစ်ပေါင်းကာလအတန်ကြာသည်အထိ ကိုယ်ပိုင်စာပေ ယဉ်ကျေးမှုသမိုင်းမှာ ဆက်လက်တိမ်ကောပျောက်ကွယ်နေခဲ့ပြီး နယ်မြေဒေသနီးစပ်မှုအပေါ် အခြေတည်၍ ရှမ်းစာပေနှင့်အလားတူစာပေများကိုသာ အခါအားလျော်စွာ အလျဉ်းသင့်သလို အသုံးပြုလာခဲ့ကြောင်း သိရှိရသည်။

၁၉၃၀ ပြည့်နှစ်တွင် ဗစ်စင်ရန်းနှင့်ဇနီး ဗီးယာရန်းတို့သည် 'ဝ'တိုင်းရင်းသား ခရစ်ယာန်သာသနာပြုဆရာတော် ဦးယောရှုချင်းနှင့်အတူ လားဟူစာပေကို အခြေခံ၍ 'ဝ' စကားဖြင့်ပေါင်းစပ်ကာ လက်တင်ဘာသာအက္ခရာမှ 'ဝ' ဘာသာအက္ခရာကို ဗျည်း ၂၆ လုံး၊ သရ ၁၃ လုံး၊ စာလုံးပေါင်း ၃၉ လုံးတို့ဖြင့် 'ဝ'စာပေကို စတင်စမ်းသပ်တီထွင်ခဲ့သည်။ 'ဝ'စာပေကို ၁၉၃၀ ပြည့်နှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ နှစ်ပေါင်း ၆၀ ကြာ အထက်ပါ ဗျည်းနှင့်သရ ၃၉ လုံးကို အသုံးပြုလာခဲ့ရာ အသံထွက်လိုအပ်ချက်အရ ဗျည်း ၂၆ လုံးကို (X) နှင့် Q(ဂွ)နှစ်လုံးကို 'ဝ'စာပေအဖွဲ့မှ ထပ်မံဖြည့်ဆည်းခဲ့သဖြင့် ဗျည်း ၂၈ လုံးနှင့် သရ ၁၃ လုံး စုစုပေါင်း ၄၁ လုံးဖြင့် ဆက်လက်အသုံးပြုခဲ့သည်။

## အမည်နာမမှည့်ခေါ်ခြင်း

'ဝ'တိုင်းရင်းသားတို့၏ အမည်မှည့်ခေါ်ပုံစနစ်မှာ အခြားတိုင်းရင်းသားများကဲ့သို့ပင် အမည်ကို ကြီးစဉ်ငယ်လိုက်စီ၍ အမည်ပေးတတ်ကြသည်။ 'ဝ' တိုင်းရင်းသားတို့သည် နာမည်၏ရှေ့စကားလုံးမှာ ကြီးစဉ်ငယ်လိုက်စီ၍ အမည်များဖြစ်ပြီး ကျန်စကားအမည်များမှာ နေ့၊ နံနှင့် ကိုက်ညီသော အမည်စကားလုံးများကိုတွဲ၍ နာမည်ပေးကြသည်။ ကလေးငယ်မွေးဖွားပြီး နှစ်ရက်၊ သုံးရက်(သို့) တစ်လသားအချိန်ထိ ရွာအတွင်းရှိ လူကြီးသူမများ၊ နတ်ဆရာများ၊ ဓမ္မဆရာများ၊ ဘုန်းကြီးများ၊ ကလေးငယ်နှင့် အမျိုးတော်စပ်သော ဦးကြီး၊ ဦးလေး၊ အဒေါ် စသည်တို့က ကလေးငယ်ကို အမည်ပေးလေ့ရှိကြသည်။ မိဘရင်းများသည် မိမိမွေးသောကလေးများကို နာမည်မပေးရကြောင်း သိရှိရသည်။

ကလေးများသောမိဘများသည် ၎င်းတို့၏ ကလေးငယ်များကို ကြီးစဉ်ငယ်လိုက်အမည်များပေးပြီး အစဉ်လိုက်အမည်များကုန်ဆုံးသွားပါက အစမှပြန်၍ပေးနိုင်သည်။ 'ဝ'တိုင်းရင်းသားများသည် သားသမီး လေး၊ ငါးယောက်မွေးဖွားပြီး တစ်ဦးတစ်ယောက်မျှ မသေဆုံးပါက နောက်ထပ်မွေးဖွားသော သားသမီးများကို ၎င်းတို့အိမ်တွင်မထားရဘဲ အမျိုးတော်စပ်သူတစ်ဦးဦးသို့ သွားရောက်ပြီး မွေးစားခွင့်ပေးသည့်သဘော၊ ရောင်းပေးသည့်သဘောဖြင့် အခကြေးငွေအနည်းငယ်ယူကာ ပေးရသည်။ အမည်ပြောင်းခေါ်ဆိုရာတွင် နှစ်ကြိမ်၊ သုံးကြိမ်ထိ ပြုလုပ်ပေးနိုင်သည်။ အမည်ပြောင်းပေးနိုင်သည်။ နာမည်ပြောင်းရခြင်းမှာ ကလေးငယ်အငိုမရပ်၍လည်းကောင်း၊ မကြာခဏနာမကျန်းဖြစ်ခြင်း၊ ချူချာနေ၍လည်းကောင်း စသည်တို့ကြောင့် နာမည်ပြောင်းပေးရသည်။ နာမည်ပြောင်းခေါ်ဆိုရာတွင် အနီးနားပတ်ဝန်းကျင်ရှိ နတ်ဆရာများ၊ လူကြီးမိဘများကို ပင့်ဖိတ်ပြီး နာမည်ပြောင်းလေ့ရှိသည်။

'ဝ'တိုင်းရင်းသားများသည် သားယောကျ်ားများနှင့် သမီးမိန်းကလေးများကို အမည်ပေးရာတွင် နာမည်၏ ရှေ့ဆုံးအမည်ကို သတ်မှတ်ထားသော စည်းမျဉ်းရှိသည်။

'ဝ'တိုင်းရင်းသားအမျိုးသားများ၏ နာမည်ရှေ့တွင်-

(၁) ပထမ အိုက်
(၂) ဒုတိယ ညီ
(၃) တတိယ ဆမ်
(၄) စတုတ္ထ ဆိုင်း
(၅) ပဉ္စမ ငို့
(၆) ဆဋ္ဌမ လုတ်
(၇) သတ္တမ ကျက်
(၈) အဋ္ဌမ ဂျစ်

'ဝ'တိုင်းရင်းသား အမျိုးသမီးများ၏ နာမည်ရှေ့တွင်-

(၁) ပထမ ယေ့
(၂) ဒုတိယ အီ
(၃) တတိယ အမ်း
(၄) စတုတ္ထ အုပ်
(၅) ပဉ္စမ အက်
(၆) ဆဋ္ဌမ အစ်ပ်
(၇) သတ္တမ အူး
(၈) အဋ္ဌမ အွိ

## 'ဝ'ရိုးရာသစ်စည်(Krawg )နှင့် တူရိယာများ

'ဝ'တိုင်းရင်းသားတို့တွင် ရှေးရိုးရာတူရိယာ ၁၀ မျိုးရှိသည်။ ၎င်းတို့မှာ ကရောက်(Krawg )ခေါ် သစ်စည်၊ ပြုန်း( Byaong)ခေါ် ဘူးဝါးပလွေ၊ ပီး(Shiao )ခေါ် ရိုးရိုးပလွေ၊ လော့ကလဲ(Lawkel )ခေါ် ဘေးဘက်မှမှုတ်ရသော ပလွေ၊ ကွန်း( Kawng)ခေါ် အိုးစည်၊ ကလောင်မောင်း ( Klawng Mawng)ခေါ် မောင်း၊ ချမ်း(Chang )ခေါ် လင်းကွင်း၊ တွက်(Teet )ခေါ် ကျွဲချိုနှင့် ရမ်း( Rhaung) ခေါ် လက်ဖြင့်ခတ်၍ ပါးစပ်မှမှုတ်ရသော တူရိယာနှင့် ပီးလှ(Pi Lhax ) သစ်ရွက်မှုတ်တူရိယာတို့ ဖြစ်သည်။

အထက်ပါတူရိယာများအနက် 'ဝ'တိုင်းရင်းသားတို့ အလေးအနက်အထားဆုံးနှင့် ရှေးအကျဆုံးသော တူရိယာမှာ ကရောက်(Krawg)ခေါ် သစ်စည်ဖြစ်သည်။ သစ်စည်ကို ပြုလုပ်နိုင်ရန်အတွက် နတ်ဆရာက ကြက်ဥတစ်လုံးနှင့် အမွေးနုကြက်ပေါက်စကလေးကို လည်လှီးပြီး ကြက်ရိုးဗေဒင်ကြည့်ကာ ရွေးချယ်သတ်မှတ်ပေးသော အပြစ်အနာကင်းသည့် သစ်ယားပင်ကို ခုတ်လှဲရသည်။ သစ်ယားပင်ကိုသာ ပြုလုပ်ရခြင်းဖြစ်သည်။ သစ်ပင်ခုတ်လှဲပြီးပါက ကြက်ဖအနီ၏ သွေးဖြင့်ပက်ဖျန်းပြီး လိုအပ်သလိုဖြတ်တောက်ရသည်။ သစ်စည်ကို ထွင်းချင်သည့်အချိန်တွင် ထွင်းခွင့်မရပါ။ ထွင်းလိုသူတိုင်းလည်း ထွင်းခွင့်မရှိပါ။ ရွာခေါင်းများ၏ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ခွင့်ရှိသည်။ သစ်စည်မှာ ပုံမှန်အားဖြင့် အရှည် ငါးပေ၊ လုံးပတ် သုံးပေရှိသည်။ ကရောက်(သစ်စည်)ကို ရန်သူများ မိမိရပ်ရွာသို့ အန္တရာယ်ပြုရန်လာသည့်အခါတွင် စုပေါင်းခုခံရန် အချက်ပေးခြင်း၊ နတ်ပူဇော်သည့်အခါနှင့် ခေါင်းဖြတ်ရန် အချိန်ကျသည့်အခါတွင်လည်း တီးလေ့ရှိသည်။ ထို့အပြင် အောင်မြင်သည့်အခါများနှင့် နတ်ပူဇော်ပသရန် အခါတော်ပေးသည့်အခါများတွင်လည်း တီးလေ့ရှိကြသည်။ စစ်ရှုံးသည့်အခါမျိုးတွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ဖြည်းညင်းစွာတီးလေ့ရှိသည်။ ဘူးဝါးပလွေနှင့် ရိုးရိုးဝါးပလွေများကို ညလုံးပေါက်ကသည့် မြေဝိုင်းအကများတွင် မှုတ်ခြင်းနှင့် လူပျို၊ အပျိုလှည့်သည့်အချိန်များတွင် အသုံးပြုလေ့ရှိကြသည်။

## 'ဝ'ရိုးရာအထိမ်းအမှတ်ဖြစ်သည့် ကျွဲချိုအမှတ်တံဆိပ်

'ဝ'တိုင်းရင်းသားတို့၏ အထိမ်းအမှတ်မှာ ကျွဲချိုဖြစ်သည်။ အောင်မြင်မှုပွဲလမ်းသဘင်အခမ်းအနားများတွင် ကျွဲကိုသတ်ပြီး ပူဇော်ကြသောကြောင့် ကျွဲချိုကို အထိမ်းအမှတ်အဖြစ် ထားရှိခြင်းဖြစ်သည်။ တစ်ရွာနှင့်တစ်ရွာ ကတိသစ္စာပြုပွဲများတွင် ကျွဲကိုသတ်ပြီးပြုလေ့ရှိသည်။ ကျွဲကိုသတ်သည့်အခါ၌ လည်မလှီးရပေ။ လက်ပြင်မှ လှံဖြင့်နှလုံးသို့ပေါက်အောင် ထိုးသတ်ခြင်းဖြစ်သည်။ ကျွဲအိုကြီးများကိုမသုံးဘဲ အသက်ငါးနှစ်ထက်မကျော်သော ကျွဲပေါက်ကိုသာ အသုံးပြုကြသည်။ နားရွက်အနောက်ဘက် နဖူးအလယ်၊ ကျောကုန်းအလယ်၊ ကုပ်ပိုးနှင့် လည်ပင်းတို့တွင် ဗွေပါရှိသောကျွဲကို ကျွဲကောင်းဟု သတ်မှတ်ကြသည်။ ဦးခေါင်းထိပ်၊ တင်ပါး၊ ဘို့နှင့် ရင်အုပ်တို့တွင် ဗွေပါရှိပါက မကောင်းသောကျွဲဟု သတ်မှတ်ကြသည်။ ဦးချိုမကောင်းသောကျွဲကိုလည်း မမွေးအပ်သော ကျွဲအဖြစ် သတ်မှတ်ကြသည်။ အထိမ်းအမှတ်ပွဲများ၊ အလှူအတန်း မင်္ဂလာဆောင်နှင့် နတ်တင်ရာတွင် အပြစ်အနာအဆာကင်းသော ကျွဲကောင်း၊ ကျွဲပေါက်ဖြစ်ရမည့်အပြင် ဦးချိုမှာလည်း လှပရမည်။ ကောက်ကွေ့ခြင်း၊ လှုပ်နေခြင်းမျိုး မဖြစ်ရပေ။ အချို့ကျွဲများကို တွက်(Teet)ခေါ် ကျွဲချိုမှုတ်တူရိယာအဖြစ် အသုံးပြုတတ်ကြသည်။ အဆိုပါ တွက်ခေါ် ကျွဲချိုမှုတ်သံကို ကျားများက ကြောက်ရွံ့လေ့ရှိသဖြင့် 'ဝ'တိုင်းရင်းသားများက နွားကျောင်းသွားသည့်အခါများတွင် အသုံးပြုမှုတ်လေ့ရှိသည်။ သို့ရာတွင် ၎င်းကျွဲချိုကို နွေဘက်မှသာမှုတ်လေ့ရှိပြီး မိုးတွင်းကာလတွင် အသုံးပြုလေ့မရှိပေ။ ယခုအချိန်အထိ 'ဝ'တိုင်းရင်းသားများသည် ကျွဲချိုအမှတ်တံဆိပ်ကို အိမ်အဝင်အမိုးထိပ်တွင်လည်းကောင်း၊ အိမ်ခေါင်မိုးတွင်လည်းကောင်း၊ ဈေးဆိုင်ခန်းများ၏ ဆိုင်းဘုတ်တွင်လည်းကောင်း၊ 'ဝ'ရိုးရာပြက္ခဒိန်များတွင်လည်းကောင်း၊ 'ဝ'အမျိုးသားအင်္ကျီဝတ်စုံများတွင်လည်းကောင်း၊ အထိမ်းအမှတ်တံဆိပ်အဖြစ် အသုံးပြုကြကြောင်း သိရသည်။

▲▲▲

အထူးကဏ္ဍ [ ဃ ] မှ »»»

ယင်းကျေးရွာတို့မှ လူငယ်လူရွယ်များအတွက် ဘော်ကြိုဘုရားကြီးကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တဒေဝိန္ဒ(ဓမ္မကထိက ဗဟုဇန ဟိတဓရ) MA(သီရိလင်္ကာ)က ဦးဆောင်ကမကထပြု၍ ရပ်ဝေးရပ်နီးမှအလှူရှင်များအကူအညီဖြင့် နှစ်ထပ်အာရ်စီဓမ္မစကူးလ်ကျောင်းဆောင်ကြီးကို ဘော်ကြိုရွာမ၌ တည်ဆောက်ခဲ့သည်။

ယခုနှစ် ဇန်နဝါရီ ၇ ရက်တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ပြီး ဓမ္မစကူးလ်ဆိုင်ရာ သင်တန်းများကို သင်ကြားပို့ချပေးခဲ့သည်။ တနင်္ဂနွေနေ့တိုင်း သင်တန်းပို့ချပေးသော ဘော်ကြိုဓမ္မစကူးလ်သင်တန်းသို့ ဒေသခံတိုင်းရင်းသားများသာမက အခြားဘာသာဝင်များကိုပါ ဗုဒ္ဓဘာသာအကြောင်းကို လွတ်လပ်ပေါ့ပါးစွာ တက်ရောက်လေ့လာသင်ကြားနိုင်ရန် စီမံပေးခဲ့သည်။

ထို့အပြင် နှစ်စဉ် နွေရာသီကျောင်းပိတ်ရက်တိုင်းတွင် ရှမ်းစာပေနှင့် ယဉ်ကျေးမှုသင်တန်းကိုလည်း ဖွင့်လှစ်စေခဲ့ပြီး သင်တန်းနည်းပြဆရာတော်များ၊ နည်းပြဆရာ ဆရာမများနှင့် သင်တန်းသားများအတွက် ကုန်ကျမှုအဝဝကို ဘော်ကြိုဆရာတော်က ကုသိုလ်ယူထောက်ပံ့ပေးတော်မူခဲ့သည်။

ရှမ်းစာပေနှင့် ယဉ်ကျေးမှုသင်တန်းတွင် အခြေခံရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖြာဖြာကို သင်ကြားပို့ချပေးခဲ့သည်။ လူငယ်လူရွယ်များ လမ်းမှားမရောက်စေရေးနှင့် မူးယစ်ဆေးဝါး၏သားကောင်မဖြစ်စေရေးတို့အတွက် ယခုသင်တန်းများက များစွာအထောက်အကူဖြစ်စေခဲ့သည်။ ဘော်ကြိုဆရာတော်ဦးဆောင်မှုဖြင့် လူကြီးမိဘများ၊ ပညာရေးဝန်ထမ်းများ၊ နည်းပြဆရာများနှင့် စာရေးဆရာများကလည်း လိုအပ်သည့်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါနွေရာသီရှမ်းစာပေယဉ်ကျေးမှုသင်တန်းနှင့် ဓမ္မစကူးလ်သင်တန်း နှစ်ရပ်၏ သင်တန်းဆင်းပွဲကို မေ ၆ ရက် နံနက်က ဘော်ကြိုဘုရားကြီးကျောင်းတိုက်တွင် ကျင်းပခဲ့ကြသည်။ အခမ်းအနားသို့ ဘော်ကြိုဆရာတော်နှင့် ဆရာတော်သံဃာတော်များ၊ မြို့နယ်စာရေးဆရာအသင်းနှင့် ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ကျေးရွာလူကြီးများ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။ ရှေးဦးစွာ ဘော်ကြိုဆရာတော်က ငါးပါးသီလချီးမြှင့်၍ ဆုံးမဩဝါဒပေးတော်မူသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာတော်များနှင့် တာဝန်ရှိသူများက သင်တန်းနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြကြသည်။ ထို့နောက် သင်တန်းတွင် ထူးချွန်ဆုရရှိသူ ၂၄ ဦးနှင့် ဆုရရှိသူ ၈၄ ဦးတို့ကို ဘော်ကြိုဆရာတော်နှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်နှင့် ဂုဏ်ပြုဆုပစ္စည်းများ ပေးအပ်ချီးမြှင့်ကြသည်။ ယခုသင်တန်းနှစ်ရပ်သို့ ဘော်ကြိုကျေးရွာအုပ်စုအတွင်းမှ ဒေသခံတိုင်းရင်းသား လူငယ်မောင်မယ် ၁၇၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ နွေရာသီ ရှမ်းစာပေယဉ်ကျေးမှုသင်တန်း နှစ်လခွဲနှင့် ဓမ္မစကူးလ်သင်တန်းကို တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်သည်။ နှစ်စဉ်မပျက်လည်း ယခုလိုသင်တန်းများကို ပိုမိုတိုးမြှင့်ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း ဘော်ကြိုဆရာတော်က မြွက်ကြားတော်မူသည်။

မြန်မာနိုင်ငံတွင် ထင်ရှားကျော်ကြားသော ရှေးဟောင်းသမိုင်းဝင် ဘော်ကြို(မုဋ္ဌော)စေတီတော်မြတ်ကြီးတည်ရှိရာ ဘော်ကြိုကျေးရွာဝန်းကျင်တစ်ဝိုက်မှ ဒေသခံတိုင်းရင်းသားရင်သွေးငယ်များ၏ အနာဂတ်ဘဝမှာ အလင်းရောင်သမ်းလျက်ရှိသည်။ ဘာသာသာသနာနှင့် ယဉ်ကျေးမှု အဆုံးအမများကြောင့် လောကအလှဆင်နိုင်သော နှလုံးသားပိုင်ရှင်များဖြစ်လာကြတော့ပေမည်။ လှပသော ရှမ်းတောင်တန်းများနှင့် ကြည်နူးဖွယ် ရှမ်းအိုးစည်သံများကလည်း ဒေသခံလူငယ်တို့ကို မိုင်ဆွန်ခ(မင်္ဂလာပါ)ဟူ၍ ကြိုဆိုနေဘိအလား ရှိချေတော့သည်။ ။

**သီပေါကိုလတ်**

# ‘ဝ’ တိုင်းရင်းသားတို့အကြောင်း သိကောင်းစရာ

● မိုင်းနော်ရိန်း(လူမှုဘဝ)




### သမိုင်းကြောင်း

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုး ပေါင်းစုံရှိပြီး ထိုတိုင်းရင်းသားပေါင်းစုံတို့ ပြောဆိုကြသော ဘာသာစကားအုပ်စုအလိုက် အစုကြီး နှစ်စုကို တွေ့ရှိရသည်။ ယင်းတို့မှာ ရှေးကျသော တောင်ပိုင်းအစုကြီးဖြစ်သည့် ဩစတြစ်အစုကြီးနှင့် မြောက်ပိုင်းဩစတြစ် တွင် အစုနှစ်စုကွဲနေကြောင်း တွေ့ရှိရသည်။ ၎င်းတို့မှာ ဩစတြိုအေရှအစုခွဲတို့ ဖြစ်ကြ သည်။ ဩစတြိုအေရှအစုခွဲတွင် မွန်၊ တအာင်း (ပလောင်)၊ ယင်းနက်(ရိယန်)၊ ဒနောနှင့် ‘ဝ’ တိုင်းရင်းသားများ ပါဝင်ကြသည်။ တစ်နည်း အားဖြင့် ယင်းလူမျိုးများသည် မွန်-ဗမာစကား ပြောဆိုသည့် ဩစတြိုအေရှအနွယ်ဝင်များ ဖြစ်ကြသည်။

‘ဝ’ လူမျိုးတို့သည် အရှေ့အာရှအလယ် ပိုင်း မွန်ဂိုကုန်းမြင့်တွင် စတင်နေထိုင်ခဲ့ကြ သည်။ ရေကြည်ရာ မြက်နုရာ ရှာဖွေရွှေ့ပြောင်း ခဲ့ရာမှ တရုတ်နိုင်ငံတောင်ပိုင်း ယန်စီမြစ်ဝှမ်း သို့ ရောက်ရှိနေထိုင်ခဲ့ကြသည်။ ကာလအတန် ကြာသောအခါ အလုံးအရင်းဖြင့် စီးဆင်း ဝင်ရောက်လာကြပြန်သည်။ မွန်-ခမာမျိုးနွယ် တို့သည်လည်း အနောက်ဘက်နှင့် အနောက် တောင်အရပ်သို့ တဖြည်းဖြည်း ရွှေ့ပြောင်း ဆင်းသက်လာကြကာ မြန်မာ၊ လော၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် အိန္ဒိယနိုင်ငံများသို့ ပျံ့နှံ့ ရောက်ရှိလာခဲ့ကြသည်။ အရှေ့တောင်အာရှ တွင် မြန်မာနိုင်ငံအတွင်းသို့ ရှေးအကျဆုံး ဝင်ရောက်လာကြသော မွန်-ခမာ အစုကြီးတွင် ‘ဝ’မျိုးနွယ်တို့ ပါဝင်ကြသည်။

မြန်မာနိုင်ငံအတွင်းသို့ ဆင်းသက်လာကြ သော မွန်-ခမာအုပ်စုထဲမှ မွန်၊ တအာင်း (ပလောင်)၊ ‘ဝ’တို့သည် ဧရာဝတီ၊ စစ်တောင်း မြစ်ဝ၊ သံလွင်မြစ်ဝကျွန်းပေါ်ဒေသများသို့ ရောက်ရှိခဲ့ကြသည်။ ထိုဒေသတွင် မွန်- ခမာတို့ထက် ဦးစွာရောက်ရှိနေထိုင်ခဲ့သော နီဂရစ်တိုအနွယ်ဝင် ဆလုံလူမျိုးတို့ထံမှ မတူညီ သည့် ယဉ်ကျေးမှုကို ဆက်ခံရယူနိုင်ခဲ့သည်။ ထိုသို့ဖြင့် ရေကြောင်းပညာရပ်များနှင့် စိုက်ပျိုးရေးပညာရပ်များကိုလည်း ထပ်မံရရှိ ခဲ့ကြသည်ဟု ခန့်မှန်းကြသည်။ မွန်-ခမာ အုပ်စုတို့သည် နီဂရစ်တိုတို့ကို တောင်ဘက်သို့ ဖယ်ရှားမောင်းထုတ်ပြီး ထိုဒေသတွင် အခြေ ပြု၍ နေထိုင်ခဲ့ကြသည်။

‘ဝ’တိုင်းရင်းသားများသည် မြန်မာနိုင်ငံ နှင့် တရုတ်နိုင်ငံ နှစ်နိုင်ငံနယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော တောင်တန်းဒေသများ တွင် အခြေစိုက်နေထိုင်ကြသည်။ သံလွင်မြစ် အရှေ့ဘက်ကမ်းမှ ယူနန်နယ်စပ်ကြားဒေသ သည် ‘ဝ’တိုင်းရင်းသားများ ပျံ့နှံ့နေထိုင်ကြ သော ဒေသဖြစ်သည်။ ‘ဝ’ဒေသတွင် မြေပြန့် လွင်ပြင်မှာ မရှိသလောက်နည်းပါးပြီး တောင်ကုန်းတောင်တန်းများ၊ လျှိုမြောင်များ ထူထပ်သောဒေသဖြစ်သည်။ ‘ဝ’ဒေသတွင် မြောက်မှတောင်သို့ ဖြတ်၍စီးဆင်းသော အထင်ရှားဆုံးမြစ်မှာ သံလွင်မြစ်ပင်ဖြစ်သည်။

> **‘ဝ’တိုင်းရင်းသားများသည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ နှစ်နိုင်ငံနယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော တောင်တန်းဒေသများတွင် အခြေစိုက်နေထိုင်ကြသည်။ သံလွင်မြစ်အရှေ့ဘက်ကမ်းမှ ယူနန်နယ်စပ်ကြားဒေသသည် ‘ဝ’တိုင်းရင်းသား များ ပျံ့နှံ့နေထိုင်ကြသော ဒေသဖြစ်သည်။ ‘ဝ’ဒေသတွင် မြေပြန့်လွင်ပြင်မှာ မရှိသလောက်နည်းပါးပြီး တောင်ကုန်းတောင်တန်းများ၊ လျှိုမြောင်များထူထပ် သော ဒေသဖြစ်သည်။ ‘ဝ’ဒေသတွင် မြောက်မှတောင်သို့ ဖြတ်၍စီးဆင်းသော အထင်ရှားဆုံးမြစ်မှာ သံလွင်မြစ်ပင်ဖြစ်သည်။**

### ‘ဝ’တိုင်းရင်းသားတို့၏ ယုံကြည်ကိုးကွယ်မှု

‘ဝ’ တိုင်းရင်းသားတို့၏ ပထမဆုံးကိုးကွယ် ယုံကြည်မှုသည် နတ်ကိုးကွယ်ခြင်းမှ စတင်ခဲ့ ခြင်းဖြစ်သည်။ အချို့သော ဘာသာမဲ့လည်း ရှိကြသည်။ ‘ဝ’တိုင်းရင်းသားများသည် ရှေးယခင်က တောစောင့်နတ်၊ တောင်စောင့် နတ်၊ မြစ်ချောင်းအင်းအိုင်စောင့်နတ်များကို ပူဇော်ပသခဲ့ကြသည်။ ညောင်ပင်ကြီးများတွင် နတ်ရှိသည်ဟူသောအစွဲဖြင့် ညောင်ပင်၌ နတ်တင်သော အလေ့အထရှိခဲ့ကြသည်။ စပါး သီးနှံများအောင်မြင်စေရန်အတွက် လူခေါင်း ကိုဖြတ်၍ နတ်ပူဇော်သော အလေ့အထရှိခဲ့ သည်။

‘ဝ’ဒေသတွင်ရှိသော ဘာသာတစ်ခုမှာ လီဆိုင်းမတ်( Li Sai Mak )နတ်ဗုဒ္ဓဘာသာ ဖြစ်သည်။ ထိုဘာသာဝင်များသည် နောင် ပွင့်လာမည့် အရိမေတ္တေယျဘုရားအား စောင့် မျှော်နေကြောင်း ယုံကြည်ကြသည်။ ထိုဘာသာ ကို ရှင်သန်ကြီးထွားစေရန်အတွက် Tax Cao Tie က ဦးဆောင်ခဲ့သည်။ ဗုဒ္ဓသာသာသည် လည်း ‘ဝ’ဒေသတွင် ထွန်းကားလျက်ရှိသည် မှာ နှစ်ပေါင်း ၁၀၀ ကျော်ရှိခဲ့သည်။ ယခင်က ဗုဒ္ဓဘာသာ ပြန့်ပွားထွန်းကားရန်အတွက် Tax Cao Myiex ကျောက်ဘုရားထန်းက ဆက်လက်ဦးဆောင်ကြိုးပမ်းခဲ့သည်။ မြန်မာ နိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံတော် အစိုးရသည် တောင်တန်းသာသနာပြုဌာနမှ ‘ဝ’နယ်အား အထူးခရိုင်အဖြစ်သတ်မှတ်၍ ‘ဝ’နယ်မြောက်ပိုင်းရှိ တပ်ထိန်း၊ မန်ဆိုင်၊ ကောင်းကြည်၊ မိုင်းမောနှင့် ဝါးခ ခြောက်ဌာန သို့ သာသနာပြုဘုန်းကြီးများကို စေလွှတ်ခဲ့ သည်။ ‘ဝ’တိုင်းရင်းသားတို့သည် နတ်ကိုးကွယ် ရာမှ အထူးကဏ္ဍ [ ၈ ] သို့ »»



## မိုင်းဆွန်ခ (မင်္ဂလာပါ ခင်ဗျ/ရှင့်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့၏အနောက်ဘက် ငါးမိုင်အကွာ မန္တလေး-လားရှိုး- မူဆယ် ကားလမ်းမကြီးပေါ်တွင်တည်ရှိသော ဘော်ကြိုကျေးရွာအုပ်စုမှ ရှမ်းလူငယ် မောင်မယ် လေးများ၏ လက်အုပ်ချီနှုတ်ခွန်းဆက်ကြိုဆိုသံဖြစ်သည်။

ဘော်ကြိုကျေးရွာသည် ရှေးဟောင်းသမိုင်းဝင် ဘော်ကြို(မုဋ္ဌော)စေတီတော်မြတ်ကြီး တည်ရှိ၍ ပိုမိုလူသိထင်ရှားခဲ့သည်။ အဆိုပါဘော်ကြို(မုဋ္ဌော)စေတီတော်မြတ်ကြီး၏ မြောက် ဘက်၌ မန္တလေး-လားရှိုးမီးရထားလမ်းရှိသည်။ ထိုမှတစ်ဆင့် သဘာဝဆားများထွက်ရှိရာ ဆားတွင်းရွာနှင့် ဟိုမော်၊ ပန်ကျီရွာတို့ ရှိကြသည်။ ယင်းရွာတို့ကိုကျော်လွန်သွားလျှင် လက်ဖက်ခင်း၊ လက်ဖက်ခြံတို့ရှိရာ တောင်စဉ်တောင်တန်းများက အစီအရီပင်။

ဘော်ကြိုစေတီတော်မြတ်ကြီး၏ တောင်ဘက်မှာကား ပြည်ထောင်စုကားလမ်းကြီး တည်ရှိပြီး မော်တော်ယာဉ်မျိုးစုံက နေ့ညမပြတ် အစုန်အဆန်သွားလာနေကြသည်။ အဆိုပါ ကားလမ်း၏တောင်ဘက် မနီးမဝေးတွင် မြေပြန့်ဒေသဆီသို့စီးဆင်းနေသော ဒုဋ္ဌဝတီမြစ်ရှိ သည်။

ထိုသို့သောနေရာ၌တည်ရှိသော ဘော်ကြိုကျေးရွာမှာ ဘော်ကြို၊ ဆားတွင်း၊ ဟိုမော်၊ ပန်ကျီ၊ မူးလေး၊ နားခဲနှင့် လွယ်ခွန်ကျေးရွာတို့ဖြင့် ဆက်စပ်ထားသည်။ အထူးကဏ္ဍ [ ၈ ] သို့ »»

